# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ နတ်တော်လဆန်း (၈) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (30-11-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၁၄)


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ

## ရုရှားတပ်မတော် စစ်ဦးစီးချုပ်ရုံးအကြီးအကဲနှင့် ပထမ ဒုတိယ ကြည်းတပ်ဦးစီးချုပ် Colonel-General Kim Alexey Rostislavovich က လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားတပ်မတော် စစ်ဦးစီးချုပ်ရုံးအကြီးအကဲနှင့် ပထမ ဒုတိယ ကြည်းတပ်ဦးစီးချုပ် Colonel - General Kim Alexey Rostislavovich က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားတပ်မတော်စစ်ဦးစီးချုပ်ရုံးအကြီးအကဲနှင့် ပထမ ဒုတိယ ကြည်းတပ်ဦးစီးချုပ် **Colonel - General Kim Alexey Rostislavovich** က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်းနှင့် တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး ရုရှားတပ်မတော် စစ်ဦးစီးချုပ်ရုံးအကြီးအကဲနှင့်

**စာမျက်နှာ ၁၆ ကော်လံ ၄ သို့**




ရတနာပုံ
၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၀ ရက်
အယ်ဒီတာ့အာဘော်

# တိုင်းရင်းသားအကျိုးရှေးရှု ငြိမ်းချမ်းရေးဖော်ဆောင်

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်နေထိုင်ကြပြီး မတူကွဲပြားသော ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာ၊ ဓလေ့ထုံးတမ်းများ ကွဲပြားကြသော်လည်း တစ်အူထုံ့ဆင်း မောင်ရင်းနှမပမာ သွေးစည်းချစ်ခင်စွာ နေထိုင်ခဲ့ကြသည်မှာ ရှေးပဝေသဏီကတည်းကပင်ဖြစ်သည်။ ထိုသို့ အတူတကွနေထိုင်နိုင်ရခြင်းမှာ တစ်ဦးအကျိုးကို တစ်ဦးကလိုလားသည့် ရှေးရှုမေတ္တာကြောင့်သာဖြစ်လေသည်။

မိမိတို့နိုင်ငံသည် အင်္ဂလိပ်နယ်ချဲ့တို့၏ သွေးကျွန်ဘဝလက်အောက်တွင် နှစ်ပေါင်းကြာရှည်နေထိုင်ခဲ့ရသည်။ သို့သော် ကိုယ့်အရှင် ကိုယ့်သခင်ဖြင့် ကိုယ့်မင်းကိုယ့်ချင်းသာနေထိုင်လိုသော တိုင်းရင်းသားညီအစ်ကို မောင်နှမတို့၏ မျိုးချစ်စိတ်ဓာတ်ကြောင့် လွတ်လပ်ရေးကို ရရှိခဲ့သည်။ အင်္ဂလိပ်နယ်ချဲ့တို့သည် မတတ်သာ၍ လွတ်လပ်ရေးပေးလိုက်ရသော်လည်း ၎င်းတို့၏အုပ်ချုပ်မှုအောက်တွင် ဓနသဟာယနိုင်ငံအဖြစ် ထားရှိလိုခဲ့ကြသည်။ သို့သော် ပြည်သူတို့အမှန်တကယ်လိုလားသည်မှာ လုံးဝလွတ်လပ်ရေးသာဖြစ်သည်။ ထို့ကြောင့် လွတ်လပ်ရေးကိုအမှန်တကယ် ပေးအပ်ရချိန်တွင်မူ မစားရသည့်အမဲ သဲနှင့်ပက်ဆိုသကဲ့သို့ တိုင်းပြည်အစိတ်စိတ်အမြွှာမြွှာပြိုကွဲစေရန် နည်းလမ်းအမျိုးမျိုးဖြင့် သွေးခွဲသပ်လျှိုမှုပြုလုပ်ခဲ့သည်။

နယ်ချဲ့တို့၏သွေးခွဲသပ်လျှိုမှုကြောင့် လွတ်လပ်ရေးရရှိပြီးနောက် နှစ်ပေါင်း ၇၀ ကျော်ကြာကာလ ယနေ့ထိတိုင် လွတ်လပ်ရေး၏အရသာကို အပြည့်အဝမခံစားရနိုင်သေးပေ။ လွတ်လပ်ရေးရပြီးစနိုင်ငံတော်အတွက် နိုင်ငံတော်တည်ဆောက်ရေး၊ တိုင်းပြည်တည်ဆောက်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည်ဖြင့် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရမည့်အချိန်တွင် အမြင်မတူ၊ သဘောထား ကွဲလွဲမှုများဖြင့်သာ ကြုံတွေ့လာရသည်။ ဆိုးကျိုးအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပေါ်ထွက်လာပြီး မငြိမ်းချမ်းသောနေ့ရက်များကိုသာ ပြည်သူများ တွေ့ကြုံခံစားနေကြရသည်။

လွတ်လပ်ရေးရပြီးချိန်မှ မျက်မှောက်ကာလထိ မငြိမ်းချမ်းခြင်းကြောင့် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုများနောင့်နှေးကြရသည်။ အထူးသဖြင့် ပညာသင်ယူခွင့်အပြည့်အဝမရရှိမှုကြောင့် အဖိုးတန် လူ့စွမ်းအားအရင်းအမြစ်များဆုံးရှုံးရသည်။ ဆုံးရှုံးကြရသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြည့်ဆည်းနိုင်ရန် အေးချမ်းစွာပညာသင်ယူနိုင်ရေးနှင့်ဒေသဖွံ့ဖြိုးရေးအတွက် မဖြစ်မနေလိုအပ်ချက်မှာ ထာဝရငြိမ်းချမ်းရေးပန်းခင်း တည်ဆောက်နိုင်ရန်ဖြစ်သည်။

ထာဝရငြိမ်းချမ်းရေးပန်းခင်းတည်ဆောက်ရန် အစိုးရတစ်ရပ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်တည်းဖြင့် ဖော်ဆောင်၍မရပေ။ ပြည့်အင်အားသည် ပြည်တွင်း၌သာရှိသည်ဆိုသည့်အတိုင်း ပြည်သူတို့၏ညီညွတ်မှုအားဖြင့် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဘုံအကျိုးစီးပွားကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားညီအစ်ကို မောင်နှမများပူးပေါင်းပါဝင်ကာ တိုင်းရင်းသားတို့၏အကျိုးစီးပွား၊ အမျိုးသားအကျိုးစီးပွားကို ရှေးရှုလိုလားသောဆန္ဒမွန်ဖြင့် လက်တွဲညီညာဆောင်ရွက်ပါက ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားအပ်ပေသည်။

# ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်နှင့် အခြားမြို့များသို့ ဘီလပ်မြေတင်ပို့သည့်သင်္ဘော များပြားလာ



**မန္တလေး နိုဝင်ဘာ ၂၉**

မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်နှင့် အခြားမြို့များသို့ ဘီလပ်မြေတင်ပို့သည့် သင်္ဘောများပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ယခုအခါ မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်နှင့် အခြားမြို့များသို့ တင်ပို့မည့်ကုန်စည်ရရှိမှု ယခင်ကထက် ပိုမိုများပြားလျက်ရှိကြောင်း၊ ထို့ကြောင့် ယခုလတ်တလော ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်၊ ကသာ၊ ထီးချိုင့် စသည့်မြို့များသို့ ဘီလပ်မြေတင်ပို့သည့် သင်္ဘောများ များပြားလာကြောင်း သိရသည်။

"အခုလတ်တလော ရေဝတီမြစ်ရေနည်းချိန် ကာလဖြစ်ပြီး သောင်ထွန်းနေတာတွေရှိပေမဲ့လဲ မြစ်ကြောင်းအတွင်း သွားလာတဲ့အခါ ခက်ခက်ခဲခဲသွားလာရတဲ့ နေရာမျိုး မရှိသေးပါဘူး။ လတ်တလောတော့ ရွှေကြက်ယက်ဆိပ်ကမ်းကနေ ရန်ကုန်နဲ့ အခြားမြို့တွေကို တင်ပို့တဲ့ ဘီလပ်မြေတင်သင်္ဘောတွေကတော့ ပြန်ပြီးများလာတယ်" ဟု ဦးဝင်းမောင်က ပြောပြသည်။

ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းနှင့် အခြားမြို့များသို့ ဘီလပ်မြေတင်ပို့သည့်သင်္ဘောမှာ နိုဝင်ဘာလ ဒုတိယပတ်က တစ်ရက်လျှင် အစီးရေ ၆၀ ကျော်သာရှိခဲ့သော်လည်း နိုဝင်ဘာလနောက်ဆုံးပတ်တွင် ကုန်စည်ရရှိမှု များပြားလာခြင်းကြောင့် ဘီလပ်မြေတင်ပို့သည့် သင်္ဘောမှာ တစ်ရက်လျှင် အစီးရေ ၁၁၀ ကျော်ထိ ရှိလာကြောင်း သိရသည်။

အလားတူ မန္တလေးဆိပ်ကမ်းမှ ခရီးသည်အပြင် ကုန်စည်များဖြစ်သည့် ဆန်၊ ကြက်သွန်၊ ဆီ၊ ဆား၊ ငရုတ် စသည့်ကုန်စည်အမျိုးမျိုးကို သပိတ်ကျင်း၊ ရွှေကူ၊ ကသာ၊ ထီးချိုင့်၊ ဗန်းမော်၊ မြစ်ကြီးနား စသည့်မြို့များသို့လည်း ရှပ်ပြေးအမြန်ရေယာဉ်အစီးရေ ၃၀၀ ကျော်ဖြင့် ပို့ဆောင်ပေးလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။

(၁၈၄)

# မန္တလေးဈေးကွက်အတွင်း ပြောင်းဖူး(ဗမာ)များ အရောင်းအဝယ်ကောင်းလာပြီး ဈေးကောင်းရရှိနေ

**မန္တလေး နိုဝင်ဘာ ၂၉**

မန္တလေး ဈေးကွက်အတွင်း ပြောင်းဖူး(ဗမာ)များ အရောင်းအဝယ်ကောင်းလာပြီး ဈေးကောင်းရရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခု ပွင့်လင်းရာသီကာလတွင် ပြောင်းဖူး(ဗမာ)များ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လာကြောင်း၊ ထိုသို့ ဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လာပြီး ဝယ်ယူမှုများပြားလာခြင်းကြောင့် ပြောင်းဖူး(ဗမာ)များ ယခင်ထက် ဈေးကောင်းရရှိလာကြောင်း သိရသည်။

"ပြည်တွင်းဈေးကွက်အတွင်း မန္တလေး၊ ရန်ကုန်နဲ့ တောင်ကြီး၊ မုံရွာ စတဲ့မြို့တွေမှာ ပြောင်းဖူး(ဗမာ)တွေ အခုလတ်တလော ကုန်သည်တွေက ဝယ်ယူမှုပြန်များတယ်။ ဒါကြောင့် မန္တလေးဈေးကွက်အတွင်းမှာ ပြောင်းဖူး(ဗမာ) ဈေးကောင်းပြန်ပြီးရရှိလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း နိုဝင်ဘာလ ဒုတိယပတ်အတွင်းက ပြောင်းဖူး(ဗမာ)ဈေးနှုန်းမှာ ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၅၅၀၀၀ သာရှိခဲ့သော်လည်း ယနေ့တွင် ပြောင်းဖူး(ဗမာ) ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၅၉၀၀၀ ထိ ပေါက်ဈေးရှိပြီး ဈေးကောင်း ရရှိလာကြောင်း သိရသည်။

အလားတူ မန္တလေးဈေးကွက်အတွင်း ပြောင်းဖူး (CP) ဈေးနှုန်းမှာ ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀၊ ပြောင်းဖူး(ရှမ်း) ၅၄ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၅၆၀၀၀ ထိပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

(၁၈၄)

# အာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်များအတွက် ငွေကျပ်သိန်း ၁၂၀၀ ကျော် ခွင့်ပြုထုတ်ပေးထားပြီးဖြစ်

**မန္တလေး နိုဝင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် လူမှုဖူလုံရေးရုံးက အာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်များအတွက် ငွေကျပ်သိန်း ၁၂၀၀ ကျော် ခွင့်ပြုထုတ်ပေးထားပြီးဖြစ်ကြောင်း အဆိုပါ လူမှုဖူလုံရေးရုံးမှ သိရသည်။

လူမှုဖူလုံရေးအာမခံများအတွက် အကျိုးခံစားခွင့်ရှိသည့် ဧပြီလမှ နိုဝင်ဘာ ၂၈ ရက်ထိ အလုပ်သမားအမှုတွဲပေါင်း ၁၀၄၁ မှုရှိပြီး အများစုမှာ မမာမကျန်းမှုများနှင့် အမျိုးသမီး မီးဖွားမှုများအတွက် အများဆုံး တောင်းခံကြကြောင်း၊ ၎င်းအကျိုးခံစားခွင့်များရှိသည့် အမှုတွဲများအတွက် ငွေကျပ်သိန်း ၁၂၀၀ ကျော်ကို ခွင့်ပြုထုတ်ပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် လူမှုဖူလုံရေးရုံးမှ ဦးစီးအရာရှိ ဒေါ်မိုးမိုးသွယ်က ပြောပြသည်။

"မမာမကျန်းတာတွေ၊ မီးဖွားတာတွေ၊ အလုပ်ခွင်ထိခိုက်ဒဏ်ရာရတာတွေ၊ သေဆုံးတာတွေဖြစ်တဲ့အခါမှာ အာမခံအလုပ်သမားတွေကို ရုံးကနေ ဆေးကုပေးမယ်၊ ငွေကြေးအကျိုးခံစားခွင့်တွေ ပေးမယ်ဆိုပြီး ထည့်ဝင်ကြေးတွေကောက်ခံထားတာဖြစ်တယ်။ သူတို့တွေ ကြုံတွေ့လာတဲ့အခါမှာ အချိန်နဲ့တစ်ပြေးညီ မှန်မှန်ကန်ကန်ပေးပါတယ်။ သူတို့ဖော်ပြထားတဲ့ လစာအတိုင်း အကျိုးခံစားခွင့်တွေကို သတ်မှတ်ထားတဲ့ ရာခိုင်နှုန်းတွေအတိုင်း သူတို့လာတောင်းခံတာနဲ့ အနည်းဆုံး တစ်လအတွင်းမှာ မှန်မှန်ကန်ကန် ခွင့်ပြုထုတ်ပေးနိုင်အောင် ဆောင်ရွက်ပေးနေတာပါ။ နာမကျန်းဖြစ်ရင် ဆေးဝါးကုသပေးမယ်၊ ဆေးခွင့်ယူနေတဲ့ကာလအတွင်းမှာ လုပ်ခလစာလျော့နည်းသွားတာကို အာမခံထားတဲ့အတိုင်း ပြန်လည်ဖြည့်ဆည်းပေးတာပါ။ ဌာနကနေပြီးတော့ မိသားစု စားဝတ်နေရေးအတွက် အလုပ်လုပ်ကိုင်နေကြတဲ့ အလုပ်သမားတွေကို တစ်ဖက်တစ်လမ်းက အကျိုးခံစားခွင့်ရရှိဖို့ ကူညီဆောင်ရွက်ပေးနေတာပါ"ဟု ဦးစီးအရာရှိ ဒေါ်မိုးမိုးသွယ်က ပြောပြသည်။

အလုပ်ဌာနများအနေဖြင့် လူမှုဖူလုံရေးအဖွဲ့နှင့် အကျိုးဝင်မှတ်ပုံတင်ထားပြီး အလုပ်သမားများကို အာမခံထားပေးခြင်းအားဖြင့် အလုပ်သမားများ၏ မကျန်းမာမှု၊ မီးဖွားမှု၊ ဖခင်ဘဝဖြစ်မှု၊ နာရေးစရိတ်၊ ဆေးဖိုး၊ ခရီးစရိတ်များအပြင် လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရရှိမှုကြောင့် ဖြစ်ပွားသည့် ယာယီမသန်စွမ်းမှု၊ အမြဲတမ်းမသန်စွမ်းမှု၊ ကျန်ရစ်သူ အကျိုးခံစားခွင့်များပါ ရရှိခံစားနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စလေရုပ်စုံကျောင်းပြတိုက်

မောင်သာ(ရှေးဟောင်းသုတေသန)

မကွေးတိုင်းဒေသကြီး ဧရာဝတီမြစ်အရှေ့ဘက်ကမ်းပေါ်တွင် ချောက်မြို့နယ်အတွင်း၌တည်ရှိသည့် စလေမြို့သည် ပုဂံမြို့မှ တောင်ဘက်သို့ ၃၄ မိုင်၊ ချောက်မြို့မှ တောင်ဘက်သို့ ငါးမိုင်ကွာဝေးပြီး ပုဂံမှ မော်တော်ကားဖြင့်သွားလျှင် မိနစ် ၉၀ ကြာမြင့်သည်။

မြန်မာ့စွယ်စုံကျမ်းတွင် စလေသည် ပြည်တွင်းသဘော်ဆိပ်မြို့ဖြစ်ပြီး ပဒေသရာဇ်ခေတ်ထွန်းကားခဲ့စဉ်က မြို့ငယ်အဖြစ်တည်ရှိခဲ့ကြောင်း ဖော်ပြထားသည်။ စလေမြို့သည် ပုဂံခေတ် စလေမင်းခွေးကို အကြောင်းပြု၍ လည်းကောင်း၊ ကုန်းဘောင်ခေတ်နှောင်း စာဆိုဦးပုည၏ ဇာတိအဖြစ်လည်းကောင်း၊ အစေ့မပါသော စလေဆီးသီးကြောင့်လည်းကောင်း ထင်ရှားလာခဲ့ကာ စလေဦးပုည၊ စလေဆီးသီးနှင့် စလေရုပ်စုံကျောင်းတို့သည် စလေမြို့၏ထင်ရှားသည့် သင်္ကေတများဖြစ်လာခဲ့ကြသည်။

**ရုပ်စုံကျောင်း**

မြန်မာနိုင်ငံအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများအနက် ဗုဒ္ဓဖြစ်တော်စဉ်များ၊ ၅၅၀ နိပါတ်တော်လာ ဇာတ်ခန်းများကို ရုပ်လုံး၊ ရုပ်ခုံး၊ ရုပ်ကြွများဖြင့် သရုပ်ဖော်ထုလုပ်ထားသည့်သစ်သားပန်းပုရုပ်များဖြင့် အလှဆင်ထားသော ကျောင်းများကို ရုပ်စုံကျောင်းများဟု ခေါ်ဆိုကြသည်။ ရုပ်စုံကျောင်းများအနက် မန္တလေးတောင်ခြေရှိ မန္တလေးရုပ်စုံကျောင်း၊ စစ်ကိုင်းတောင်ရိုးရှိ စစ်ကိုင်းရုပ်စုံကျောင်း၊ မင်းဘူး-စလင်းမော်တော်ကားလမ်းအနီးရှိ စကုရုပ်စုံကျောင်း၊ စလင်းမြို့ ဝက်သည်းကန်အနီးမှ စလင်းရုပ်စုံကျောင်းနှင့် စလေမြို့ရှိ ပန်းပုရုပ်စုံကျောင်းတို့သည် အထင်ရှားဆုံးဖြစ်ကြသည်။

စလေမြို့တွင် တည်ရှိသည့် ကုန်းဘောင်ခေတ်လက်ရာ ဘုန်းတော်ကြီးကျောင်း ရှစ်ကျောင်းအနက် ရုပ်စုံကျောင်းသည် ကုန်းဘောင်ခေတ်နှောင်းပိုင်း (ရတနာပုံခေတ်)လက်ရာဖြစ်သည်။ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၏ စာရင်းများအရ စလေမြို့တွင် ရှေးဟောင်းအဆောက်အအုံ ၁၉ ခု ထိန်းသိမ်းထားကာ စလေရုပ်စုံကျောင်းကို ၁၉၉၂ ခုနှစ်မှစ၍ ပြန်လည်မွမ်းမံခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် ပြတိုက်အဖြစ် ဖွင့်လှစ်ခဲ့သည်။ စလေမြို့တွင် ယခင်က ရှိခဲ့သည့် ဦးပုညကျောင်းသည် မီးလောင်ပျက်စီးခဲ့ပြီး စာကြည့်တိုက်အုတ်ကျောင်း(ဦးပုညပိဋကတ်တိုက်)မှာမူ ယခုတိုင်တည်ရှိနေကာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက်ထားသည်။

စလေရုပ်စုံကျောင်းကို မြန်မာသက္ကရာဇ် ၁၂၄၄ ခုနှစ်တွင် စလေမြို့ မြောက်ရပ်မှ ကုန်သည် ဦးဘိုးကြည်က သုဓမ္မာဂိုဏ်းထောက်ဆရာတော် ဦးဂုဏ သီတင်းသုံးရန် တည်ဆောက်ခဲ့ရာ ဆောက်လုပ်ချိန် ၁၀ နှစ်ကြာခဲ့ပြီး ၁၂၅၄ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ရုပ်စုံကျောင်းတည်ဆောက်ခဲ့သည့် မြန်မာသက္ကရာဇ်ကို 'အောင်ကျော်လှဝင်း၊ ရုပ်စုံခင်း'ဟု မှတ်သားခဲ့ကြသည်။

အလှူရှင် ဦးဘိုးကြည်သည် ပန်းပုရုပ်စုံကျောင်း ဆောက်လုပ်လှူဒါန်းခွင့်ပြုရန် သီပေါမင်းထံလျှောက်ထားခဲ့ရာ သီပေါမင်းက ကျောင်းတော်ကြီးဆောက်လုပ်ရန် လိုအပ်မည့်ကျွန်းသစ်များကို နိုင်ငံပိုင်သစ်တောမှ အခွန်အခမဲ့ခုတ်ယူခွင့်ပြုသည့် စာချွန်တော်ကို ထုတ်ပြန်ပေးခဲ့သည်။

ကုန်းဘောင်ခေတ်တွင် ဘုန်းကြီးကျောင်းများ ဆောက်လုပ်လှူဒါန်းရာ၌ ကျောင်းထိုင်မည့် ပုဂ္ဂိုလ်၏ ဂုဏ်ရည်ကိုမူတည်လျက် ကျောင်းအရွယ်အစားနှင့် တည်ဆောက်မွမ်းမံပုံ ကန့်သတ်ချက်များရှိခဲ့သည်။ ဂိုဏ်းထောက်ဆရာတော် ဦးဂုဏကို လှူဒါန်းမည့် ကျောင်းသည် လှေကားလေးစင်းတပ် အိမ်တော်ပုံကျောင်းဖြစ်သည်။

ရှေးခေတ်က ဘုရင်များသည် မိမိတို့ဘုရင်ဖြစ်လာချိန်တွင် မင်းသားဘဝကနေခဲ့သည့်အိမ်များကို သံဃာတော်များအား လှူဒါန်းလေ့ရှိခဲ့သည်။ အိမ်ရှေ့မင်းသားဘဝက နေထိုင်ခဲ့သည့်အိမ်များကို အိမ်တော်ဟု ခေါ်ဆိုပြီး အိမ်တော်ပုံကိုအတုယူ၍ ဆောက်လုပ်သောကျောင်းများကို အိမ်တော်ပုံကျောင်းဟုခေါ်ဆိုသည်။

ဦးဘိုးကြည်သည် သီပေါမင်းထံမှအခွင့်ရလျှင် ကျွန်းသစ်များခုတ်ယူ၍ ထိုစဉ်က စလေမြို့အပိုင် တညောင်ရွာမှ လက်သမားများဖြင့် ကျောင်းတော်ကြီးကို ဆောက်လုပ်ခဲ့သည်။ ကျောင်းတော်ကြီးကို ပျမ်းမျှခြောက်ပေလုံးပတ်ရှိသည့်ကျွန်းတိုင် ၁၅၄ လုံးဖြင့် တည်ဆောက်ခဲ့ပြီး ကျောင်း၏အရွယ်အစားမှာ အလျား



၁၅၂ ပေ၊ အနံ ၇၆ ပေဖြစ်သည်။ ကျောင်းတော်ကြီး ဆောက်လုပ်ရာတွင် အသုံးပြုမည့် ရိုက်သံများကို တညောင်ရွာ ပန်းပဲဖိုတွင် ပြုလုပ်ခဲ့ပြီး အရှည် တစ်လက်မခွဲမှ ၁၃ လက်မထိရှိသည်။

**စလေရုပ်စုံကျောင်းဖွဲ့စည်းပုံ**

စလေရုပ်စုံကျောင်းကို ကျောင်းဦးပြာသာဒ်၊ စနုဆောင်၊ ဆောင်ပု၊ ဆောင်လှ(ဇေတဝန်ဆောင်)၊ ဆောင်မ(ထွန်းဆောင်)၊ ခုံးဆောင်နှင့်အနောက်ဆောင် (ရေလယ်ဆောင်)ဟူ၍ အဆောင် ခုနစ်ဆောင်ဖြင့် တည်ဆောက်ခဲ့သည်။ အဆောင်များ၏ ပတ်လည်၌ စကြံပတ်လမ်းနှင့် လသာဆောင်ကို ထုတ်ထားသည်။ စကြံပတ်လမ်းတွင်စိုက်ထူထားသည့် တိုင်များကို မိုးရေဝင်ရောက်၍ ဆွေးမြည့်ခြင်းမှ ကာကွယ်နိုင်ရန် သဲကျောက်တိုင်ဖုံးများအုပ်ထားပြီး မူလတိုင်ဖုံးများသည် မင်းသား၊ ဇော်ဂျီ စသည့်အရုပ်များကို လက်ရာမြောက်စွာထုဆစ်ထားသည့် သဲကျောက်များဖြစ်သည်။ နောက်ပိုင်းတွင် ပျောက်ဆုံးပျက်စီးသွားသည့်တိုင်ဖုံးများနေရာတွင် ခေါင်းလောင်းပုံတိုင်အုပ်များဖြင့် အစားထိုးခဲ့သည်။

စလေရုပ်စုံကျောင်းတွင် အုတ်လှေကား လေးစင်းရှိပြီး လှေကားတစ်စင်းစီတွင် နဂါးရုပ်နှစ်ရုပ်စီကို လက်ရန်းများအဖြစ် တပ်ဆင်ထားသည်။ မြောက်ဘက်မျက်နှာစာ နဂါးရုပ်နှစ်ရုပ်၏ ပါးစပ်သည် ဟနေသည့်ပုံဖြစ်ပြီး တောင်ဘက်မျက်နှာစာရှိ လှေကား နှစ်စင်းမှ နဂါးရုပ်နှစ်ရုပ်သည် ပါးစပ်ပိတ်နေကြသည်။ နဂါးများ၏ ပါးစပ်အဖွင့်၊ အပိတ်သည် လှေကားအဆင်းနှင့်အတက် ခွဲခြားထားသည့်လက္ခဏာဖြစ်သည်။ ကျောင်း၏အနောက်တောင်ဘက်တွင် ယခင်က မီးတင်းကုပ်တစ်ခုရှိခဲ့သည်ဟုဆိုသော်လည်း ယခုအခါမတွေ့ရှိရတော့ချေ။

ကျောင်း၏မြောက်ဘက်မျက်နှာစာ၌ အရှေ့မှ အနောက်ထိ လက်ရန်းတိုင်များနှင့် ခုံးဆောင်အဝင်တံခါးများတွင် ရတနာပုံခေတ်လက်ရာ ပန်းပုရုပ်များကို မြင်တွေ့ကြရသည်။ ၅၅၀ နိပါတ်တော်နှင့် ဓမ္မပဒတို့မှ ကောက်နုတ်ထုလုပ်ထားသည့် ပန်းပုရုပ်များ၏ မျက်နှာအမူအရာများသည် ထင်ရှားပေါ်လွင်နေကြသည်။

သုဓမ္မာဂိုဏ်းထောက်ဆရာတော် ဦးဂုဏသည် ငါးပါးအာရုံ၊ ကာမဂုဏ်၌ နစ်မွန်းမသိ နစ်နေကြသူများအား ကာမဂုဏ်ကျူးလွန်မှုများကို ရှက်ကြောက်စေရန်နှင့် သံဝေဂရရှိကြစေရန် ပန်းပုရုပ်များကို ထုလုပ်စေခဲ့သည်ဟု ဆိုသည်။ ရုပ်စုံကျောင်းကြီးကို စလင်းဒေသ တညောင်ရွာမှ လက်သမားများက ဆောက်လုပ်ခဲ့ကြပြီး ပန်းပုရုပ်များကို ပခုက္ကူနှင့် ရေစကြိုနယ်မှ ပန်းပုဆရာများက ထုလုပ်ခဲ့ကြသည်။

**ဦးဂုဏနှင့် ရုပ်စုံကျောင်း**

ဦးဂုဏသည် မင်းတုန်းမင်းကြီးနှင့် စိန်တုံးမိဖုရားတို့ကိုးကွယ်ခဲ့သည့် ဆရာတော်ဖြစ်သည်။ စလေနှင့် တလုပ်မြို့တို့ကို အပိုင်စားရခဲ့သည့် စိန်တုံးမိဖုရားသည် အပျိုတော်ဘဝကပင် ဦးဂုဏကို ကြည်ညိုခဲ့သည်။ စိန်တုံးမင်းသမီးသည် မိဖုရားဖြစ်လာချိန်တွင် ဆရာတော်ဦးဂုဏအား နေပြည်တော်တွင် ကျောင်းတစ်ကျောင်းဆောက်လုပ်လှူဒါန်းခွင့်ပြုရန် လျှောက်ထားခဲ့သည်။ ဆရာတော်က မူလသီတင်းသုံးသည့် စလေ ဒက္ခိဏာဝံကျောင်းတိုက်နှင့် ဆင်မကြပ်ကန်တောရကျောင်းတို့၌သာ တစ်လှည့်စီ သီတင်းသုံးလိုကြောင်း မိန့်ကြားခဲ့သဖြင့် စိန်တုံးမိဖုရားသည် စလေမြို့ရှိ ဆင်မကြပ်ကန်တောရတွင် ဇေတဝန်ကျောင်းပုံတောရကျောင်းကိုဆောက်လုပ်ခဲ့ရာ ဂိုဏ်းထောက်ကန်တောရဟု ထင်ရှားခဲ့သည်။ မင်းတုန်းမင်းကြီးက ၎င်းတောရကျောင်းထက်ဝန်းကျင် တာ ၁၀၀၀ အဝန်းအဝိုင်းကို ဘေးမဲ့ဧရိယာအဖြစ် သတ်မှတ်ခဲ့သည်။

ဆရာတော်ဦးဂုဏသည် စလေမြို့ ဒက္ခိဏာဝံကျောင်းတွင် ပရိယတ္တိစာပေများကို ခုနစ်ရက်ပို့ချပြီးတိုင်း ဂိုဏ်းထောက်တောရသို့ကြွကာ ခုနစ်ရက်တောရဆောက်တည်လေ့ရှိခဲ့သည်။ ထိုသို့ သီတင်းသုံးနေစဉ် မြန်မာသက္ကရာဇ် ၁၂၃၁ ခုနှစ်တွင် ကတ္တူလှေပိုင်ရှင် ဦးဝိုက်နှင့်ဇနီး ဒေါ်အိမ်ကြွယ်တို့က အဆောင် ကိုးဆောင်ပါရှိသည့် ကိုးဆောင်ကျောင်းကိုဆောက်လုပ်လှူဒါန်းခဲ့သည်။ ကျောင်းဆောက်လုပ်သည့် မြန်မာသက္ကရာဇ်ကို 'အောင်ကျော်စံအောင်၊ ရွှေကိုးဆောင်'ဟု မှတ်သားခဲ့ကြသည်။

ရပ်ရွာအေးချမ်းသာယာရေးနှင့် ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပရေးတာဝန်များကို ထမ်းဆောင်ရသည့် ဂိုဏ်းထောက်ဆရာတော်သည် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်စေမည်ဆိုလျှင် မည်သူ့ကိုမဆိုခေါ်ယူ၍ ဗုဒ္ဓတရားတော်နှင့်အညီ ဆုံးမရသကဲ့သို့ သာသနာကို ညှိုးနွမ်းစေသည့် ဒုဿီလရဟန်းများကိုလည်း အပြစ်အလျောက်စီရင်ရသည်။

ရပ်ရွာနှင့်သာသနာ တာဝန်များကို ထမ်းဆောင်နေရသည့် ဆရာတော်ဦးဂုဏသီတင်းသုံးရန် ဦးဘိုးကြည်နှင့်ဇနီးက ပန်းပုရုပ်စုံကျောင်းကို တည်ဆောက်နေစဉ် သီပေါမင်းပါတော်မူချိန်(မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်)နှင့် တိုက်ဆိုင်နေသဖြင့် တည်ဆောက်ချိန် ၁၀ နှစ် ကြာမြင့်ခဲ့ကာ မြန်မာသက္ကရာဇ် ၁၂၅၄ ခုနှစ် ဝါဆိုလဆန်း ၅ ရက်တွင် အလှူရှင် ဇနီးမောင်နှံက ဆရာတော် ဦးဂုဏထံ ရေစက်ချလှူဒါန်းနိုင်ခဲ့သည်။

ဆရာတော်သည် ကိုးဆောင်ကျောင်းကို တပည့်ဦးပုညထံလွှဲအပ်ပေးခဲ့ပြီး ရုပ်စုံကျောင်းတွင် သီတင်းသုံးနေစဉ် အင်္ဂလိပ်အစိုးရတရားရုံး၌ အမှုအခင်းတစ်ခုတွင် သက်သေထွက်ဆိုရန် ဆင့်ခေါ်ခြင်းခံခဲ့ရသည်။ တရားရုံးက ဦးဂုဏအား ငယ်နာမည် မောင်ထောင်ဟု ခေါ်ဝေါ်သုံးစွဲခဲ့သဖြင့် ဆရာတော်သည် အမှုပြီးဆုံးချိန်တွင် ရုပ်စုံကျောင်းမှပျောက်သွားခဲ့သည်။

သုဓမ္မာဂိုဏ်းထောက် ဆရာတော်ဦးဂုဏသည် ခန့်မှန်း မြန်မာသက္ကရာဇ် ၁၂၅၈ ခုနှစ်တွင် ပျံလွန်တော်မူခဲ့ရာ ရုပ်စုံကျောင်းမှ ပျောက်သွားပြီးသည့်နောက် ဟင်္သာတနယ် လမုကြီးရွာတွင် သီတင်းသုံးနေထိုင်ခဲ့ကြောင်း ဦးဘိုးကြည်နှင့် စလေနယ်သူနယ်သားများက ဆရာတော်ပျံလွန်ပြီးမှသိရှိခဲ့ကြသည်။ ဆရာတော်ဦးဂုဏ၏ တပည့်ရဟန်းများနှင့် ဦးဘိုးကြည်တို့သည် လမုကြီးရွာသို့လိုက်သွားကြကာ ဆရာတော်၏ အရိုးတော်များကို စလေမြို့သို့ပင့်ဆောင်ခဲ့ပြီး စလေမြို့လယ်၌ မဟာအဘယစေတီတော်ကိုတည်၍ အရိုးတော်များကို ဌာပနာခဲ့ကြသည်။

**ရုပ်စုံကျောင်း ပန်းပုလက်ရာများ**

စလေရုပ်စုံကျောင်း၏ မြောက်ဘက်မျက်နှာစာ၊ အရှေ့လှေကားအထက်ရှိ ဝင်ပေါက် တံခါးရွက်ပေါ်တွင် ၅၅၀ ဇာတ်တော်၊ အသီတိနိပါတ်လာ မဟာကုလာဏ(ဇာတ်တော်အမှတ်-၅၃၆) သရုပ်ဖော် ပန်းပုရုပ်များကို အနုစိတ်ပုံဖော်ထုလုပ်ထားသည်။ ဗာရာဏသီပြည့်ရှင် ကဏ္ဍရီမင်းကြီး၏ မိဖုရားကိန္နရဒေဝီသည် နန်းပြာသာဒ်ပြတင်းအနီးရှိ သပြေပင်အကိုင်းမှ တစ်ဆင့် သပြေပင်အောက်တွင်နေထိုင်သူ အနာကြီးရောဂါသည် ငဆွံ့ထံသွားရောက်ကာ ညစဉ်အကျွမ်းတဝင်ရှိခဲ့သည်။ ဘုရင်ကြီးက ကိုယ်တိုင်လိုက်လံ စုံစမ်းချိန်တွင် မိဖုရား၏ နားတောင်းတစ်ဖက်ကိုရရှိခဲ့သည်။

၎င်းဇာတ်တော်ကို မင်းကြီး၊ မိဖုရားနှင့် ငဆွံ့တို့၏ ရုပ်တုများဖြင့် ပုံဖော်ထားရာ သန်လျက်ကိုထမ်းလျက် ခြေရာကောက်ခဲ့သည့် မင်းကြီးက မိဖုရားကြီး၏ နားတောင်းကို ကိုင်ထားဟန်၊ မိဖုရားကြီးနှင့် ငဆွံ့တို့ ပွေ့ဖက်ပိုက်ထွေးနေကြဟန်တို့ကို သပြေပင်ကြီးနောက်ခံပြုလျက် ထုလုပ်ထားသည်။

စလေရုပ်စုံကျောင်းတွင် ထုလုပ်ထားသည့် ကာမဂုဏ်အာရုံများပေါ်၌ လျှပ်ပေါ်လော်လည်ခြင်းကို ရှက်ကြောက်ကြစေရန် ရည်ရွယ်သည့် ရုပ်တုများတွင် ပဏ္ဏာသနိပါတ်တော်မှ ဥမ္မာဒန္တီဇာတ်၊ မဟာနိပါတ်တော်မှ ဝိဓူရဇာတ်၊ ဓမ္မပဒ၊ ဗြဟ္မဏဝဂ်မှ သုန္ဒရသမုဒ္ဒဇာတ်၊ တဏှာဝဂ်မှ ဥပကတက္ကဒွန်းနှင့်မဆာဝါ

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လောက်သာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလို မျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၆၀၃၇ ဧက စိုက်ပျိုးပြီးစီး

**စစ်ကိုင်း နိုဝင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၆၀၃၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြ၍ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၇၈၂၃ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဟင်းသီးဟင်းရွက် ၆၀၃၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မနှစ်ကဆောင်းရာသီ စစ်ကိုင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ် ဆောင်းရာသီမှာ ဟင်းသီးဟင်းရွက်ဧက ၇၀၀၀ ကျော် စိုက်ဖို့လျာထားပါတယ်။ ကနေ့ထိ ဧက ၆၀၀၀ ကျော်စိုက်ပြီးသွားပါပြီ။ ဒီနှစ်လဲ ဟင်းသီးဟင်းရွက်ဧက လျာထားချက်ထက်တိုးပြီး စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ စိုက်ခင်းကထွက်ရှိလာတဲ့ သီးနှံတွေကို ဓာတုကင်းလွတ်ဖို့ ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးသည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးရေး၊ GAP စနစ်ဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော ဟင်းသီးဟင်းရွက်ရရှိရေး၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးထံမှ သိရသည်။

(၂၀၆)



➤ စာမျက်နှာ ၄ မှအဆက်

ဇာတ်၊ သဟာသဝင်မှ ပဏ္ဍာစာရီဇာတ်၊ အရဟန္တဝဂ်မှ ရေဝတဇာတ်စသည်ဖြင့် ၅၅၀ ဇာတ်တော်များနှင့် ဓမ္မပဒကျမ်းမှ ဇာတ်ဝတ္ထုများကို သရုပ်ဖော်ထားသည်။

စလေရုပ်စုံကျောင်းတွင် ထုလုပ်ထားသည့် ရုပ်တုများအနက် ဇာတ်တော်လာရုပ်တုများသည် ၃၆ ရုပ်ရှိကြောင်း စလေပန်းပုရုပ်စုံကျောင်းသမိုင်းစာတမ်းများစာအုပ်တွင် ဇာတ်တော်အမည်များနှင့်တကွ ဖော်ပြထားသည်။ ၎င်းတို့အနက် မူလဇာတ်ဝတ္ထု မဖော်ထုတ်နိုင်သေးသည့် ရုပ်တုများလည်းပါရှိသည်။

စလေရုပ်စုံကျောင်းတွင် ထုလုပ်ထားသည့် သစ်သားပန်းပုရုပ်များသည် ရတနာပုံခေတ် ၁၉ ရာစုလက်ရာများဖြစ်ပြီး အနုပညာလက်ရာအထူးကောင်းမွန်သဖြင့် စလေရုပ်စုံကျောင်းသည် အခြားရုပ်စုံကျောင်းများထက် ပိုမိုထင်ရှားခဲ့သည်။ စလေရုပ်စုံကျောင်းအတွင်း ဗုဒ္ဓရုပ်ပွားတော်မျိုးစုံ၊ သစ်စေးသုတ်ဗီရိုမျိုးစုံ၊ စလေဦးပုည၏ လက်ရေးမူ ပေပုရပိုက်များ စသည့် ရှေးဟောင်းအထောက်အထားပစ္စည်းများကို ထိန်းသိမ်းထားရှိသည်။

ပုဂံသို့ရောက်ရှိလာကြသည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားများသည် စလေနှင့် ပခန်းငယ်ဒေသများသို့ သွားရောက်လည်ပတ်လေ့ရှိကြရာ စလေရုပ်စုံကျောင်းကို အများဆုံးကြည့်ရှုလေ့ရှိကြသည်။ ဗုဒ္ဓဘုရားရှင်နှင့်ဆက်နွှယ်ခဲ့သည့် ဖြစ်တော်စဉ်များကို လက်ရာမြောက်စွာ ထုဆစ်ထားသည့် ရုပ်တုများနှင့် ၁၉ ရာစုလက်ရာ စလေရုပ်စုံကျောင်းသည် ရတနာပုံခေတ်ယဉ်ကျေးမှုအမွေအနှစ်များကို ပြသလျက်ရှိနေသကဲ့သို့ ပခန်းငယ်သည်လည်း မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းအဆောက်အအုံများ တည်ရှိနေသည့်နေရာဖြစ်သည်။

သမိုင်းဝင် စလေဒေသသို့ သာမန်ခရီးသွားများအပြင် ခိုင်မာသည့် သမိုင်းအထောက်အထားများကို ရှာဖွေဖော်ထုတ်လိုကြသည့် သုတေသီများလည်း သွားရောက်လေ့ရှိကြရာ စလေရုပ်စုံကျောင်းအပါအဝင် စလေနှင့် ပခန်းငယ်ရှိ ရှေးဟောင်းသမိုင်းအမွေအနှစ်အဆောက်အအုံများ ရေရှည်တည်တံ့စေရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်သာဖြစ်ပေသည်။

**ကိုးကား**

- **ပခန်းငယ် ရှေးဟောင်းအဆောက်အအုံများမှတ်တမ်း(ယဉ်ကျေးမှုဝန်ကြီးဌာန)**
- **စလေပန်းပုရုပ်စုံကျောင်း သမိုင်းစာတမ်းများ(မောင်မောင်လတ်)**

## မွေးရပ်အညာ မမေ့ပါ

\- အညာမြေ သာပုံဆန်း
တမာတန်းနဲ့ ထနောင်းပျို၊
မန်ကျည်းပင် အေးအရိပ်
ချွေးသိပ်လို့ကြို၊
တောင်ကုန်းက စိမ်းလဲ့စို
ဆည်းဆာကို ပြန်အောက်မေ့၊
တိမ်ပန်းချီ ရွှေရည်စွက်လို့
လှရက်နိုင်ပေ့။

\- တို့အညာ ရပ်ဓလေ့
ရွှင်ပျော်မွေ့ ညအခါ၊
လသာရင် ကလေးများ
ကစားကြတာ၊
ကြည်နူးလို့ ချစ်စရာ
စိတ်ထဲမှာ အေးချမ်းရ၊
သီချင်းကို သံပြိုင်ဟစ်လို့
အချစ်ပြိုင်ကြ။

\- ငွေလရောင် ဖြာပါမှ
သာယာလှ စိတ်ကြည်လင်၊
ကောင်းကင်မှာ ကြယ်တစ်ခင်း
လမင်းကိုမြင်၊
အိမ်ရှေ့က ကွပ်ပျစ်တွင်
လူစုံလျှင် ဝိုင်းဖွဲ့မေး၊
တို့တစ်တွေ ငယ်ဘဝ
တမ်းတမိသေး။

\- အတိတ်ကို ပြန်လည်တွေး
ဝေးခဲ့ရ သည်နေရာ၊
ကိုယ့်ရပ်မြေ မမေ့ကောင်း
နှစ်ပေါင်းရှည်ကြာ၊
ပျိုလေးတို့ ထက်အညာ
အရောက်သာ မြန်းခဲ့တော့၊
ရွာကိုဝင် ဖုန်လုံးကြီးက
ဆီးကြိုလို့ပေါ့။ ။

**မောင်လှစိုး**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန် အမေရိကန်နိုင်ငံသို့ သွားရောက်မည်

**ဝါရှင်တန် နိုဝင်ဘာ ၂၉**

ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်သည် ဒီဇင်ဘာ ၁ ရက်တွင် အမေရိကန်နိုင်ငံဝါရှင်တန်မြို့သို့သွားရောက်၍ သမ္မတဂျိုးဘိုင်ဒင်နှင့်တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း အေပီသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါခရီးစဉ်သည် အမေရိကန်သမ္မတရာထူးကို ဂျိုးဘိုင်ဒင်ရယူခဲ့ပြီးနောက်ပိုင်း ပြင်သစ်သမ္မတ မက်ခရွန်၏ ပထမဆုံးတရားဝင် အမေရိကန်နိုင်ငံခရီးစဉ်ဖြစ်သည်။

ဒီဇင်ဘာ ၁ ရက် ဆွေးနွေးပွဲတွင် သမ္မတ မက်ခရွန်နှင့် သမ္မတဂျိုးဘိုင်ဒင်တို့သည် အီရန်နျူကလီးယားပြဿနာ၊ အင်ဒို-ပစိဖိတ်ဒေသ၌ တရုတ်ဩဇာအားကောင်းလာမှုပြဿနာနှင့် အာဖရိကဆာဟဲလ်ဒေသ လုံခြုံရေးပြဿနာများကို ဆွေးနွေးမည်ဖြစ်ကြောင်း အမေရိကန်အစိုးရ တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

သို့ရာတွင် သမ္မတ ဂျိုးဘိုင်ဒင်နှင့် ပြင်သစ်သမ္မတတို့ အဓိကဆွေးနွေးမည့်အကြောင်းအရာမှာ ယူကရိန်းပြဿနာဖြစ်လိမ့်မည်ဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများ၏အဆိုအရ သိရသည်။

ပြင်သစ်သမ္မတ မက်ခရွန်သည် အိမ်ဖြူတော်ဆွေးနွေးပွဲမကျင်းပမီ အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့သို့ နှစ်ရက်ကြိုသွားရောက်ရန် စီစဉ်ထားသည်။

အမေရိကန်နိုင်ငံက ဥရောပနိုင်ငံသို့ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများ ရောင်းချမည့် အစီအစဉ်ကြောင့်သမ္မတဂျိုးဘိုင်ဒင်နှင့်သမ္မတမက်ခရွန်တို့ကြားဆက်ဆံရေးမှာ ပြီးခဲ့သည့်နှစ်အတွင်း မကျေမလည် ဖြစ်ခဲ့ရဖူးကြောင်း သိရသည်။ KKO

## အိန္ဒိယရဲတပ်ဖွဲ့က ဗစ်ဇ်ဟင်ဂျမ်ဆိပ်ကမ်း၌ လုံခြုံရေးအင်အားမြှင့်တင်

**ဒေလီ နိုဝင်ဘာ ၂၉**

အိန္ဒိယနိုင်ငံ အလယ်ပိုင်း ခေရာလာပြည်နယ်မှ တည်ဆောက်ဆဲ ဗစ်ဇ်ဟင်ဂျမ်ဆိပ်ကမ်း၌ ယနေ့တွင် အိန္ဒိယရဲတပ်ဖွဲ့က လုံခြုံရေးမြှင့်တင်ထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းကို ကန့်ကွက်နေကြသည့် ဆန္ဒပြသမားများနှင့် ရဲတပ်ဖွဲ့ဝင်များကြား နိုဝင်ဘာ ၂၇ ရက်တွင် ပဋိပက္ခဖြစ်ပွားခဲ့ပြီးနောက် ယင်းဆိပ်ကမ်းဝန်းကျင်၌ အိန္ဒိယရဲတပ်ဖွဲ့က လုံခြုံရေးမြှင့်တင်ထားခြင်းဖြစ်သည်။

ဆန္ဒပြသမားများနှင့် ရဲတပ်ဖွဲ့ဝင်များကြားဖြစ်ပွားခဲ့သည့် ပဋိပက္ခများအတွင်း ရဲတပ်ဖွဲ့ဝင် ၃၆ ဦး အပါအဝင် လူဦးရေ ၈၀ ကျော် ဒဏ်ရာများရခဲ့ကြောင်း ခေရာလာပြည်နယ်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ဗစ်ဇ်ဟင်ဂျမ်ဆိပ်ကမ်း တည်ဆောက်ရေးစီမံချက်ကြောင့်ကမ်းရိုးတန်းရေတိုက်စားမှုများ ဖြစ်ပွားနေပြီး ဒေသခံရေလုပ်သားများ၏ ဘဝနေရေး ထိခိုက်ပျက်စီးနေရကြောင်း ဆန္ဒပြသမားများကစွပ်စွဲထားသည်။

အမေရိကန်ဒေါ်လာသန်း ၉၀၀ ကုန်ကျမည့် ဗစ်ဇ်ဟင်ဂျမ်ဆိပ်ကမ်းကို ပြည်တွင်းအခြေစိုက် စီးပွားရေးလုပ်ငန်းစုကြီး တစ်ခုဖြစ်သော အဒါနီကုမ္ပဏီက တည်ဆောက်နေခြင်းဖြစ်သည်။

သို့သော် နယ်ခံဆန္ဒပြသမားများက ဆောက်လုပ်ရေးလုပ်ငန်းခွင်ဝင်ပေါက်ကို ပိတ်ဆို့ထားမှုကြောင့် တည်ဆောက်ရေး လုပ်ငန်းများ သုံးလကြာ ရပ်ထားရကြောင်း သိရသည်။

KKO




## ရီယာ့ဒ်နိုင်ငံတကာလေဆိပ်ကို အသွင်ပြောင်းလဲမည်ဟု ဆော်ဒီအိမ်ရှေ့မင်းသား ကြေညာ



**ရီယာ့ဒ် နိုဝင်ဘာ ၂၉**

ရီယာ့ဒ်မြို့ရှိ ဘုရင်ဆယ်လ်မန်နိုင်ငံတကာလေဆိပ်ကို လေယာဉ်ပြေးလမ်းခြောက်ခုမျဉ်းပြိုင်တည်ရှိမည့်လေဆိပ်ကြီးအဖြစ် အသွင်ပြောင်းလဲမည့် အစီအစဉ်များကို ဆော်ဒီအာရေဗျ အိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန်က နိုဝင်ဘာ ၂၈ ရက်တွင် ကြေညာခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဆော်ဒီ အိမ်ရှေ့မင်းသား၏ ကြေညာချက်အရ ရီယာ့ဒ်မြို့၏ ဘုရင်ဆယ်လ်မန် နိုင်ငံတကာလေဆိပ်ကို ဧရိယာစတုရန်းမိုင် ၂၂ ဒသမ ၀၁ မိုင်ရှိမည့်လေဆိပ်ကြီးတစ်ခုအဖြစ် ပြောင်းလဲတည်ဆောက်မည်ဖြစ်သည်။

အဆိုပါလေဆိပ်သစ်တွင် မျဉ်းပြိုင်ပြေးလမ်းခြောက်လမ်း ပါဝင်မည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်အရောက်တွင် နှစ်စဉ်ခရီးသည်ပေါင်း သန်း ၁၂၀ အတွက် ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်သည်။

ဘုရင်ဆယ်လ်မန် နိုင်ငံတကာလေဆိပ်စီမံကိန်းသည် ကမ္ဘာ့ထိပ်တန်းစီးပွားရေးမြို့ ၁၀ မြို့စာရင်း၌ ရီယာ့ဒ်မြို့ ပါဝင်နိုင်ရေး ရည်မှန်းချက်အရအကောင်အထည်ဖော်မည့် စီမံကိန်းဖြစ်ကြောင်း ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန်၏ ကြေညာချက်၌ ဖော်ပြထားသည်။

ဆော်ဒီအာရေဗျ နိုင်ငံသည် စီးပွားရေးအရ ရေနံအပေါ် မှီခိုနေရမှုကိုလျှော့ချရေးအတွက် စီးပွားရေးအရင်းအမြစ်သစ်များ ဖန်တီးရန် ကြိုးစားလျက်ရှိသည်။

အဆိုပါ နိုင်ငံတကာလေဆိပ်သစ်ကိုဆော်ဒီပြည်သူ့ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေဖြင့် တည်ဆောက်မည်ဖြစ်ကြောင်းသိရသည်။ KKO

## ဆီးရီးယားမြောက်ပိုင်း မြေပြင်စစ်ဆင်ရေးအတွက် တူရကီစစ်ဘက် ရက်အနည်းငယ်အတွင်းအသင့်ရှိနိုင်ဟုဆို

**အင်ကာရာ နိုဝင်ဘာ ၂၉**



ဆီးရီးယားနိုင်ငံ မြောက်ပိုင်း၌ မြေပြင်ထိုးစစ်များ ဆင်နွှဲရေးအတွက် လာမည့်ရက်အနည်းငယ်အတွင်း တူရကီစစ်ဘက်အနေဖြင့် အသင့်ရှိနေနိုင်ကြောင်း တူရကီအစိုးရတာဝန်ရှိသူများ၏ အဆိုကို ကိုးကား၍ ရိုက်တာသတင်းဌာနက နိုဝင်ဘာ ၂၈ ရက်တွင် ဖော်ပြခဲ့သည်။

ထို့ပြင် တူရကီစစ်ဘက်က ဆီးရီးယားမြောက်ပိုင်း၌ ပြုလုပ်မည့် မြေပြင်စစ်ဆင်ရေးများကို ကူညီရေးအတွက် တူရကီ၏မဟာမိတ်ဆီးရီးယားသူပုန်များကလည်း အသင့်ရှိနေပြီဖြစ်ကြောင်း တူရကီအစိုးရတာဝန်ရှိသူများက နိုဝင်ဘာ ၂၈ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်ရက်သတ္တနှစ်ပတ်က အစ္စတန်ဘူလ်မြို့၌ ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ပြီးနောက် တူရကီနိုင်ငံသည် ဆီးရီးယားနိုင်ငံမြောက်ပိုင်းရှိကာ့ဒ်လူမျိုးစုလက်နက်ကိုင်များကို အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး လေကြောင်းထိုးစစ်များလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းအပြင် ဆီးရီးယားမြောက်ပိုင်း၌ မြေပြင်စစ်ဆင်ရေးများပြုလုပ်၍ ကာ့ဒ်လက်နက်ကိုင်များကို တိုက်ခိုက်မည်ဖြစ်ကြောင်း တူရကီအစိုးရက ခြိမ်းခြောက်ထားသည်။

သို့ရာတွင် လက်ရှိအချိန်တွင် ဆီးရီးယားမြောက်ပိုင်း၌ မြေပြင်စစ်ဆင်ရေးများပြုလုပ်ရန် တူရကီအစိုးရက ဆုံးဖြတ်ချက်ချရသေးခြင်း ရှိ၊ မရှိ မသိရသေးကြောင်း သိရသည်။

အစ္စတန်ဘူလ်ဗုံး ပေါက်ကွဲမှုအတွက် ဆီးရီးယားမြောက်ပိုင်းအခြေစိုက်ကာ့ဒ်အလုပ်သမားပါတီ(ပီကေကေ)၏လက်နက်ကိုင်အုပ်စုများတွင် တာဝန်ရှိသည်ဟု တူရကီအစိုးရက စွပ်စွဲထားကြောင်း သိရသည်။ KKO

## ရေနံတင်သင်္ဘော ပဲ့ရှက်ပေါ်လိုက်ပါလာသူ သုံးဦးကို စပိန်ကမ်းခြေစောင့်တပ်ဖွဲ့ကယ်တင်ခဲ့ရ

**မက်ဒရစ် နိုဝင်ဘာ ၂၉**

သင်္ဘောတစ်စီး၏ပဲ့ရှက်ပေါ်၌ ခိုကပ်လိုက်ပါလာသော အာဖရိကတရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူသုံးဦးကို စပိန်ကမ်းခြေစောင့်တပ်ဖွဲ့က ကယ်တင်ပေးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက နိုဝင်ဘာ ၂၈ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါရွှေ့ပြောင်းဝင်ရောက်သူ သုံးဦးကို နိုင်ဂျီးရီးယားနိုင်ငံမှ ကနေရီကျွန်းစုသို့ ရောက်ရှိလာသော အယ်လ်သီနီ-၂ အမည်ရှိ ရေနံတင်သင်္ဘော၏ ပဲ့ရှက်ပေါ်၌ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါရေနံတင်သင်္ဘောသည် နိုင်ဂျီးရီးယားနိုင်ငံ လာဂို့စ်မြို့မှ ကနေရီကျွန်းစုသို့ ၁၁ ရက်ကြာ ခုတ်မောင်းလာခဲ့ရခြင်းဖြစ်သည်။

အယ်လ်သီနီရေနံတင်သင်္ဘော ပဲ့ရှက်ပေါ်၌ ခိုကပ်လိုက်ပါလာသူ သုံးဦးမှာ ရေဓာတ်ပြတ်လပ်နေမှုကြောင့် ဆေးရုံသို့တင်ပို့၍ ဆေးဝါးများကုသပေးထားကြောင်း စပိန်ကမ်းခြေစောင့်တပ်က သတင်းထုတ်ပြန်ထားသည်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာလကလည်း လာဂို့စ်မြို့မှ ကနေရီကျွန်းသို့ ရောက်ရှိလာသည့် ရေနံတင်သင်္ဘောတစ်စီး၏ ပဲ့ရှက်ပေါ်၌ ၁၀ ရက်ကြာ ခိုကပ်လိုက်ပါလာသည့် ရွှေ့ပြောင်းဝင်ရောက်သူ လေးဦးကို စပိန်ကမ်းခြေစောင့်တပ်က ကယ်တင်ပေးခဲ့ရဖူးသည်။

၂၀၁၉ ခုနှစ်မှစ၍ မြောက်အမေရိကမှ ကနေရီကျွန်းစုသို့ ရောက်ရှိလာသည့် တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူ အရေအတွက်မှာ တဖြည်းဖြည်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## တရုတ်နိုင်ငံ၏ ASO-5 နေလေ့လာရေးအာကာသယာဉ်က ပထမဆုံးနေမျက်နှာပြင်ဓာတ်ပုံကို ကမ္ဘာမြေသို့ ပြန်လည်ပေးပို့



**ပေကျင်း နိုဝင်ဘာ ၂၉**

တရုတ်နိုင်ငံက မကြာသေးမီက မှလွှတ်တင်ထားသည့် ASO-5 အမည်ရှိ နေလေ့လာရေးအာကာသယာဉ်သည် ၎င်းရိုက်ကူးထားသည့် ပထမဆုံးနေမျက်နှာပြင်ဓာတ်ပုံကို ကမ္ဘာမြေသို့ ပြန်လည်ပေးပို့ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၂၈ ရက်က ရေးသားတင်ပြထားသည်။

ASO-5 နေလေ့လာရေး အာကာသယာဉ် ပြန်လည်ပေးပို့ခဲ့သောဓာတ်ပုံ၌ အလယ်အလတ်တန်းစား နေမျက်နှာပြင် စွမ်းအင်ပေါက်ကွဲမှုတစ်ရပ်ကို တွေ့မြင်နိုင်ကြောင်း တရုတ်သိပ္ပံ ပညာရှင်များ၏အဆိုအရ သိရသည်။

ASO-5 နေလေ့လာရေး အာကာသယာဉ်သည် အဆိုပါဓာတ်ပုံကို HXI အမည်ရှိ အိတ်စ်ရေးရောင်ခြည် ပုံရိပ်ဖော်ကင်မရာဖြင့် ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း တရုတ်သိပ္ပံအကယ်ဒမီမှ သတင်းထုတ်ပြန်ထားသည်။

အဆိုပါ အာကာသယာဉ်သည် လွှတ်တင်ပြီး ရက်သတ္တပတ်အနည်းငယ်အကြာ နိုဝင်ဘာ ၁၁ ရက်က နေမျက်နှာပြင် စွမ်းအင်ပေါက်ကွဲမှုဖြစ်စဉ်တစ်ရပ်ကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ခြင်းဖြစ်သည်။

တရုတ်သိပ္ပံ အကယ်ဒမီသည် ကွာဖူ-၁ အာကာသယာဉ်ဟူ၍လည်း အများသိကြသည့် ASO-5 နေလေ့လာရေးအာကာသယာဉ်ကို ယခုနှစ် အောက်တိုဘာ ၈ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ အာကာသယာဉ်သည် ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၄၅၀ တွင်ရှိသော ပတ်လမ်းပေါ်တွင် နေရာယူ၍ နေမျက်နှာပြင်လှုပ်ရှားမှုများကို စူးစမ်းလေ့လာလျက်ရှိကြောင်း သိရသည်။

KKO

## ဘိုင်အိုစန်တီနယ်လ်အာကာသယာဉ်က အာကာသဇီဝဗေဒစမ်းသပ်မှုများလုပ်ဆောင်ရန် ပြင်ဆင်

**ဝါရှင်တန် နိုဝင်ဘာ ၂၉**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဘိုင်အိုစန်တီနယ်လ်အမည်ရှိ အာကာသယာဉ်သည် လကိုအနီးကပ် ဖြတ်ကျော်ပျံသန်းပြီးနောက် အာကာသဇီဝဗေဒ စမ်းသပ်မှုများကို လုပ်ဆောင်ရန်ပြင်ဆင်နေပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၂၈ ရက်က ရေးသားတင်ပြထားသည်။

ဘိုင်အိုစန်တီနယ်လ်အာကာသယာဉ်သည် အားတီးမစ်-၁ မစ်ရှင်ဖြင့် အိုရီယွန်အာကာသယာဉ်နှင့်အတူ နာဆာက နိုဝင်ဘာ ၁၆ ရက်တွင် လွှတ်တင်ပေးခဲ့သည့် အာကာသယာဉ်ငယ် ၁၀ စင်းထဲတွင် အပါအဝင်ဖြစ်သည်။

ဘိုင်အိုစန်တီနယ်လ်အာကာသယာဉ်သည် နိုဝင်ဘာ ၂၂ ရက်က လမျက်နှာပြင်ကို မိုင် ၂၅၀ အကွာမှ အနီးကပ် ဖြတ်သန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။



လက်ရှိအချိန်တွင် ဘိုင်အိုစန်တီနယ်လ် အာကာသယာဉ်သည် ဇီဝဗေဒစမ်းသပ်မှုများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဘက်ထရီများ ပြန်လည်အားဖြည့်နေပြီး စမ်းသပ်မှုများကို လာမည့်လအတွင်း စတင်နိုင်ဖွယ်ရှိသည်ဟု နာဆာ တာဝန်ရှိသူများက ပြောကြားကြောင်း သိရသည်။

ဘိုင်အိုစန်တီနယ်လ် အာကာသယာဉ်သည် အာကာသဟင်းလင်းပြင် ဖြာထွက်ရောင်ခြည်များ၏ မျိုးဗီဇမော်လီကျူးများအပေါ် မည်သို့အကျိုးသက်ရောက်မှု ရှိသည်ကို စမ်းသပ်လေ့လာမှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အထက်ပါ စမ်းသပ်မှုအတွက် ဘိုင်အိုစန်တီနယ်လ် အာကာသယာဉ်သည် တဆေးနွယ်ပင်မျိုးစိတ်နှစ်မျိုးကို အာကာသဟင်းလင်းပြင်အတွင်း တစ်ပါတည်းသယ်ဆောင်ထားကြောင်း နာဆာတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

KKO

## နိုင်ငံတကာအာကာသစခန်း ထောက်ပံ့မစ်ရှင်အဖြစ် ဒရာဂွန်အာကာသကုန်တင်ယာဉ်ကို Space-X ကုမ္ပဏီ လွှတ်တင်ခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၂၉**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီက နိုင်ငံတကာအာကာသစခန်း ထောက်ပံ့မစ်ရှင်အဖြစ် ဒရာဂွန် အာကာသကုန်တင်ယာဉ်ကို နိုဝင်ဘာ ၂၆ ရက်က လွှတ်တင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၂၈ ရက်က ရေးသားတင်ပြထားသည်။

ဒရာဂွန် အာကာသကုန်တင်ယာဉ်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသကုန်တင်ယာဉ်သည် နိုဝင်ဘာ ၂၇ ရက်က နိုင်ငံတကာ အာကာသစခန်း၏ ဟာမိုနီအမည်ရှိ ပင်မကိုယ်ထည်၌ ဆိုက်ကပ်နိုင်ခဲ့ကြောင်း Space-X ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားထားသည်။

ဒရာဂွန် အာကာသကုန်တင်ယာဉ်သည် လွှတ်တင်ပြီး ၁၂ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ထိပ်ဖူးယာဉ်မှ အောင်မြင်စွာခွာထွက်၍ နိုင်ငံတကာ အာကာသစခန်းဆီသို့ ဆက်လက်ပျံသန်းခဲ့ကြောင်း သိရသည်။

အဆိုပါ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းရှိ အာကာသယာဉ်မှူးများအတွက် စားရေရိက္ခာများ၊ နေစွမ်းအင်ပြားများ၊ အာလူးမျိုးများ အပါအဝင် ကုန်စည်စုစုပေါင်းတန်ချိန် လေးတန်ထိ သယ်ဆောင်ထားကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် မူလက ဒရာဂွန် အာကာသကုန်တင်ယာဉ်ကို နိုဝင်ဘာ ၂၂ ရက်က လွှတ်တင်ရန် စီစဉ်ထားသော်လည်း ရာသီဥတုအခြေအနေနှင့် လေကြောင်းခရီးစဉ်များ များပြားနေမှုတို့ကြောင့် နိုဝင်ဘာ ၂၆ ရက်မှသာ လွှတ်တင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## ကမ္ဘာ့ဈေးအကြီးဆုံးဆေး Hemagenix ကို လူနာများတွင်အသုံးပြုခွင့်ပေးရန် FDA သဘောတူ

**နယူးယောက် နိုဝင်ဘာ ၂၉**

အမေရိကန်အစိုးရ အစားအစာနှင့် ဆေးဝါးလုံခြုံရေးအေဂျင်စီ (FDA) သည် ကမ္ဘာပေါ်၌ ဈေးအကြီးဆုံးဆေးအဖြစ် သတ်မှတ်နိုင်သော (Hemagenix) အမည်ရှိ ဆေးဝါးသစ်တစ်မျိုးကို လူနာများတွင် အသုံးပြုခွင့်ပေးရန်သဘောတူလိုက်ပြီဖြစ်ကြောင်း ယူပီအိုင်သတင်းဌာနက နိုဝင်ဘာ ၂၈ ရက်က ရေးသားတင်ပြထားသည်။

Hemagenix ဆေးသည် ဟေမိုဖီလီယာ-ဘီ (Hemophilia-B) ခေါ် မျိုးဗီဇဖောက်ပြန်မှုရောဂါတစ်မျိုးအတွက် အသုံးပြုနိုင်မည့် မျိုးဗီဇကုထုံးဖြစ်သည်။

Hemagenix ကုထုံးအတွက် ဆေးတစ်လုံးလျှင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ သန်းထိကုန်ကျနိုင်ဖွယ်ရှိရာ ကမ္ဘာပေါ်၌ ဈေးအကြီးဆုံးဆေးအဖြစ် ၎င်းဆေးကို သတ်မှတ်နိုင်သည်။

သို့ရာတွင် အဆိုပါဆေးကို တစ်လုံးတည်း ထိုးနှံထားရုံမျှဖြင့် ဟေမိုဖီလီယာ-ဘီ ရောဂါလူနာများအနေဖြင့် အကြိမ်ကြိမ်ကုသမှုခံယူရမည့်အရေးကို ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း FDA ၏ကြေညာချက်၌ ဖော်ပြထားသည်။

ဟေမိုဖီလီယာ-ဘီ ရောဂါသည် မျိုးဗီဇဖောက်ပြန်မှုကြောင့် ဖြစ်ပွားတတ်သည့် သွေးမတိတ်ရောဂါတစ်မျိုးဖြစ်ပြီး လူပေါင်း ၄၀၀၀၀ လျှင် တစ်ဦးနှုန်းရှိတတ်သည့်ရောဂါဖြစ်သည်။

ဟေမိုဖီလီယာ-ဘီ ရောဂါသည် ကြပ်ကြပ်မတ်မတ် ကုသခြင်းမရှိပါက အသက်အန္တရာယ်ရှိသော နာတာရှည်ရောဂါ ဖြစ်သွားတတ်ကြောင်း သိရသည်။ KKO

## ဝက်သက်ကာကွယ်ဆေးထိုးနှံနိုင်မှုနှုန်းကျဆင်းခြင်းက ကျန်းမာရေးပြဿနာတစ်ရပ် ဖြစ်လာပြီဖြစ်

**ဂျီနီဗာ နိုဝင်ဘာ ၂၉**

ကာကွယ်ဆေးထိုးနှံနိုင်မှုနှုန်း တရိပ်ရိပ် ကျဆင်းလာခြင်းကြောင့် ဝက်သက်ရောဂါသည် ကမ္ဘာကြီးလက်ငင်းကြုံနေရသည့် ကျန်းမာရေးပြဿနာတစ်ရပ် ဖြစ်လာခဲ့ပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏အဆိုကို ကိုးကား၍ ယူပီအိုင်သတင်းဌာနက နိုဝင်ဘာ ၂၈ ရက်က ရေးသားတင်ပြထားသည်။

၂၀၂၁ ခုနှစ်အတွင်း တစ်ကမ္ဘာလုံး အတိုင်းအတာအရ ကလေးငယ်သန်း ၄၀ ခန့်မှာ ဝက်သက်ရောဂါကာကွယ်ဆေးများ ထိုးနှံနိုင်မှုမရှိခဲ့ကြောင်း WHO ၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

သို့ဖြစ်ရာ ကာကွယ်ဆေးထိုးနှံနိုင်မှုနှုန်း ကျဆင်းလာမှုကြောင့် ကမ္ဘာတစ်ဝန်းရှိ ကလေးသန်းပေါင်းများစွာတို့မှာ ဝက်သက်ရောဂါဖြစ်ပွားမှုနှင့် ရင်ဆိုင်ရမည့်အလားအလာရှိကြောင်း WHO က သတိပေးထားသည်။

ကမ္ဘာတစ်ဝန်းလုံး၌ ဝက်သက်ကာကွယ်ဆေး ထိုးနှံနိုင်မှုနှုန်းသည် ကိုဗစ်ကူးစက်မှုကပ်ဘေး စတင်ချိန်မှစ၍ ကျဆင်းခဲ့ရပြီး ရောဂါကူးစက်မှု စောင့်ကြည့်ရေးလုပ်ငန်းများလည်း အားနည်းခဲ့ရကြောင်း WHO အစီရင်ခံစာ၌ ရေးသားဖော်ပြထားသည်။

WHO ၏အဆိုအရ ၂၀၂၁ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းလုံး၌ ဝက်သက်ရောဂါဖြစ်ပွားမှုပေါင်း ကိုးသန်းထိရှိခဲ့ပြီး ၎င်းရောဂါကြောင့် သေဆုံးမှုပေါင်း ၁၂၈၀၀၀ ထိ ရှိခဲ့ကြောင်း သိရသည်။

ဗိုင်းရပ် ကူးစက်ရောဂါတစ်မျိုးဖြစ်သော ဝက်သက်ရောဂါသည် ကာကွယ်ဆေးနှစ်လုံးအပြည့်ထိုးနှံထားမှသာ ကာကွယ်နိုင်သည့်ရောဂါဖြစ်ကြောင်း သိရသည်။

KKO



နိုင်ငံတကာ
အားကစားသတင်းများ

# ဒဏ်ရာပြဿနာကြောင့် Hero World Challenge ပြိုင်ပွဲမှ တိုက်ဂါးဝုဒ် နုတ်ထွက်

**ဝါရှင်တန် နိုဝင်ဘာ ၂၉**

အမေရိကန် ဂေါက်သီးရိုက် ကစားသမား တိုက်ဂါးဝုဒ်သည် ဘဟားမားစ်နိုင်ငံ၌ ဒီဇင်ဘာ ၁ ရက်မှစတင်ကျင်းပမည့် Hero World Challenge ဂေါက်သီးရိုက် ပြိုင်ပွဲမှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု GA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်ဂါးဝုဒ် ဦးဆောင်ကျင်းပပေးသည့် Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နာမည်ကြီး ကစားသမားများကိုသာ ဖိတ်ကြားထားပြီး တိုက်ဂါးဝုဒ်အနေဖြင့် ကိုယ်တိုင်ပါဝင်ယှဉ်ပြိုင်သွားရန် ဆုံးဖြတ်ထားသော်လည်း ခြေဖဝါးဒဏ်ရာရရှိနေသည့်အတွက် ပြိုင်ပွဲမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

တိုက်ဂါးဝုဒ်က "Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားဖို့အတွက် ပြင်ဆင်လေ့ကျင့်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ပြိုင်ပွဲဝင်ဖို့အတွက်လဲ အဆင်သင့်ဖြစ်နေပါတယ်။ ဒါပေမဲ့လဲ ခြေဖဝါးဒဏ်ရာ ရထားတဲ့အတွက် လမ်းကောင်းကောင်းမလျှောက်နိုင်တော့တဲ့ အခြေအနေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ကျွန်တော့်ရဲ့ နည်းပြနဲ့တကွ ဆရာဝန်က ဒဏ်ရာအခြေအနေကို စစ်ဆေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ကာလတစ်ခုထိ အနားယူရမယ်လို့ ဆရာဝန်က မှတ်ချက်ပြုတဲ့အတွက် Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်နိုင်တော့မှာမဟုတ်ပါဘူး" ဟု ပြောကြားခဲ့သည်။

တိုက်ဂါးဝုဒ်သည် ဒဏ်ရာအခြေအနေပြင်းထန်သလို လမ်းလျှောက်ရန်ပင် ခက်ခဲနေခြင်းကြောင့် ကာလတစ်ခုထိ အနားယူရမည်ဖြစ်သော်လည်း ဒီဇင်ဘာ ၁၅ ရက်တွင် သားဖြစ်သူ ချာလီဝုဒ်နှင့်အတူ တွဲဖက်ယှဉ်ပြိုင်သွားမည့် PNC Championshipဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ပစ်မှတ်ထားနေကြောင်း ပြောကြားခဲ့သည်။

Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် ကစားသမား ဦးရေ ၂၀ ဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး Cut စနစ်မပါဘဲ နောက်ဆုံးနေ့ထိပြိုင်ပွဲဝင်အားလုံး ယှဉ်ပြိုင်သွားရမည်ဖြစ်သည်။

တိုက်ဂါးဝုဒ်သည် ၂၀၂၂ ခုနှစ်အတွင်း ဒဏ်ရာပြဿနာကြောင့် အဓိကဂေါက်သီးရိုက်ပြိုင်ပွဲများဖြင့် လွဲချော်ခဲ့ရပြီး ဇူလိုင်လတွင်ကျင်းပခဲ့သော The British Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နောက်ဆုံးယှဉ်ပြိုင် ကစားထားသူဖြစ်ကြောင်း သိရသည်။ AZL



## အားကစားသတင်း အတိုအထွာများ

- ဂျူဗင်တပ်အသင်းမှ ဥက္ကဋ္ဌ အက်ဂ်နယ်လီ၊ ဒုတိယဥက္ကဋ္ဌ နက်ဗက်အပါအဝင် အသင်းဘုတ်အဖွဲ့အားလုံး ရာထူးမှ နုတ်ထွက်ခဲ့ကြောင်း သိရသည်။
- အေဗီလာအသင်းတွင် နည်းပြသစ် အမ်မရီနှင့် ဆက်ဆံရေးအေးခဲလာသည့်အတွက် ဂိုးသမားမာတီနက်ဇ်က အသင်းပြောင်းရွှေ့ရန် စီစဉ်နေကြောင်း သိရသည်။
- နယူးကာဆယ်အသင်းက ဗာစကိုဒဂါးမားလူငယ်ကစားသမား အန်ဒရီဆန်းတို့စ်ကို စတာလင်ပေါင် ၂၅ သန်းဖြင့် ခေါ်ယူနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ML

## ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်ရလဒ်

| | | | | |
|---|---|---|---|---|
| အီကွေဒေါ | ၁ | - | ၂ | ဆီနီဂေါ |
| ကာတာ | ၀ | - | ၂ | နယ်သာလန် (၀၄၀) |

# ကမ္ဘာ့ဖလားအုပ်စုဒုတိယပွဲစဉ်အပြီးတွင် ဘရာဇီးအသင်းနှင့် ပေါ်တူဂီအသင်းတို့ ရှုံးထွက်အဆင့်တက်ရောက်



**ဒိုဟာ နိုဝင်ဘာ ၂၉**

ကမ္ဘာ့ဖလားအုပ်စု ဒုတိယပွဲစဉ်များအဖြစ် ဘရာဇီးအသင်းနှင့် ဆွစ်ဇာလန်အသင်းတို့ ပွဲစဉ်တွင် ဘရာဇီးအသင်းက တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ပေါ်တူဂီအသင်းနှင့် ဥရုဂွေးအသင်းတို့ပွဲစဉ်တွင် ပေါ်တူဂီ အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သောကြောင့် ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း ESPN သတင်းဌာနမှ သိရသည်။

ဆွစ်ဇာလန်အသင်းနှင့် ပွဲစဉ်တွင် ဘရာဇီးအသင်းအတွက် အနိုင်ဂိုးကို ပွဲကစားချိန် ၈၃ မိနစ်တွင် ကက်စမဲရိုးက သွင်းယူပေးခဲ့သဖြင့် ဘရာဇီးအသင်းအနေဖြင့် အုပ်စုပွဲစဉ်နှစ်ပွဲအပြီး ရမှတ်ခြောက်မှတ်ရရှိခဲ့သောကြောင့် အုပ်စုပထမဖြင့် ရှုံးထွက်အဆင့် တက်ရောက်ခဲ့သကဲ့သို့ ကမ္ဘာ့ဖလားသမိုင်းတွင်လည်း ၁၉၈၂ ခုနှစ်နောက်ပိုင်း အုပ်စုအဆင့်မှ တက်ရောက်နိုင်သည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ပေါ်တူဂီအသင်းနှင့် ဥရုဂွေးအသင်းတို့ပွဲစဉ်တွင် တစ်ဖက်နှင့်တစ်ဖက်အကြိတ်အနယ် ရှိခဲ့သော်လည်း ပေါ်တူဂီအသင်းအတွက် သွင်းဂိုးများကို ဒုတိယပိုင်းပွဲကစားချိန် ၅၄ မိနစ်နှင့်နာကျင်အချိန်ပို မိနစ် ၉၀ ကျော်တို့တွင် ကွင်းလယ်ကစားသမား ဟာနန်ဒက်စ်က သွင်းယူပေးခဲ့သဖြင့် ပေါ်တူဂီအသင်းအနေဖြင့် နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့ပြီး နောက်ဆုံးကစားခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲသုံးကြိမ်ဆက် အုပ်စုအဆင့်မှ ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် (၁၆) သင်းရှုံးထွက်အဆင့်တွင် အုပ်စု (G) ပထမနေရာမှ ဘရာဇီးအသင်းအနေဖြင့် အုပ်စု (H) မှ ဒုတိယနေရာဖြင့် တက်ရောက်လာမည့် ဂါနာသို့မဟုတ် ဥရုဂွေးအသင်းတို့နှင့် ကစားရမည်ဖြစ်သကဲ့သို့ အုပ်စု (H) မှ ပေါ်တူဂီအသင်းအနေဖြင့်လည်း အုပ်စု (G) မှ ဆွစ်ဇာလန်သို့မဟုတ် ဆားဘီးယားအသင်းတို့နှင့် တွေ့ဆုံနိုင်ဖွယ်ရှိကြောင်း သိရသည်။ ML

# ရွှေ့ဆိုင်းခဲ့ရသည့် ပရီးမီးယားလိဂ်ပွဲစဉ် (၁၂) ကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြန်လည်ကစားမည်ဟု အာဆင်နယ်အသင်းထုတ်ပြန်

**လန်ဒန် နိုဝင်ဘာ ၂၉**

အာဆင်နယ်အသင်းသည်ပြီးခဲ့သည့် အောက်တိုဘာ ၁၉ ရက်က မန်စီးတီးအသင်းနှင့် ပရီးမီးယားလိဂ်ပွဲစဉ်(၁၂)ကို လာမည့် ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြန်လည်ကစားမည်ဟုအတည်ပြုထုတ်ပြန်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အာဆင်နယ်အသင်းအနေဖြင့် အောက်တိုဘာ ၁၉ ရက်က ဘုရင်မ အဲလစ်ဇဘက်-၂ ၏ ဈာပန အခမ်းအနားကြောင့် ရွှေ့ဆိုင်းခဲ့ရသည့် ပီအက်စ်ဗွီအသင်းနှင့် ယူရိုပါလိဂ်ပွဲကျန်ကစားရမည်ဖြစ်သောကြောင့် မန်စီးတီးအသင်းနှင့် ကစားရမည့် ပရီးမီးယားလိဂ်ပွဲစဉ်ကို ရွှေ့ဆိုင်းခဲ့သော်လည်းယခုအခါနှစ်ဖက်အသင်း တာဝန်ရှိသူများတွေ့ဆုံကာ လာမည့် ဖေဖော်ဝါရီ၁၅ ရက်တွင် ပြန်ကစားရန် အတည်ပြုဆုံးဖြတ်ခဲ့သည်။

အာဆင်နယ်အသင်း နည်းပြအာတီတာက "ကျွန်တော်တို့အသင်းအနေနဲ့ မန်စီးတီးကို ဧည့်ခံကစားရမဲ့ပွဲစဉ် (၁၂) ကို ပီအက်စ်ဗွီနဲ့ ယူရိုပါလိဂ်ပြိုင်ပွဲကြောင့် ရွှေ့ဆိုင်းလိုက်ရတာပါ။ လက်ရှိမှာတော့ နှစ်ဖက်အသင်း တာဝန်ရှိသူတွေ တွေ့ဆုံပြီး ဖေဖော်ဝါရီ ၁၅ ရက်မှာ ပြန်ကစားဖို့ စီစဉ်ခဲ့ပါတယ်" ဟု ပြောကြားခဲ့သည်။

နည်းပြအာတီတာသည် ယခင်က မန်စီးတီးအသင်းနည်းပြဂွါဒီယိုလာလက်အောက်တွင် လက်ထောက်နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သော်လည်း အာဆင်နယ်အသင်းကိုနည်းပြအဖြစ် တာဝန်ယူချိန်တွင် လူငယ်ကစားသမားများဖြင့် အသင်းကိုပုံစံကောင်းရရှိအောင် တည်ဆောက်နိုင်ခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင် မန်စီးတီးအသင်းမှတိုက်စစ်မှူးဂျီဆပ်နှင့်ခံစစ်ကစားသမားဇီချန်ကိုတို့ကိုခေါ်ယူနိုင်ခဲ့ရာ အဆိုပါကစားသမားများ၏ ခြေစွမ်းပြသနိုင်မှုကြောင့် ပရီးမီးယားလိဂ်အမှတ်ပေးဇယားနှင့် ယူရိုပါလိဂ်ပြိုင်ပွဲတို့တွင် ဇယားထိပ်၌ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။ ML

# ဒဏ်ရာမှပြန်လည်သက်သာလာသည့် ဘင်ဇီးမား ပြင်သစ်အသင်းတွင် ပြန်လည်ပါဝင်ကစားဖွယ်ရှိ

**ပဲရစ် နိုဝင်ဘာ ၂၉**

ပြင်သစ်အသင်း အဓိကတိုက်စစ်ကစားသမား ဘင်ဇီးမားသည် ပေါင်ကြွက်သားဒဏ်ရာမှ အမြန်ဆုံး ပြန်လည်သက်သာလာခဲ့ပြီးနောက် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲလက်ကျန်ပွဲစဉ်များတွင် ပြန်လည်ပါဝင်လာနိုင်ဖွယ် ရှိနေသည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘင်ဇီးမားသည်၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အပြီးသတ်ကစားသမားစာရင်းတွင် ပါဝင်လာခဲ့သော်လည်း ပြိုင်ပွဲကျင်းပရန် ရက်ပိုင်းအလိုတွင် အသင်းနှင့်လေ့ကျင့်ရေးအစီအစဉ်၌ ပေါင်ကြွက်သားဒဏ်ရာရရှိခဲ့သည့်အတွက် အသင်း ကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက ဘင်ဇီးမားသည် ပေါင်ကြွက်သားဒဏ်ရာဖြင့် ရက်သတ္တသုံးပတ်ခန့်ထိ အနားယူရမည့် အခြေအနေကြောင့် အသင်းကစားသမားစာရင်းမှ နုတ်ထွက်ခဲ့သော်လည်း ယခုအခါဒဏ်ရာမှ ခန့်မှန်းထားသည့်ထက် ပိုမိုမြန်ဆန်စွာ သက်သာလာခဲ့သည့်အတွက် အသင်းတွင် ပြန်လည်ပါဝင်ကစားပေးဖွယ်ရှိနေခြင်းဖြစ်သည်။

ပြင်သစ်အသင်းနည်းပြဒက်ချမ့်က အသင်းတိုက်စစ်ပိုင်းတွင် အန်ကူကူဒဏ်ရာကြောင့် နုတ်ထွက်ခဲ့ရာတွင် ကစားသမားအစားထိုးခေါ်ယူခဲ့သော်လည်း ဘင်ဇီးမား ဒဏ်ရာရရှိခဲ့သည့်အချိန်၌ ကစားသမားအစားထိုး ခေါ်ယူထားခြင်း



မရှိသည့်အတွက် ဘင်ဇီးမားအနေဖြင့် ဒဏ်ရာအချိန်မီ ပြန်လည်သက်သာခဲ့ပါက ပြင်သစ်အသင်းနှင့်လက်ကျန်ပွဲစဉ်များတွင် ပါဝင်ကစားခွင့် ရရှိနေသောကြောင့် ရှုံးထွက်ပွဲစဉ်များတွင် ပြန်လည်ပါဝင်လာဖွယ် ရှိနေကြောင်း သိရသည်။ STA

# ခရစ္စတိုဖီအား နည်းပြသစ်အဖြစ် ခန့်အပ်ကြောင်း အန်ဒရက်စ်ကူ ထုတ်ပြန်





**အော့တာဝါ နိုဝင်ဘာ ၂၉**

ကနေဒါအမျိုးသမီး တင်းနစ်လောက၏ အဆင့် (၁) နေရာတွင် ရပ်တည်နေသော အန်ဒရက်စ်ကူသည် နည်းပြဖြစ်သူ နယ်သာလန်နိုင်ငံသား စဗန်ဂရိုနီဗက်နှင့်လမ်းခွဲခဲ့ပြီးနောက် နည်းပြသစ်အဖြစ် နယူးဇီလန်နိုင်ငံသား ခရစ္စတိုဖီကို ခန့်အပ်လိုက်သည်ဟု ထုတ်ပြန်ခဲ့ကြောင်း Tennis-X သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စဗန်ဂရိုနီဗက်သည် အန်ဒရက်စ်ကူနှင့် လက်တွဲဖြုတ်ခဲ့ရခြင်းမှာ စိန်ခေါ်မှုအသစ်များရင်ဆိုင်လိုသည့်အတွက် လမ်းခွဲခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်သွားခဲ့သော်လည်း အန်ဒရက်စ်ကူက လမ်းခွဲခဲ့ရသည့်အကြောင်းအရာကို ထုတ်ပြန်ခြင်းမရှိခဲ့ကြောင်း သိရသည်။

အသစ် ခန့်အပ်လိုက်သည့် နည်းပြဖြစ်သူ ခရစ္စတိုဖီနှင့် လာမည့် ရက်သတ္တပတ်တွင် စတင်လေ့ကျင့်မည်ဖြစ်ကြောင်း အန်ဒရက်စ်ကူက ဆက်လက်ပြောကြားခဲ့သည်။

ခရစ္စတိုဖီက "နယူးဇီလန် တင်းနစ်အဖွဲ့ချုပ်မှာ တာဝန်ထမ်းဆောင်နေတာ အဆင်ပြေပေမဲ့လဲ အန်ဒရက်စ်ကူရဲ့ ကမ်းလှမ်းမှုဟာ ငြင်းပယ်လို့မရနိုင်တဲ့ ကမ်းလှမ်းမှုမျိုးဖြစ်နေတဲ့အတွက် နည်းပြအဖြစ် တာဝန်ထမ်းဆောင်ပေးဖို့ ဆုံးဖြတ်ခဲ့တာပါ"ဟု ပြောကြားခဲ့သည်။

ခရစ္စတိုဖီသည် နယူးဇီလန် တင်းနစ်အဖွဲ့ချုပ်တွင် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး နည်းပြလောကတွင်လည်း ကာလတစ်ခုထိ ကျင်လည်ခဲ့ဖူးသူဖြစ်သည်။

နယူးဇီလန် တင်းနစ်အဖွဲ့ချုပ်တွင် အရေးပါသည့်တာဝန်ကို ထမ်းဆောင်နေသော်လည်း အန်ဒရက်စ်ကူ၏ ကမ်းလှမ်းမှုကိုမငြင်းဆန်နိုင်သည့်အတွက် နည်းပြအဖြစ် တာဝန်ယူသွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ခရစ္စတိုဖီကပြောကြားခဲ့သည်။ AZL

# အပ်စု(F) နောက်ဆုံးပွဲစဉ်မှာ မော်ရိုကို ကိုရွေးချယ်ရမှာပါ

**ကနေဒါ Vs မော်ရိုကို**

**ကစားမည့်ရက်/အချိန် ၁-၁၂-၂၀၂၂ (ည ၁၀း၃၀နာရီ)**

ကမ္ဘာ့ဖလားနှစ်ပွဲကစားအပြီးမှာ ကနေဒါအသင်းဟာ နှစ်ပွဲစလုံးရှုံးနိမ့်ခဲ့တာကြောင့် အုပ်စုကနေ ထွက်ခွာခဲ့ရပြီဖြစ်ပါတယ်။ သူတို့အသင်းဟာ အုပ်စုအဖွင့်ပွဲစဉ်မှာ ဘယ်လ်ဂျီယံကို ခြေစွမ်းပိုင်းအသာနဲ့ ကစားနိုင်ခဲ့ပြီး ပင်နယ်တီရရှိခဲ့ပေမဲ့ အယ်ဖွန်ဆိုဒေးဗစ် ဂိုးအဖြစ်မပြောင်းလဲနိုင်တာကြောင့် ရမှတ်ဆုံးရှုံးခဲ့တာကို တွေ့ရမှာပါ။ ဒါ့ပြင် ဒုတိယပွဲစဉ်မှာလဲ ခရိုအေးရှားကို ပွဲအစမှာ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပေမဲ့ ပွဲချိန်ကြာလာတာနဲ့ ခံစစ်ပိုင်းကျဆင်းလာတာကြောင့် ချေပဂိုးနဲ့ ဦးဆောင်ဂိုးတွေပါ ပေးလိုက်ရပြီး လေးဂိုး တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့ဖလားကနေ စောစီးစွာနှုတ်ဆက်ခဲ့ရပြီး အခုပွဲစဉ်ကိုတော့ ဂုဏ်သိက္ခာအရသာ ကစားလာနိုင်ပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်မှာ သူတို့အသင်းနည်းပြကတော့ ၄-၄-၂ ကစားကွက်နဲ့ ပွဲထွက်လာခဲ့ပေမဲ့ ဒီကစားကွက်မှာ တိုက်စစ်ပိုင်းအားနည်းချက်ရှိနေတာကြောင့် ထင်သလောက် အလုပ်မဖြစ်ခဲ့ပါဘူး။ အဓိက ကတော့ အထောင်တိုက်စစ်မှူးတွေဖြစ်တဲ့ ဂျွန်နသန်ဒေးဗစ်နဲ့လာရင်တို့ဟာ ဂိုးသွင်းယူနိုင်ခြင်းမရှိသလို ကွင်းလယ်က အယ်ဖွန်ဆိုဒေးဗစ်ဟာလဲ တိုက်စစ်နဲ့ တွဲဖက်မကစားနိုင်ခဲ့တာကြောင့် ရသင့်တဲ့ဂိုးတွေမရခဲ့ဘဲ အရှုံးနဲ့သာ ရင်ဆိုင်ခဲ့ရတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ၂၀၁၆ ခုနှစ်က မော်ရိုကိုနဲ့တွေ့ဆုံခဲ့တဲ့ ပွဲစဉ်မှာလဲ လေးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာလဲ ကွင်းလယ်ကစားသမား အက်စတာကွီအို ဒဏ်ရာကြောင့် မပါဝင်နိုင်တာကြောင့် ကစားအားကျဆင်းသွားမှာ သေချာပါတယ်။

မော်ရိုကိုအသင်းကတော့ အခုကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပုံစံကောင်းပြသနေတာကြောင့် အဖွင့်ပွဲစဉ်မှာ ခရိုအေးရှားအသင်းကို သရေရလဒ်ကစားနိုင်ခဲ့သလို ဒုတိယပွဲစဉ်မှာလဲ ဘယ်လ်ဂျီယံအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ အခုပွဲစဉ်ကို သရေတစ်မှတ်ယူနိုင်တာနဲ့ နောက်တစ်ဆင့်တက်ရောက်နိုင်မှာ ဖြစ်ပါတယ်။ သူတို့အသင်းတိုက်စစ်ပိုင်းကိုတော့ ဘူလ်ဖယ်၊ အန်ညက်ဆီရီ၊ ဇီရက်ချ်တို့ ဦးဆောင်နေပေမဲ့ အဓိက ခြေစွမ်းပြနေတာကတော့ ဟာကီမီ၊ ဇီရက်ချ်တို့ အတွဲပဲဖြစ်ပါတယ်။ ဒါ့ပြင် ဘယ်လ်ဂျီယံအသင်းနဲ့ပွဲစဉ်မှာလဲ နည်းပြဝါလစ်ရဲ့ လူစားလဲမှုမှန်ကန်ခဲ့တာကြောင့် ဦးဆောင်ဂိုးတွေကို လူစားဝင်ကစားသမားတွေက သွင်းယူပေးသွားတာကို တွေ့ရမှာပါ။ သူတို့နှစ်သင်းဟာ ခြေရည်တူအသင်းတွေဖြစ်ပေမဲ့ စုဖွဲ့မှုမှာတော့ မော်ရိုကိုက ပိုကောင်းသလို ကစားသမားတွေကလဲ အတွဲအဖက်မိမိ ကစားနိုင်တာကြောင့် ကနေဒါခံစစ်ပိုင်း မထိန်းချုပ်နိုင်ရင် ဂိုးများသွားနိုင်ပါတယ်။ ဒါကြောင့် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အုပ်စုအဆင့်က မကျော်နိုင်တဲ့ မှတ်တမ်းဆိုးကို ချေဖျက်ဖို့ ကြိုးစားလာမဲ့ မော်ရိုကိုအသင်းကိုပဲ ရွေးချယ်ရမှာပါ။ ML

**အင်တာနက်ခန့်မှန်း - ကနေဒါ ၁ - ၂ မော်ရိုကို**

# အက်ဖ်အေဖလားတတိယအဆင့်တွင် မန်ယူနှင့် အဲဗာတန်၊ မန်စီးတီးနှင့် ချဲလ်ဆီးအသင်းတို့ ထိပ်တိုက်တွေ့ဆုံ

**ဇူးရစ် နိုဝင်ဘာ ၂၉**

အက်ဖ်အေဖလား တတိယအဆင့်မဲခွဲမှုတွင် မန်ယူအသင်းက အဲဗာတန်အသင်းကို အိမ်ကွင်းတွင်လည်းကောင်း၊ မန်စီးတီးအသင်းက ချဲလ်ဆီးအသင်းကို အိမ်ကွင်းတွင်လည်းကောင်း ထိပ်တိုက်တွေ့ဆုံနေကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။



မန်စီးတီးအသင်းနှင့် ချဲလ်ဆီးအသင်းတို့သည် ပြီးခဲ့သည့်နိုဝင်ဘာ ၁၀ ရက်က ကစားခဲ့သည့် ကာရာဘောင်းဖလား တတိယအဆင့်တွင်လည်း ထိပ်တိုက်တွေ့ဆုံခဲ့ရာ မန်စီးတီးအသင်းက မာရက်ဇ်၊ အယ်ဗာရက်ဇ်တို့၏ သွင်းဂိုးများဖြင့် ချဲလ်ဆီးအသင်းကို အနိုင်ယူ၍ နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သကဲ့သို့ လက်ရှိ အက်ဖ်အေဖလား တတိယ အဆင့်တွင်လည်း ၎င်းတို့နှစ်သင်းပြန်လည်တွေ့ဆုံခဲ့ကြောင်း သိရသည်။

တတိယအဆင့် အခြားပွဲစဉ်များအဖြစ် လက်ရှိချန်ပီယံ လီဗာပူးနှင့်ဝုဗ်အသင်း၊ အောက်ဖို့ဒ်နှင့် အာဆင်နယ်အသင်း၊ စပါးနှင့် ပို့စ်မောက်အသင်း၊ ပရက်စတန်နှင့် ဟက်ဒါဖီးလ်အသင်း၊ မစ်ဒယ်ဘရော့နှင့် ဘရိုက်တန်အသင်း၊ ချက်စတာဖီးလ်နှင့် ဝက်စ်ဘရွန်းအသင်း၊ ချာတန်/ဆောက်ပို့နှင့် ဝါဆောအသင်း၊ ဘိုရီဟမ်းနှင့် အက်ကရင်တန်အသင်း၊ ဒါဘီနှင့် ဘန်စလေအသင်း၊ ကာဒစ်နှင့် လိဒ်အသင်း၊ ဘရန့်ဖို့ဒ်နှင့် ဝက်စ်ဟမ်းအသင်း၊ ဘုန်းမောက်နှင့် ဘန်လေအသင်း၊ ကိုဗင်ထရီနှင့် ဝီဟမ်းအသင်း၊ နော့ဝှစ်ချ်နှင့်ဘလက်ဘန်းအသင်း၊ အေဗီလာနှင့် စတီဗင်နေ့ချ်အသင်း၊ လူတန်နှင့်ဝီဂန်အသင်း၊ ဖလက်ဝုဒ်နှင့် ကျူပီအာအသင်း၊ ဂရင်းဘိုင်နှင့် ဘာတန်အသင်း၊ ဘလက်ပူးနှင့် နော်တင်ဟမ်အသင်း၊ ဒါဂျင်ဟမ် ရက်ဘရစ်/ဂျီလင်ဟမ်နှင့် လက်စတာအသင်း၊ ဖော်ရက်ဂရင်းနှင့် ဘာမင်ဂမ်အသင်း၊ ဘရစ္စတိုးနှင့် ဆွမ်ဆီးအသင်း၊ ဟာတယ်ပူးလ်နှင့် စတုတ်အသင်း၊ ဟူးလ်နှင့် ဖူလ်ဟမ်အသင်း၊ ပဲလေ့စ်နှင့်ဆောက်သမ်တန်အသင်း၊ မီဝေါလ်နှင့် ရှက်ဖီးလ်(U)အသင်း၊ ရှရီဘူရီနှင့် ဆန်းဒါးလန်းအသင်း၊ ရှက်ဖီးလ်(W)နှင့် နယူးကာဆယ်အသင်း၊ ရီဒင်းနှင့် ဝက်ဖို့ဒ်အသင်း၊ အစ်ဝှစ်ချ်နှင့် ရော့တာဒမ်အသင်းတို့ ကစားရမည်ဖြစ်သည်။

အဆိုပါပွဲစဉ်များကို ကမ္ဘာ့ဖလားပြိုင်ပွဲပြီးဆုံးပြီးနောက် အမှတ်ပေးပွဲစဉ်များ ပြန်လည်စတင်ချိန် လာမည့်နှစ် ဇန်နဝါရီ ၆ ရက်မှ ၉ ရက်အတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ML

# ထိုင်းအသင်းနှင့် ခြေစမ်းပွဲကစားမည့် မြန်မာအသင်း စခန်းသွင်းလေ့ကျင့်မှုများ စတင်

**ရန်ကုန် နိုဝင်ဘာ ၂၉**

ထိုင်းလက်ရွေးစင်အသင်းနှင့် နိုင်ငံတကာခြေစမ်းပွဲ အပါအဝင် ထိုင်းလိဂ် ကလပ်အသင်းအချို့နှင့် ခြေစမ်းပွဲများ ကစားရန်အတွက် မြန်မာ့ လက်ရွေးစင်အသင်းသည် နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၁၂ နာရီက ရန်ကုန်မြို့မှ ဗန်ကောက်မြို့သို့ ထွက်ခွာခဲ့ပြီး ထိုင်းနိုင်ငံ၌ စခန်းသွင်းလေ့ကျင့်မှုများ စတင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုင်းအသင်းနှင့်ခြေစမ်းပွဲအပါအဝင် အာဆီယံမစ်ဆူဘီရှီအီလက်ထရစ်ဖလားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်းကို ပဏာမကစားသမား ၂၅ ဦးဖြင့် ဖွဲ့စည်းထားပြီး ထိုင်းနိုင်ငံ၌ စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်သည်။

မြန်မာ့ လက်ရွေးစင်အသင်းသည် ထိုင်းနိုင်ငံလေ့ကျင့်ရေးခရီးစဉ်အတွင်း ဒီဇင်ဘာ ၃ ရက်နှင့် ၇ ရက်တို့တွင် ထိုင်းကလပ်အသင်းများနှင့်ခြေစမ်းပွဲစဉ်များကစားသွားမည်ဖြစ်ကာ ဒီဇင်ဘာ ၁၁ ရက်တွင် ထိုင်းလက်ရွေးစင်အသင်းနှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် အသိအမှတ်ပြု နိုင်ငံတကာခြေစမ်းပွဲ ကစားသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်းနည်းပြ အန်တွမ်နီဟေးက ထိုင်းအသင်းနှင့်ကစားမည့်ခြေစမ်းပွဲစဉ်ပြီးလျှင် ဒီဇင်ဘာလအတွင်း ကျင်းပမည့် အာဆီယံဒေသတွင်း အဆင်မြင့်ဆုံးပြိုင်ပွဲတစ်ခုဖြစ်သည့် အာဆီယံမစ်ဆူဘီရှီ အီလက်ထရစ်ဖလားပြိုင်ပွဲအတွက် အပြီးသတ်ကစားသမားစာရင်း ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။ STA

# ပဉ္စမအကြိမ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ကွန်ဂရက်စ်အခမ်းအနားကျင်းပပြီးစီး

**ရန်ကုန် နိုဝင်ဘာ ၂၉**

ပဉ္စမအကြိမ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ကွန်ဂရက်စ်အခမ်းအနားကို ယနေ့တွင်Video Conferencing ဖြင့် ကျင်းပပြီးစီးခဲ့သည်။

ဦးစွာ ပဉ္စမအကြိမ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ညီလာခံ စတင်ကြောင်း ကြေညာအပြီးတွင် တက်ရောက်လာကြသည့် ဘောလုံးအဖွဲ့ချုပ်စာရင်းကို ကြေညာခဲ့ကြောင်း သိရသည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏၂၀၂၂ ခုနှစ် လုပ်ရှားမှုများကို Video Clip ဖြင့် ပြသခဲ့ပြီးနောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။

ယင်းနောက် အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ Salman bin Ibrahim Al Khalifa မှ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး ၂၀၂၂ ခုနှစ်အတွင်း မြန်မာ့ဘောလုံးလောကမှ ကွယ်လွန်ခဲ့သူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဆုတောင်းခြင်းပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ညီလာခံအခမ်းအနားသို့ မဲပေးခွင့်ရှိသူ ၂၆၄ ဦးအနက် ၂၃၃ ဦး တက်ရောက်ခဲ့သဖြင့် အခမ်းအနားအစီအစဉ် အတည်ပြုကြောင်း ကြေညာခဲ့ပြီးနောက် သက်ဆိုင်ရာမြို့နယ်အလိုက် ဥက္ကဋ္ဌနေရာအတွက် မဲပေးမှုများ အသီးသီးပြုလုပ်ခဲ့ကြကာ အတည်ပြုခန့်အပ်ခဲ့ပြီးနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက ဘဏ္ဍာရေးအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်အတွက် စာရင်းပိုင်းဆိုင်ရာ စစ်ဆေးရန်နှင့်အတည်ပြုပေးရန် မှတ်ပုံတင်စာရင်းကိုင်အဖွဲ့ဥက္ကဋ္ဌအဖြစ် ဦးဝမ်တင်ကို ခန့်အပ်ကြောင်း ကြေညာခဲ့ပြီးနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်မှ နိဂုံးချုပ်အမှာစကားပြောကြားပြီး ညီလာခံကို အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း ကြေညာကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ STA

# ပြည်သူသန်း ၁၄၀၀ ကျော်ကို စားနပ်ရိက္ခာလုံခြုံမှုပေးထားသော တရုတ်နိုင်ငံ



တရုတ်နိုင်ငံပြီးလျှင် ကမ္ဘာ့ဒုတိယအကြီးမားဆုံး ဂျုံထုတ်လုပ်သည့် အိန္ဒိယနိုင်ငံတွင် အစိုးရက တိုင်းပြည်အတွင်း အပူချိန်မြင့်တက်လာမှုများကြောင့် အမျိုးသားစားနပ်ရိက္ခာလုံခြုံမှုအတွက် စီမံခန့်ခွဲဆောင်ရွက်သွားရန် လိုအပ်သည်ဟုဆိုကာ ယခုနှစ် မေ ၁၃ ရက်တွင် ဂျုံတင်ပို့မှု ရပ်ဆိုင်းခဲ့သည်။ ယူကရိန်းအရေးကြောင့် စိုက်ပျိုးရာသီတွင်ကောက်ပဲသီးနှံစိုက်ပျိုးရန် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်လျက်ရှိသည့်အပြင် နိုင်ငံတကာဂျုံတင်ပို့မှုများကိုလည်း ဖြတ်တောက်လျှော့ချသွားမည်ဆိုသော ခြိမ်းခြောက်မှုများဖြစ်ပေါ်လျက်ရှိရာ စားနပ်ရိက္ခာပြတ်လပ်မှုနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှုများ ဖြစ်ပေါ်လာခဲ့သည်။ ထို့ပြင် အိန္ဒိယ၏ဂျုံတင်ပို့မှုတားမြစ်ခြင်းသည် ကမ္ဘာတစ်ဝန်း စားနပ်ရိက္ခာပြတ်လပ်မှုဖြစ်ပေါ်လာတော့မလားဆိုသည့် စိုးရိမ်ပူပန်မှုများကိုလည်း ဖြစ်ပေါ်လာစေလျက်ရှိသည်။

တရုတ်လူ့အဖွဲ့အစည်း၌ပင်လျှင် ပြည်သူများသည် ဆန်နှင့်ဂျုံများ သိုလှောင်သွားရန် သင့်၊ မသင့် စဉ်းစားသုံးသပ်နေပြီဖြစ်သည်။ လူဦးရေ သန်း ၁၄၀၀ ကျော်ရှိသော တရုတ်နိုင်ငံအနေဖြင့် နှစ်စဉ် စားနပ်ရိက္ခာများစွာစားသုံးလျက်ရှိသည်။ ဆိုရလျှင် တရုတ်နိုင်ငံ၏ စားနပ်ရိက္ခာလိုအပ်ချက်သည် နိုင်ငံတကာ ကုန်ဈေးနှုန်းများအပေါ်သက်ရောက်မှုရှိလာနိုင်ပေသည်။

ရုရှား၊ ယူကရိန်း၊ အမေရိကန်နှင့် ကနေဒါနိုင်ငံတို့သည် ကမ္ဘာ့ဂျုံတင်ပို့မှု အများဆုံးနိုင်ငံများဖြစ်သည်။ လက်ရှိဖြစ်ပွားနေသော ယူကရိန်းအရေးသည် ရုရှားနှင့် ယူကရိန်းတို့၏ ဂျုံတင်ပို့မှုအပေါ် ဆိုးကျိုးများစွာ သက်ရောက်လျက်ရှိသည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါသည် အမေရိကန်နှင့်ကနေဒါနိုင်ငံတို့၏ ဂျုံတင်ပို့မှုအပေါ် ထိခိုက်စေလျက်ရှိသည်။ သဘာဝဘေးအန္တရာယ်များကလည်း ကမ္ဘာလုံးဆိုင်ရာစားနပ်ရိက္ခာထုတ်လုပ်မှုအပေါ် အကြီးအကျယ် ထိခိုက်စေလျက်ရှိသည်။

သာဓကအနေဖြင့် ၂၀၂၁ ခုနှစ်အတွင်း ပူပြင်းခြောက်သွေ့မှုများကြောင့် အမေရိကန်၏ ဂျုံထုတ်လုပ်မှုကို သိသိသာသာ လျော့နည်းကျဆင်းစေခဲ့ရာ နှစ်ပေါင်း ၃၀ အတွင်း ဂျုံထုတ်လုပ်နိုင်မှု ၄၄ ရာခိုင်နှုန်းထိ စံချိန်တင်ကျဆင်းခဲ့သည်။ ထို့ပြင် လူသားတို့ နေ့စဉ်စားသုံးလျက်ရှိသော ဆန်တင်ပို့မှုမှာလည်း သိသိသာသာ ကျဆင်းခဲ့သည်။ တရုတ်နိုင်ငံ၏ အိမ်နီးချင်းဖြစ်သည့် ဗီယက်နမ်နိုင်ငံသည် ပြည်ပသို့ ဆန်တင်ပို့ရာတွင် သဘောတူစာချုပ်အသစ်များ ထပ်မံချုပ်ဆိုမှုကို ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ကြေညာခဲ့သလို ကမ္ဘောဒီးယားနိုင်ငံကလည်း ဆန်မွှေးတင်ပို့မှုမှအပ အခြားသော ဆန်၊ စပါးများတင်ပို့မှုကို ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)အဆိုအရ ကမ္ဘာ့လူ့အဖွဲ့အစည်းသည် ဒုတိယကမ္ဘာစစ်ဖြစ်ပွားပြီးနောက်ပိုင်း အကြီးမားဆုံးသော စားနပ်ရိက္ခာအကျပ်အတည်းကို ကြုံတွေ့နေရပြီဖြစ်ကြောင်း၊ လက်ရှိ အခြေအနေတိုင်းသာ ဆက်သွားမည်ဆိုလျှင် အရေးပေါ်စားနပ်ရိက္ခာလိုအပ်နေသော ပြည်သူ ၁၂၅ သန်းကျော်အတွက် လုံလောက်သော စားနပ်ရိက္ခာပံ့ပိုးပေးနိုင်ရေးအတွက် များစွာရုန်းကန်ရမည်ဖြစ်ကြောင်း ဖော်ပြထားရှိသည်။

ထို့ကြောင့် တရုတ်နိုင်ငံအတွင်း၌ စားနပ်ရိက္ခာပြတ်လပ်မှုဖြစ်ပေါ်လာမည်ဆိုလျှင် စားနပ်ရိက္ခာ မလုံလောက်မှုပြဿနာကို တစ်ကမ္ဘာလုံး လွှမ်းခြုံခံစားရလိမ့်မည်ဖြစ်သည်။ စားနပ်ရိက္ခာအပြင် တရုတ်နိုင်ငံအတွင်း၌ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ မတည်ငြိမ်မှုများ ဖြစ်ပေါ်လာမည်ဆိုလျှင် အခြားဒေသများသို့လည်း သက်ရောက်မှုရှိလာနိုင်ပေသည်။ ကံကောင်းသည့်အချက်မှာ လက်ရှိအချိန်ထိ ဆိုခဲ့ပါ အကျပ်အတည်းများ ဖြစ်ပေါ်မည့်လက္ခဏာကို မမြင်တွေ့ရသေးပေ။ စားနပ်ရိက္ခာလုံခြုံရေးအတွက် တရုတ်နိုင်ငံ၏ အလေးထားဆောင်ရွက်မှုသည် တရုတ်ပြည်သူများကို ပြည်ပပို့ကုန်တင်ပို့မှု တားမြစ်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲဆိုးကျိုးများကိုလည်း လျှော့ချစေနိုင်သည်။

စင်စစ်အားဖြင့် တရုတ်နိုင်ငံသည် တိုင်းပြည်၏ စိုက်ပျိုးမြေဧရိယာ ဟက်တာသန်း ၁၂၀ ကို လျှော့ချခြင်းမရှိဘဲ ထိန်းသိမ်းစိုက်ပျိုးထားခြင်းအားဖြင့် စားနပ်ရိက္ခာလုံခြုံမှုအတွက် တင်းကျပ်စွာဆောင်ရွက်ထားရှိသည်။ မျိုးစေ့နှင့်ပျိုးပင်ပေါက်အရည်အသွေးမြှင့်တင်ခြင်း၊ မြေဆီလွှာအရည်အသွေး ထိန်းသိမ်းခြင်း၊ ပိုးမွှားကာကွယ်ခြင်း စသည့်နည်းလမ်းများဖြင့် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတွင် ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များကို တွင်ကျယ်စွာအသုံးပြုလျက်ရှိသည်။ တရုတ်နိုင်ငံ၏ ကောက်ပဲသီးနှံဈေးနှုန်းထိန်းချုပ်ရေးမူဝါဒသည် တောင်သူလယ်သမားများကို ဈေးနှုန်းအတက်အကျဖြစ်ပေါ်မှုမှ ကာကွယ်ပေးနိုင်သည့်အပြင် နှစ်စဉ် ကောက်ပဲသီးနှံများ တိုးမြှင့်စိုက်ပျိုးရေးအတွက်လည်း တွန်းအားတစ်ရပ်ဖြစ်စေခဲ့သည်။

ဆိုခဲ့ပါ အစီအမံများသည် စားနပ်ရိက္ခာလုံခြုံရေးအတွက် ခိုင်မာသောအတားအဆီး အကာအကွယ်များဖြစ်စေသည့်အပြင် ဆယ်စုနှစ်တစ်ခုကျော်ကြာ စားနပ်ရိက္ခာ တိုးမြှင့်ထုတ်လုပ်ရာတွင်လည်း များစွာအထောက်အကူပြုလျက်ရှိသည်။ ၂၀၂၁ ခုနှစ်အတွင်း တရုတ်နိုင်ငံ၏ ကောက်ပဲသီးနှံထုတ်လုပ်မှုသည် ၆၈၀ ဘီလီယံ ကီလိုဂရမ်ထိရောက်ရှိခဲ့ပြီး ၂၀၂၂ ခုနှစ်အတွက် ၆၅၀ ဘီလီယံ ကီလိုဂရမ် ထုတ်လုပ်သွားရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည်။ လွန်ခဲ့သော သုံးနှစ်အတွင်း တရုတ်နိုင်ငံ၏ နှစ်စဉ်ပြည်တွင်းစားသုံးမှုသည် ၆၄၀ ဘီလီယံ ကီလိုဂရမ်ခန့်ရှိသောကြောင့် ၆၅၀ ဘီလီယံ ကီလိုဂရမ်ထုတ်လုပ်နိုင်မည်ဆိုလျှင် သန်း ၁၄၀၀ ကျော်ရှိသော ပြည်သူများ စားနပ်ရိက္ခာလိုအပ်ချက်ကို အလုံအလောက်ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

ပဋိပက္ခများဖြစ်ပေါ်လျက်ရှိသည့် ကမ္ဘာကြီးတွင် ကိုဗစ်-၁၉ ရောဂါအလွန် အကျပ်အတည်းများနှင့် သဘာဝဘေးအန္တရာယ်တို့ကြောင့် စားနပ်ရိက္ခာထုတ်လုပ်မှု ကျဆင်းလာခဲ့သည့်တိုင်အောင် တရုတ်နိုင်ငံ၏ အရန်စားနပ်ရိက္ခာများသည် ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ အမျိုးသားစားနပ်ရိက္ခာနှင့် မဟာဗျူဟာမြောက်အရန်များထားရှိရေးဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၏အဆိုအရ လက်ရှိအချိန်တွင် တရုတ်နိုင်ငံ၌ အရန်စားနပ်ရိက္ခာကိုစံချိန်တင် သိုလှောင်ထားကြောင်း၊ ဂျုံနှင့်ဆန်တို့သည် အရန်ရိက္ခာ စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကျော်ရှိကြောင်း၊ ပြည်တွင်းစားနပ်ရိက္ခာ လုံခြုံမှုကြောင့် ပြည်ပမှတင်သွင်းရန် မလိုအပ်ကြောင်း ဖော်ပြထားသည်။ ကုန်စည်တင်သွင်းမှု ခေတ္တရပ်ဆိုင်းမှုဖြစ်ပွားခဲ့သည့်တိုင်အောင် အဓိကစားနပ်ရိက္ခာမဟုတ်သော ကုန်ပစ္စည်းများဖြန့်ဖြူးရာတွင်သာ ကမောက်ကမဖြစ်စေနိုင်ပေသည်။

တရုတ်နိုင်ငံသည် စားနပ်ရိက္ခာပြတ်လပ်မှု ချက်ချင်းမဖြစ်ပွားသည့်တိုင်အောင် စားနပ်ရိက္ခာလုံခြုံမှုလုပ်ငန်းစဉ်များကို အလေးထားလုပ်ဆောင်လျက်ရှိသည်။ နိုင်ငံတကာပဋိပက္ခများ၊ ကပ်ရောဂါများ၊ သဘာဝဘေးအန္တရာယ်များ၊ ကုန်သွယ်ရေးတားမြစ်မှုများ စသည့်အကျပ်အတည်းများကြောင့် စားနပ်ရိက္ခာ ပြတ်လပ်မှုများဖြစ်ပေါ်စေတတ်သဖြင့် ပြည်သူများ၏ စားနပ်ရိက္ခာလုံခြုံမှုကို အမြဲတစေ အလေးထား ဆောင်ရွက်သွားရန်လိုအပ်သည်။

အမှန်တော့ ရုရှားနှင့် ယူကရိန်းတို့သည် ကမ္ဘာ့ဂျုံတင်ပို့မှု၏ ၃၀ ရာခိုင်နှုန်းနှင့် နေကြာဆီတင်ပို့မှု၏ ၈၀ ရာခိုင်နှုန်းထိရှိသောကြောင့် ဂျုံနှင့်နေကြာဆီ တင်သွင်းနေရသောနိုင်ငံများသည် အခက်ကြုံတွေ့နေကြရပြီဖြစ်သည်။ မဝေးတော့သည့်အချိန်အတွင်း ယူကရိန်းအရေးအခင်း အဆုံးသတ်ခဲ့သည့်တိုင်အောင် စွမ်းအင်၊ သဘာဝဓာတ်မြေသြဇာနှင့် စားနပ်ရိက္ခာဈေးနှုန်းများသည် နောက်ထပ်တစ်နှစ်ခန့် ဈေးနှုန်းဆက်လက်မြင့်တက်နေဦးမည်ဖြစ်သည်။ ဓနအင်အားကြွယ်ဝသော အနောက်နိုင်ငံများအနေဖြင့် ကုန်ဈေးနှုန်း မြင့်တက်လာမှုအခြေအနေကို ကျော်လွှားနိုင်သော်လည်း ဆင်းရဲတွင်းနက်နေသောနိုင်ငံများသည် ယူကရိန်း နှင့် ရုရှားနိုင်ငံမှ ကုန်စည်များတင်သွင်းနိုင်ခြင်းမရှိသောကြောင့် စားနပ်ရိက္ခာပြတ်လပ်မှုနှင့် ကြုံတွေ့ရနိုင်ပေသည်။ လတ်တလောအခြေအနေအရ ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာပြတ်လပ်မှု မဖြစ်သေးသော်လည်း ယူကရိန်းအရေး ကာလရှည်ကြာ ဆက်လက်ဖြစ်ပွားနေမည်ဆိုလျှင် ဓာတ်မြေသြဇာလိုအပ်ချက်ကြောင့် စားနပ်ရိက္ခာဈေးနှုန်းများ မြင့်တက်လာမည်မှာ သံသယဝင်ရန်ပင် မလိုတော့ချေ။

ထို့ကြောင့် တရုတ်နိုင်ငံသည် ပြည်တွင်း စားနပ်ရိက္ခာလုံခြုံမှုအတွက် မူဝါဒများနှင့် အစီအမံများချမှတ်ကာ အကောင်အထည်ဖော်လျက်ရှိရာ အမေရိကန်နိုင်ငံမှ ပဲပိစပ်တင်သွင်းမှုကိုပင်လျှင် လျှော့ချကာ ပြည်တွင်း၌တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဆိုရလျှင် လူဦးရေသန်း ၁၄၀၀ ကျော်ရှိသော တရုတ်နိုင်ငံတွင် စားနပ်ရိက္ခာရှားပါးမှုဖြစ်ပေါ်လာမည်ဆိုလျှင် အခြားသောဒေသများသို့ပင်လျှင် သက်ရောက်မှုများဖြစ်ပေါ်လာနိုင်သဖြင့် တရုတ်အစိုးရသည် စားနပ်ရိက္ခာလုံခြုံမှုအတွက် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး ခေတ်မီနည်းပညာများ အသုံးချကာ ဆောင်ရွက်လျက်ရှိပေသည်။



**ကိုးကား**

- **How China Feeds Its 1.4 Billion People by Beijing Review**

**မောင်စိန်အိ(နဘဲမြေ)**

# ရေစကြိုမြို့နယ်ရှိ ပခန်းငယ်စေတီတော် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည်



**နေပြည်တော် နိုဝင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်ရှိ ပခန်းငယ်စေတီတော် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ) နေပြည်တော်မှ ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်က ပြောပြ၍ သိရသည်။

အဆိုပါ ပခန်းငယ်စေတီတော်သည် ရေစကြိုမြို့နယ်အတွင်း တည်ရှိပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ထိန်းသိမ်းထားသည့် ရှေးဟောင်းသာသနိက အဆောက်အအုံဖြစ်ကြောင်း၊ ယခုဘဏ္ဍာနှစ်အတွင်း ပြုပြင်ထိန်းသိမ်းခြင်းများပြုလုပ်ရန် ကွင်းဆင်းမှုများကို နိုဝင်ဘာ ၂၈ ရက်က စတင်ကာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ပညာရှင်များ၊ ဒေသခံများက ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

"အခုဘဏ္ဍာနှစ်အတွင်းမှာ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်မှာဖြစ်တဲ့အတွက် ပညာရှင်တွေ ကွင်းဆင်းနေပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်အတွင်းက ပြုပြင်ထိန်းသိမ်းထားတဲ့ သေခဲလှတန်ဆောင်းကလဲ ဒီနှစ်မှာ ရာသီဥတုဒဏ်ကြောင့် ယိုယွင်းမှု တချို့ရှိနေတဲ့အတွက် အဲဒါကိုလဲ ပြုပြင်ထိန်းသိမ်းရမဲ့ အပိုင်းတွေကို ကွင်းဆင်းဆောင်ရွက်နေကြပါတယ်"ဟု ဦးအောင်အောင်ကျော်က ပြောပြသည်။

ရေစကြိုမြို့နယ်အတွင်းရှိ ပခန်းဒေသတွင် ရှေးဟောင်းအဆောက်အအုံများကို ရှေးမူမပျက် ထိန်းသိမ်းနိုင်ရန် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက စာရင်းကောက်ယူထားရာ အဆောက်အအုံပေါင်း ၃၂၂ ခု ရှိကြောင်း၊ ပခန်းဒေသတွင် ပခန်းကြီးမှာ ကျွန်းတိုင်လုံး ၂၅၄ လုံး အသုံးပြု၍ ရတနာပုံခေတ်လက်ရာအတိုင်း တည်ဆောက်ထားသည့် ပခန်းကျောင်းတော်ကြီးကြောင့် ထင်ရှားပြီး သရက္ခန်သားဖြင့် ပြုလုပ်ထားသော စည်သူရှင်ဘုရားကြောင့်လည်း ပြည်တွင်းခရီးသွားများကြား အလွန်ထင်ရှားကြောင်း သိရသည်။

ASH

# နှလုံးသားကိုအလှဆင်မည့် အငြိမ့်မင်းသမီးများပရဟိတအဖွဲ့က အငြိမ့်မင်းသမီးကြီးလေးဦးကို ငွေကျပ်တစ်သိန်းစီပံ့ပိုးခဲ့

**ရန်ကုန် နိုဝင်ဘာ ၂၉**

နှလုံးသားကိုအလှဆင်မည့် အငြိမ့်မင်းသမီးများပရဟိတအဖွဲ့က အငြိမ့်သဘင်လောကတွင် ထင်ရှားကျော်ကြားခဲ့ပြီး လက်ရှိကာလအခက်အခဲများနှင့် ရင်ဆိုင်နေရသည့် သက်ကြီးရွယ်အိုနာမကျန်းအနုပညာရှင် အငြိမ့်မင်းသမီးကြီး လေးဦးကို နိုဝင်ဘာလအတွင်း စေတနာရှင်၊ အလှူရှင်များ၏အကူအညီဖြင့် ပံ့ပိုးကူညီခဲ့ကြောင်း နှလုံးသားကိုအလှဆင်မည့် အငြိမ့်မင်းသမီးများ ပရဟိတအဖွဲ့ဥက္ကဋ္ဌ အငြိမ့်မင်းသမီး ကျားလေးစိန်က ပြောပြ၍ သိရသည်။

အငြိမ့်သဘင်လောကတွင် ထင်ရှားကျော်ကြားခဲ့သည့် အနုပညာရှင်အငြိမ့်မင်းသမီးကြီးဦးရေ ၄၀ ရှိသည့်အနက် လတ်တလောတွင် အသက်အရွယ်ကြီးကာ ကျန်းမာရေးကောင်းမွန်ခြင်းမရှိဘဲ အခက်အခဲရှိနေသည့် အငြိမ့်မင်းသမီးကြီးလေးဦးမှာ အကူအညီများ လိုအပ်နေသဖြင့် အငြိမ့်မင်းသမီးကြီးတစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီ ပံ့ပိုးကူညီခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"တစ်ခေတ်တစ်ခါက ကျော်ကြားခဲ့တဲ့ ခေါင်းဆောင် အငြိမ့်မင်းသမီးကြီးတွေထဲမှာ အသက်အရွယ်ရလာပြီးတော့ ကျန်းမာရေး၊ လူမှုရေးအခက်အခဲတွေနဲ့ ရင်ဆိုင်နေရတဲ့ အငြိမ့်မင်းသမီးကြီးတွေကို ကူညီနိုင်ဖို့အတွက် ကျွန်မတို့အငြိမ့်မင်းသမီးတွေက ပရဟိတအဖွဲ့ကို ဖွဲ့ထားတာဖြစ်ပါတယ်။ အငြိမ့်မင်းသမီးများ ပရဟိတအဖွဲ့က စေတနာရှင်၊ အလှူရှင်တွေကို ဖိတ်ခေါ်ပြီး ကူညီပံ့ပိုးပေးနေပါတယ်။ အခု နိုဝင်ဘာလအတွင်းမှာ စေတနာရှင်၊ အလှူရှင်တွေနဲ့ လက်တွဲပြီးတော့ အငြိမ့်မင်းသမီးကြီး လေးယောက်ကို ငွေကျပ်တစ်သိန်းစီ ပံ့ပိုးကန်တော့ပြီးဖြစ်ပါတယ်"ဟု အငြိမ့်မင်းသမီး ကျားလေးစိန်က ပြောပြသည်။



အငြိမ့်မင်းသမီးကြီး သိင်္ဂီရွှေကို ပံ့ပိုးငွေပေးအပ်စဉ်။

ထိုသို့ ပံ့ပိုးကူညီရာတွင် ထားဝယ်မြို့မှ အငြိမ့်မင်းသမီးကြီး သိင်္ဂီရွှေကို နိုဝင်ဘာ ၂၈ ရက်ကလည်းကောင်း၊ ပခုက္ကူမြို့မှ အငြိမ့်မင်းသမီးကြီး မယ်ဗမာခင်စန်းဝေကို နိုဝင်ဘာ ၁၉ ရက်ကလည်းကောင်း၊ ဟင်္သာတမြို့မှ အငြိမ့်မင်းသမီးကြီး သဇင်မြိုင်ကို နိုဝင်ဘာ ၁၃ ရက်ကလည်းကောင်း၊ မန္တလေးမြို့မှ ရန်ကုန်သူချယ်ရီစိန်ကို နိုဝင်ဘာ ၅ ရက်ကလည်းကောင်း သွားရောက်ပံ့ပိုးကူညီ ကန်တော့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ASH

# လှိုင်းဘွဲ့မြို့နယ် ကုန်းကလေးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**လှိုင်းဘွဲ့ နိုဝင်ဘာ ၂၉**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်းကလေးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်နှင့် ခရိုင်၊ မြို့နယ်ဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ကုန်းကလေးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးရွာရေရရှိရေးလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၆ ဒသမ ၈၇၇ သန်းဖြင့် စက်ရေတွင်း အကျယ်လေးလက်မ၊ အနက်ပေ ၂၀၀ တူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းတို့ကို တင်ဒါအောင်မြင်သည့် ခိုင်ခံ့မြေကုမ္ပဏီက ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၆၄ အိမ်၊ လူ ၅၃၅ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သောက်သုံးရေဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်ထံမှ သိရသည်။ **ကျော်ရိုး**

# Long Day's Journey Into Night ဇာတ်ကား ရိုက်ကူးမှုပြီးဆုံး

**နယူးယောက် နိုဝင်ဘာ ၂၉**

Long Day's Journey Into Night အမည်ရှိ ရုပ်ရှင်ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းပြီးဆုံးပြီဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၂၈ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသမီး ဂျက်ဆီကာလန်းနှင့် မင်းသား အက်ဟားရစ်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Long Day's Journey Into Night ဇာတ်ကားသည် ကမ္ဘာကျော် အမေရိကန်ပြဇာတ်ရေးဆရာ ယူဂျင်အိုနီး၏ ခေါင်းစဉ်တူပြဇာတ်ကို အခြေခံရိုက်ကူးထားခြင်းဖြစ်သည်။

မိသားစု ဒရာမာဇာတ်ကား အမျိုးအစားဖြစ်သည့် အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ဂျိုနာသန်ကန့်က တာဝန်ယူရိုက်ကူးပေးခဲ့ခြင်းဖြစ်သည်။

ယခုအခါ Long Day's Journey Into Night ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းမှာ အိုင်ယာလန်နိုင်ငံ၌ ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း သိရသည်။

Long Day's Journey Into Night ပြဇာတ်ကို ယခင်ကလည်း အခြားဒါရိုက်တာများက ရုပ်ရှင်ဇာတ်ကားအဖြစ် ဖန်တီးခဲ့ကြဖူးကြောင်း သိရသည်။

KKO



# Just Cause ရုပ်သံဇာတ်လမ်းတွဲ၌ မင်းသမီး စကားလက်ဂျိုဟန်ဆင် ပါဝင်မည်

**နယူးယောက် နိုဝင်ဘာ ၂၉**

ကမ္ဘာကျော် ဟောလီဝုဒ်မင်းသမီး စကားလက်ဂျိုဟန်ဆင်သည် Amazon စတူဒီယို၏ Just Cause အမည်ရှိ ထိတ်လန့်သည်းဖိုရုပ်သံဇာတ်လမ်းတွဲ၌ ပါဝင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၂၈ ရက်တွင် ရေးသားတင်ပြထားသည်။

အသက် ၃၈ နှစ်အရွယ် စကားလက်ဂျိုဟန်ဆင်သည် Just Cause ရုပ်သံဇာတ်လမ်းတွဲ၌ ပါဝင်သရုပ်ဆောင်မည့်အပြင် ထုတ်လုပ်သူတာဝန်ကိုပါ ရယူမည်ဖြစ်သည်။


Just Cause ရုပ်သံဇာတ်လမ်းတွဲသည် Just Cause(1995) ရုပ်ရှင်ဇာတ်ကားကို အခြေခံရိုက်ကူးမည့် ရုပ်သံဇာတ်လမ်းတွဲဖြစ်သည်။

မင်းသမီး စကားလက်ဂျိုဟန်ဆင်သည် Just Cause(1995) တွင် ကလေးသရုပ်ဆောင်အဖြစ် ပါဝင်ခဲ့ဖူးသူဖြစ်သည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် စကားလက်ဂျိုဟန်ဆင်သည် သေဒဏ်ကျအကျဉ်းသားတစ်ဦး၏ နောက်ဆုံးရက်များကို သတင်းရယူရမည့် သတင်းထောက်တစ်ဦးအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

မင်းသမီး စကားလက်ဂျိုဟန်ဆင်သည် ယခင်က Saturday Night Live ကဲ့သို့ ရုပ်သံဖျော်ဖြေရေးအစီအစဉ်များတွင်သာ ပါဝင်ခဲ့ဖူးကြောင်း သိရသည်။

KKO



# SAC Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing receives Chief of the General Staff of the Armed Forces of Russian Federation and First Deputy Commander-in-Chief of Russian Ground Forces Colonel–General Kim Alexey Rostislavovich


Senior General Min Aung Hlaing receives Chief of the General Staff of the Armed Forces of Russian Federation and First Deputy Commander-in-Chief of Russian Ground Forces Colonel–General Kim Alexey Rostislavovich.

**Nay Pyi Taw November 29**

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing received Chief of the General Staff of the Armed Forces of Russian Federation and First Deputy Commander-in-Chief of Russian Ground Forces Colonel-General Kim Alexey Rostislavovich at the parlour of Zeyathiri Beikman in Nay Pyi Taw this morning.

Also present at the meeting were Lt-Gen Ye Win Oo, Lt-Gen Moe Myint Tun and senior military officers from the Office of the Commander-in-Chief (Army). The Chief of the General Staff of the Armed Forces of Russian Federation and First Deputy Commander-in-Chief of Russian Ground Forces was accompanied by Military Attaché of Russia to Myanmar Colonel Sergey Kurchenko and Russian senior military officers.

At the meeting, they cordially exchanged views on further promotion of cooperation in education, health and technological measures including defence between the two armed forces of both countries, cooperation in counter-terrorism, sending of Myanmar Tatmadaw's scholarship students to Russia, enhancement of friendly relations between the two armed forces, participation of Myanmar Tatmadaw in the cultural contest and army games held in the Russian Federation, bilateral exchange measures, strategically cooperation in economic and technological sectors of both countries, emphasis placed by every country to combat terrorism across the world at present, and situation of **cooperation in counter-terrorism between two armed forces of Myanmar and Russia to contribute to regional peace and world's peace measures in a way**.

After the meeting, the Senior General and the Chief of the General Staff of the Armed Forces of Russian Federation and First Deputy Commander-in-Chief of Russian Ground Forces exchanged commemorative gifts. 100

## Three Palestinians killed in clashes with Israeli forces in West Bank

**Jerusalem November 29**

Three Palestinian men have been killed by Israeli forces in two separate incidents in the occupied West Bank, Palestinian officials say.

Two were brothers in their 20s who were reportedly shot dead as clashes broke out with Israeli troops near Ramallah.

Israel's military said suspects threw petrol bombs at troops during an operation and that they returned fire.

The third man was shot dead after two Israeli army jeeps out on patrol broke down near Hebron.

The military said its forces were shot at and that improvised explosives were thrown at them.

Israel carries out search-and-arrest raids almost every night in the West Bank, where at least 140 Palestinians have been killed this year, most by Israeli fire.

More than 30 Israelis have also been killed amid a spate of gun and knife attacks by Palestinians.

Jawad Rimawi, 22, and Thafer Rimawi, 21, who were students at Birzeit University, were killed on Tuesday about 16km (10 miles) north-west of Ramallah.

Palestinian sources said the brothers had visited a relative in the village of Beit Rima as Israeli forces carried out an operation in the area.

As the forces withdrew, confrontations broke out with dozens of young Palestinians, who threw stones and petrol bombs at them, the sources added.

The Palestinian health ministry said the brothers were shot and taken to a local hospital, where they died.

The Israel Defense Forces (IDF) said that a "riot was instigated by a number of suspects" during a "routine" overnight activity. BBC

## Mauna Loa: World's largest active volcano erupts in Hawaii

**Hawaii November 29**

The world's largest active volcano, Hawaii's Mauna Loa, has erupted for the first time in almost 40 years.

The lava flow is mostly contained within the summit, but residents have been placed on alert and were earlier warned about the risk of falling ash.

The US Geological Service (USGS) has said the situation could change rapidly.

The volcano's alert level has also been upgraded from an "advisory" to a "warning" - the highest classification.

No evacuation orders have been issued and populated areas are unlikely to be impacted at this stage, emergency officials say.

Mauna Loa, located inside Hawaii Volcanoes National Park, covers half of the US state's Big Island. The volcano rises 13,679ft (4,169m) above sea level and spans an area of more than 2,000 sq miles (5,179 sq km).

It erupted at 23:30 local time on Sunday (09:30 GMT Monday) at Moku'āweoweo, the volcano's summit caldera. Calderas are hollows that form beneath the summit at the end of an eruption.

It followed a series of warnings that an eruption was possible after a spate of recent earthquakes in the region, including more than a dozen reported tremors on Sunday. BBC


Mauna Loa, located inside Hawaii Volcanoes National Park, covers half of the US state's Big Island.

# Govt. plans to complete pontoon bridge built in Yangon National Races Village by February 2023



National Races Village in Yangon.

**Yangon November 29**

Twenty-five percent of the pontoon bridge project being built in the Yangon National Races Village has been completed, and it is scheduled to be completed by February 2023, according to the reports from the Ministry of Ethnic Affairs.

There are 400 to 500 people visited the village in weekdays, and about 2,000 people visited on weekends and even on rainy days.

The pontoon bridge was built on the side of the Bago River near the village near the MV-705 ship gallery by Regal Strength Co., Ltd., which won the tender at the cost of 451.765 million kyats in 2022-2023 FY and started construction in August 2022.

After the construction of the pontoon bridge in the village is completed, local travellers will be able to enter through waterways, as well as cruise liners will be able to enter through Yangon's Pansotan Port.

It is said that the bridge will be opened on February 12, 2023, to commemorate the 76th Union Day. 336

# Demand from Thailand makes Myanmar coffee price increase

**Nay Pyi Taw November 29**

Myanmar coffee has a good price due to the increasing demand for coffee from Thailand at the beginning of the 2022 coffee season, according to U Sai Tun Aung, the central executive of the Myanmar Coffee Association (Shan State).

"Last year, one viss of coffee seeds fetched only around 800 kyats, but this year, when the coffee began to be produced, the price of coffee seeds was over 2,500 kyats per viss. Locally, coffee is harvested from November to March, and at the beginning of the coffee season in November this year, Thai buyers are buying the coffee seeds from the plantations," U Sai Tun Aung said.

It is reported that the period for export of Myanmar coffee in the market is until the end of the year, and the annual export of Myanmar coffee is about 400 tons, and in 2019, it was able to export up to 500 tons.

Coffee is grown mostly in PyinOoLwin Township, Mandalay Region, and Shan State, and a small amount is also grown in other regions and states. ASH



Workers sorting out coffee beans.

# IWT transports more than 500,000 tons of commodities, over 3.8 million passengers within seven months

**Yangon November 29**

The Ministry of Transport and Communications stated that the Inland Water Transport transported more than 500,000 matric tons of goods and more than 3.8 million passengers from April to October 2022 of the 2022-23 fiscal year.

The IWT is one of service organizations under the Ministry of Transport and Communications.

At present, the IWT operates its vessels along 10 routes for transport of commodities and passengers.

Ayeyawady Division manages Mandalay-Bhamo route, Rakhine Division Sittway-Buthidaung route, Sittway-Kyauktaw route and Kyauktaw-Paletwa route.

Delta Division manages Yangon-Kyonmange route and short routes such as Yangon-Dala, Yangon-Khanaungto, Wadan-Dala, Labuttalok-Yaybawgyi, and Kyonthut-Zeebyuchaung.

Commodity Division and Thanlwin Division did not transport passengers but commodities. During the period from 1 April to 31 October 2022-23, these divisions arranged transport of 500,500 passengers and 38.294 tons of commodities.

Commodity Transport Division gave transport services for 3.153 tons of commodities, Delta Division 1.502 tons and 3.8036 million passengers, Ayeyawady Division 0.017 tons and 3,000 passengers, Chindwin Division 0.133 tons of commodities and 17,400 passengers, Thanlwin Division 103 tons of goods, Rakhine Division 93 tons of goods and 8,100 passengers.

336

# 43 container carriers from foreign shipping lines dock at Yangon ports from 1 to 25 November

**Yangon November 29**

A total of 43 container carriers from foreign shipping lines docked at port of Yangon from 1 to 25 November 2022, according to the Myanma Port Authority.

A total of 151 container vessels from international shipping lines moored at Yangon ports from January to October 2022. Up to 25 November, 16 shipping lines arranged docking of 51 container vessels at Yangon international ports with eight more container vessels to arrive, said assistant general manager U Sein Lwin Zaw of MPA.

"A total of 43 of 51 container vessels have arrived at ports of Yangon till 25 November. As industries, foodstuffs, agriculture and construction projects are being operated at home with momentum, so container vessels carried industrial raw materials, agricultural inputs, construction materials to Myanmar and will carry marine products and CMP products abroad," said U Sein Lwin Zaw.

According to the local demand, container shipping lines enhance transport services for import of more goods. Hence, containers and general goods arrive at Yangon ports as of May 2021.

That is why ports of Yangon handled more than 11,000 containers and more than 115,000 matric tons, according to the MAP. ASH

# Individuals, organizations, companies may contact agricultural departments for boosting coffee cultivation in Taninthayi Region

**Myeik November 29**

As part of boosting coffee cultivation, growers, plantation owners, private organizations and companies are invited to contact Taninthayi Region's committee for the extension and high yield of coffee, according to committee sources released on 25 November.

Myanmar has 49,951 acres of coffee plantations. Arabica coffee is grown in hilly regions and Robusta coffee in plain regions. The Ministry of Agriculture, Livestock and Irrigation has set a target of growing up to 300,000 acres of coffee in five years.

As such, Taninthayi Region will also implement a five-year project from 2023-2024 fiscal year to 2027-2028 fiscal year. It is targeted to grow up to 40,000 acres of coffee in the period with 8,000 acres in each year.

Therefore, individuals and organizations or companies alike may contact respective agriculture departments for assistance. The respective departments will be cooperating with them in the effort for coffee growing extension.

For assistance and cooperation, they can dial 09-429898000, 09-26011550, 09-5310155 or 09-403736715.

336

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ယူကရိန်းတွင်တပ်စွဲထားသော ရုရှားတပ်ဖွဲ့များက အရေးကြီးပစ်မှတ်များကိုထောက်လှမ်းရန် AI စနစ်များပါသောဒရုန်းများအသုံးပြု



ယူကရိန်းတွင် တပ်စွဲထားသောရုရှားတပ်ဖွဲ့များသည် အရေးကြီးပစ်မှတ်များအထူးသဖြင့် အမေရိကန်နှင့် မဟာမိတ်နိုင်ငံများကပေးပို့သည့် စစ်လက်နက်ပစ္စည်းများကို ရှာဖွေထောက်လှမ်းနိုင်ရန် Artificial Intelligence (AI) စနစ်များ ပါရှိသောဒရုန်းများကို အသုံးပြုလျက်ရှိကြသည်။

၂၀၁၉ ခုနှစ် ဩဂုတ်လတွင် ထုတ်ဖော်ပြသခဲ့သော Kalashnikov Group လက်အောက်ရှိ ရုရှားကာကွယ်ရေးကုမ္ပဏီ ZALA Aero က ထုတ်ပြန်သည့်အချက်အလက်ကိုကိုးကား၍ ခေတ်မီစစ်လက်နက်ပစ္စည်းများကို ရှာဖွေ၊ ထောက်လှမ်း၊ စိစစ်ခွဲခြားဖော်ထုတ်နိုင်သည့် Artificial Intelligence (AI) စနစ်များပါရှိသော နောက်ဆုံးပေါ် နည်းပညာများကို ဒရုန်းများတွင် ပေါင်းစပ်အသုံးပြု နိုင်ပြီဖြစ်ကြောင်း သိရသည်။

Artificial Intelligence(AI) ဆိုသည်မှာ လူသားများ မစီမံနိုင်သောအချက်အလက်အမြောက်အမြားကို စီမံဆောင်ရွက်နိုင်သော ကွန်ပျူတာစနစ်များဖြင့် လူသားတို့၏ ဉာဏ်ရည်ဉာဏ်သွေးလုပ်ငန်းစဉ်များကို ပုံဖော်ခြင်းဖြစ်သည်။

နိုင်ငံတကာ တပ်မတော်အရပ်ရပ်သည် ထောက်လှမ်းရရှိထားသောရုပ်ပုံများကိုအသုံးပြု၍ အရေးကြီးပစ်မှတ်များကို ထောက်လှမ်းရန် ဉာဏ်ရည်တု AI Algorithms ကို တီထွင်ခဲ့ကြသည်။ အဆိုပါနည်းပညာကိုအသုံးပြုရာတွင် အကြီးမားဆုံးပြဿနာမှာ သတင်းအချက်အလက် အရည်အသွေးကို မြှင့်တင်ရန်အတွက် ဒစ်ဂျစ်တယ် သတင်းအချက်အလက် အမြောက်အမြားလိုအပ်သည့် လေ့လာသင်ယူခြင်း(သိမြင်နားလည်ခြင်း)ပင်ဖြစ်သည်။

ရုရှားဒရုန်းများတွင် ပေါင်းစပ်ထားသော AI စနစ်သည် စစ်ဘက်ဆိုင်ရာအရာဝတ္ထုများကို အတန်းအစားနှင့်အမျိုးအစားအားဖြင့် အချိန်နှင့်တစ်ပြေးညီ ရှာဖွေဖော်ထုတ်ရန် မော်ဂျူလာကင်မရာများကို အသုံးပြုထားကြသည်။ AI စနစ်သည် ပျံသန်းမှုတစ်ခုအတွင်း လွှမ်းခြုံထားသည့် ဧရိယာကို အဆ ၆၀ ချဲ့ထွင်လွှမ်းခြုံထားနိုင်ပြီး အချိန်နှင့်တစ်ပြေးညီဒရုန်း၏ ဖျက်ဆီးနိုင်စွမ်းနှင့် အလိုအလျောက်လုပ်ဆောင်နိုင်စွမ်းတို့ကို ပိုမိုကောင်းမွန်စေသည်။ စုဆောင်းရရှိထားသောအချက်အလက်များကို မြေပြင်ရှိ အော်ပရေတာထံသို့ ချက်ချင်းလွှဲပြောင်းပေးသည်။

အင်တာနက်နှင့် လူမှုကွန်ရက်များတွင်ထုတ်ပြန်သည့်ဓာတ်ပုံများအရ ရုရှားလက်နက်ကိုင်တပ်ဖွဲ့များသည် ယူကရိန်းစစ်ဘက်ကို ကင်းထောက်ခြင်းနှင့် တိုက်ခိုက်ခြင်းမစ်ရှင်များလုပ်ဆောင်ရန် Kub Loitering Munition များ အသုံးပြုခဲ့ကြသည်ကို လေ့လာတွေ့ရှိရသည်။

ရုရှားသတင်းဌာန TASS မှအချက်အလက်များကိုကိုးကား၍ ၂၀၂၂ ခုနှစ် စက်တင်ဘာလကတည်းက ရုရှားစစ်ဘက်သည် ZALA Aero က မောင်းသူမဲ့ လေယာဉ်များကို စတင်အသုံးပြုနေပြီဖြစ်သည်။ ယူကရိန်းပဋိပက္ခအတွင်း ရုရှား၏ Kamikaze ဒရုန်း KUB နှင့် Lancet တို့ကို တွင်ကျယ်စွာ အသုံးပြုခဲ့ကြပြီး တိုက်ပွဲအခြေအနေများ၌ ၎င်းတို့၏ဂုဏ်သတ္တိ၊ စွမ်းဆောင်ရည်များကို အောင်မြင်စွာ ပြသနိုင်ခဲ့သည်ဟု သတင်းရင်းမြစ်များအရ သိရသည်။ အဆိုပါဒရုန်းအမျိုးအစားများသည် မြေပြင်ပစ်မှတ်များကို ဖျက်ဆီးရန်အတွက် အဓိကအသုံးပြုခဲ့ကြသည်။

Lancet UAV တွင် လမ်းညွှန်မှုစနစ်အမျိုးအစားများစွာ အသုံးပြုထားသည့်ကိုဩဒိနိတ် Optoelectronic နှင့် ပေါင်းစပ်လမ်းညွှန်စနစ် စသည်တို့ဖြစ်သည်။ ဒရုန်းတွင် ပစ်မှတ်ကိုထိမှန်ကြောင်း အတည်ပြုနိုင်သည့် ရုပ်မြင်သံကြားရုပ်သံလိုင်းတစ်ခုပါရှိသည်။ ဒရုန်းသည် ကီလိုမီတာ ၄၀ အကွာအဝေးရှိ ပစ်မှတ်များကို ဖျက်ဆီးနိုင်စွမ်းရှိသည်။ ၎င်း၏အမြင့်ဆုံး ပျံတက်နိုင်မှု အလေးချိန်မှာ ၁၂ ကီလိုဂရမ်ဖြစ်သည်။

KUB-BLA သည် အာရပ်စော်ဘွားများပြည်ထောင်စုရှိ ကာကွယ်ရေးပြပွဲတစ်ခုဖြစ်သည့် IDEX တွင် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလက ထုတ်ဖော်ပြသခဲ့သော Loitering Munition များဖြစ်သည်။ ဒရုန်းတွင် ကင်မရာများ သို့မဟုတ် ပေါက်ကွဲစေတတ်သော ထိပ်ဖူးပါဝင်နိုင်သည့် အလေးချိန် သုံးကီလိုဂရမ်အလေးချိန်ရှိသော Payload အမျိုးမျိုးဖြင့် တပ်ဆင်အသုံးပြုနိုင်သည်။ KUB-BLA သည် မော်တာတစ်လုံးတည်းဖြင့် လျှပ်စစ်ဖြင့် လည်ပတ်သည်။ အမြင့်ဆုံးပျံသန်းမှုအမြန်နှုန်း 130km/h ဖြစ်သည်။ ဒရုန်းသည် မိနစ် ၃၀ ကြာလေထဲတွင် ပျံသန်းနေနိုင်ပြီး အကွာအဝေးကီလိုမီတာ ၄၀ ရှိ ပစ်မှတ်များကိုထိမှန်ဖျက်ဆီးနိုင်သည်။

**Russian forces in Ukraine use drone with Artificial Intelligence technology to detect high-value targets ကို ဘာသာပြန်ဆိုထားပါသည်။**

## Holodomor အငတ်ဘေး နှစ် ၉၀ ပြည့်အထိမ်းအမှတ်နေ့တွင် ရုရှား၏တိုက်ခိုက်မှုများကို ဆက်လက်ခုခံသွားမည်ဟု ယူကရိန်းသမ္မတပြောကြား

ယူကရိန်းနိုင်ငံ၏ Holodomor အငတ်ဘေး နှစ် ၉၀ ပြည့်အထိမ်းအမှတ်နေ့တွင် သမ္မတဗလာဒီမာဇီလန်စကီးက ရုရှား၏တိုက်ခိုက်မှုများကို ဆက်လက်ခုခံသွားမည်ဟု ကတိပြုပြောကြားခဲ့သည်။

နိုဝင်ဘာ ၂၇ ရက်က ကီယက်ဗ်မြို့၌ အေးခဲသောရာသီဥတုဖြင့် နှင်းများထူထပ်စွာကျမည်ဟုမျှော်လင့်ရပြီး ၎င်းမြို့အနီးတစ်ဝိုက်တွင် နေထိုင်သူ သန်းပေါင်းများစွာသည် လျှပ်စစ်အနွေးဓာတ်အနည်းငယ်ဖြင့် ရှန်းကန်နေရဆဲဖြစ်သည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်သူများသည် သုံးစွဲမှုလိုအပ်ချက်၏ လေးပုံသုံးပုံကိုသာ ကာမိနိုင်သည်ဟု ဂရစ်အော်ပရေတာ Ukrenergo က ပြောကြားခဲ့သည်။

ဇီလန်စကီးသည် အငတ်ဘေးနှင့် မိုးခေါင်မှုဒဏ်ကို အခံရဆုံးနိုင်ငံများသို့ ကန်ဒေါ်လာသန်း ၁၅၀ တန်ဖိုးရှိ သီးနှံများတင်ပို့မည့်အစီအစဉ်ကို နိုဝင်ဘာ ၂၆ ရက်က ကီယက်ဗ်တွင် မဟာမိတ်နိုင်ငံများနှင့် ကျင်းပခဲ့သည်။ ယူကရိန်းမှ ကောက်ပဲသီးနှံများ တင်ပို့ရေးပဏာမခြေလှမ်းသည် ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဖူလုံမှုအတွက် စကားချည်းသက်သက်မဟုတ် အလုပ်နှင့် သက်သေပြခဲ့ပြီဟု ၎င်းက ပြောသည်။

Holodomor ငတ်မွတ်ခေါင်းပါးမှု နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ယူကရိန်းနိုင်ငံကို ထောက်ခံအားပေးရန် ဥရောပခေါင်းဆောင်များက ကတိပြုခဲ့ကြသည်။

ယူကရိန်းနှင့် အကျဉ်းသားလဲလှယ်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ်ရုရှားစစ်သုံ့ပန်းကိုးဦးနှင့် လဲလှယ်ခဲ့ကြောင်းရုရှားသတင်းအေဂျင်စီများ၏ ဖော်ပြချက်အရသိရသည်။

ပြီးခဲ့သောနှစ်ပတ်က ရုရှား၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် Kherson မြို့တွင် အနည်းဆုံးလူ ၃၂ ဦးသေဆုံးခဲ့ကြောင်း ယူကရိန်းရဲတပ်ဖွဲ့ အကြီးအကဲက ပြောကြားခဲ့သည်။ ရုရှားတပ်ဖွဲ့များသည် နိုဝင်ဘာ ၁၁ ရက်တွင် Kherson မြို့မှ အပြီးတိုင်ဆုတ်ခွာနိုင်ခဲ့သည်။

သမ္မတ ဗလာဒီမာဇီလန်စကီးက ယူကရိန်းသည် လူသန်းပေါင်းများစွာက ထိခိုက်စေခဲ့သော Holodomor အငတ်ဘေး နှစ် ၉၀ ပြည့်နှစ်ပတ်လည်နေ့အထိမ်းအမှတ်ကျင်းပစဉ် ရုရှား၏တိုက်ခိုက်မှုများကို ဆက်လက်ခုခံသွားမည်ဟု အခိုင်အမာပြောကြားခဲ့သည်။

ဆောင်းရာသီတွင်အပူချိန်များကျဆင်းလာသည်နှင့်အမျှ ယူကရိန်း၏ စွမ်းအင်အခြေခံအဆောက်အအုံများအပေါ် ရုရှားက ရက်သတ္တပတ်ကြာတိုက်ခိုက်မှုများအပြီးတွင် ဥရောပခေါင်းဆောင်အများအပြားသည် ယူကရိန်းနိုင်ငံသို့သွားရောက်ခဲ့ပြီး လျှပ်စစ်ဓာတ်အားနှင့် ရေပြတ်တောက်မှုတို့အပေါ် ကူညီဆောင်ရွက်ပေးသွားမည်ဟု ကတိပြုခဲ့ကြသည်။

“တစ်ချိန်ကသူတို့ကငါတို့ကိုငတ်မွတ်မှုတွေနဲ့ဖျက်ဆီးချင်ခဲ့တယ်။ အခုအမှောင်ထုနဲ့အအေးဒဏ်”ဟု ဇီလန်စကီးကဆိုရှယ်မီဒီယာပေါ်တွင် တင်ထားသောဗီဒီယို




တစ်ခုတွင်ပြောကြားခဲ့သည်။ သို့သော်လည်း သူက“ငါတို့ ဖြိုခွဲလို့မရပါဘူး” ဟု ထည့်သွင်းပြောကြားခဲ့သည်။

စားနပ်ရိက္ခာအကျပ်အတည်းခံစားနေရသောနိုင်ငံများသို့ တန်ချိန် ၂ ဒသမ ၅ သန်းအပါအဝင် ယူကရိန်းသည် ကမ္ဘာ့ဈေးကွက်သို့ အစားအစာ(ရိက္ခာ) တန်ချိန်၁၂သန်းပေးပို့ခဲ့ကြောင်း သမ္မတဇီလန်စကီးက ပြောကြားခဲ့သည်။ ဘယ်လ်ဂျီယံ၊ လစ်သူယေးနီးယား၊ ဟန်ဂေရီ၊ ပိုလန်နိုင်ငံတို့မှခေါင်းဆောင်များသည် 1932-33 Holodomor အငတ်ဘေးကြောင့် သေဆုံးခဲ့ရသူများအားအောက် မေ့ဝုဏ်ပြုရန် နိုဝင်ဘာ ၂၆ ရက်တွင် ကီယက်ဗ်သို့ရောက်ရှိခဲ့ကြသည်။

ပိုလန်နှင့် လစ်သူယေးနီးယန်းဝန်ကြီးချုပ်များသည်ဆွေးနွေးပွဲအတွက် ယူကရိန်းတွင် ရောက်ရှိနေကြပြီးဆွေးနွေးမှုများသည် ယခုဆောင်းရာသီတွင် ယူကရိန်းမှ ရွှေ့ပြောင်းအခြေချနေထိုင်မှုများအပေါ် အာရုံစိုက်ဖွယ်ရှိသည်ဟု အစီရင်ခံစာများက ရေးသားထားကြသည်။

**Ukraine conflict - day 277: 'We cannot be broken,' says Zelenskyy as snow hits Kyiv ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ငပုတောမြို့နယ်တွင် နေလှန်းဆားထုတ်လုပ်သည့်လုပ်ငန်းများ ပြန်လည်လုပ်ကိုင်



**ငပုတော နိုဝင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ယာယီရပ်နားခဲ့သည့် နေလှန်းဆားထုတ်လုပ်သည့် လုပ်ငန်းများကို နိုဝင်ဘာလတတိယပတ်မှစတင်ပြီး ပြန်လည်လုပ်ကိုင်နေကြောင်း ငပုတောမြို့နယ် နေလှန်းဆားထုတ်လုပ်သည့်လုပ်ငန်းရှင် ဦးကြည်စိုးက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ယခင်နှစ် နေလှန်းဆားထုတ်လုပ်သည့်ရာသီက နေလှန်းဆားထုတ်လုပ်သည့် လုပ်ငန်းများ ထိခိုက်ခဲ့သည့်အတွက် ဆားလုပ်ငန်းများ ယာယီရပ်နားခဲ့ကြောင်း၊ ယခုနှစ် ဆားထုတ်လုပ်သည့် နိုဝင်ဘာလတွင် ဆားလုပ်ငန်းနှင့်ဆက်စပ်သည့် ငါးပိ၊ ငါးခြောက်၊ ငံပြာရည်လုပ်ငန်းများ ပြန်လည်စတင် လုပ်ကိုင်နေသည့်အတွက် နေလှန်းဆား ထုတ်လုပ်သည့် လုပ်ငန်းများ ပြန်လည်စတင်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

"ငပုတောမြို့နယ်မှာ နေလှန်းဆားထုတ်လုပ်တဲ့လုပ်ငန်းကို နိုဝင်ဘာလမှာ စတင်လုပ်ကိုင်ကြပါတယ်။ ဈေးကွက်အခြေအနေတွေကြောင့် နေလှန်းဆားထုတ်လုပ်တာကို ရပ်ခဲ့တာပါ။ အခုနှစ်တော့ လုပ်ငန်းတွေ ပြန်လည်စတင်လုပ်ကိုင်နေပါပြီ။ လက်ရှိ ဆားဈေးကတော့ အကောင်းကြီးမဟုတ်ပါဘူး။ ဒေသထွက် နေလှန်းဆားတွေက အရည်အသွေး ကောင်းတော့ ဝယ်လက်ကြိုက်ပါတယ်။ ဒေသထွက် နေလှန်းဆားတွေကို သဘာဝနည်းနဲ့သာ ထုတ်လုပ်တာပါ"ဟု ငပုတောမြို့နယ် နေလှန်းဆားထုတ်လုပ်သည့် လုပ်ငန်းရှင် ဦးကြည်စိုးက ပြောပြသည်။

ငပုတောမြို့နယ်၌ ယခုနှစ် ဆားထုတ်လုပ်သည့် ရာသီတွင် နေလှန်းဆားထုတ်လုပ်သည့်လုပ်ငန်းရှင် ၁၄ ဦးက လုပ်ငန်းများပြန်လည်စတင်လုပ်ကိုင်နေကြောင်း၊ အဆိုပါဒေသမှထွက်ရှိသည့် နေလှန်းဆားများကို ဒေသဆားစက်များတွင် စနစ်တကျ သန့်စင်ထုတ်လုပ်ပြီး ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ နေလှန်းဆားပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၄၅၀၀၀ ထိ ဈေးပေါက်နေကြောင်း ငပုတောမြို့နယ် နေလှန်းဆားထုတ်လုပ်သည့် လုပ်ငန်းရှင် ဦးကြည်စိုးက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# ကံမမြို့နယ် ပင်ကတိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကံမ နိုဝင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံမမြို့နယ် ပင်ကတိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသီတာထွေးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ကြစေလိုကြောင်း၊ စီမံကိန်းအသင်းဝင် ကျေးရွာသူ၊ ကျေးရွာသားများကလည်း စီမံကိန်းပုံမှန်လည်ပတ်နိုင်ရေး အတိုးအရင်းများကို သတ်မှတ်ကာလအတွင်း ပုံမှန်ပေးသွင်းကြစေလိုကြောင်း၊ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များကလည်း စာရင်းဇယားများကို စနစ်တကျ ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံများနှင့် မြစိမ်းရောင်ကျေးရွာ အဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၉ ဦးကို ငွေကျပ် ၄၃ ဒသမ ၄၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၅ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၂ ဒသမ ၇၃ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၄ ဦးကို ငွေကျပ် ၅၁ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပင်ကတိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ခုနှစ်ကစတင်၍ ငွေကျပ် သိန်း ၃၀၀ မတည်ပေးခဲ့ပြီး ယနေ့တွင် အဌမအကြိမ်မြောက် ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသီတာထွေးထံမှ သိရသည်။

**အထွေး**

# ကွန်ဟိန်းမြို့နယ် ဆိုင်းခေါင်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ကွန်ဟိန်း နိုဝင်ဘာ ၂၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဟိုပန်ကျေးရွာအုပ်စု ဆိုင်းခေါင်ကျေးရွာ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေယျာမင်း၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ ဆိုင်းခေါင်ကျေးရွာတွင် ကျောက်စီမြေကာနံရံ တည်ဆောက်ခြင်းလုပ်ငန်း၊ အလျား ၇၅ ပေ၊ အနံ နှစ်ပေ၊ အမြင့် လေးပေရှိ ဂါလန် ၃၀၀၀ ဆံ့ ရေစုတမံ ပြုပြင် တည်ဆောက်ခြင်းလုပ်ငန်းများနှင့် အရှည် ပေ ၂၃၀၊ အကျယ် ၁၀ ပေ၊ အမြင့် သုံးလက်မရှိ ရေဆိပ်သွားလမ်း သဲဖြန့်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ဆိုင်းခေါင်ကျေးရွာတွင် အဆိုပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇူလိုင်လတတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၆ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၁၆ အိမ်၊ လူဦးရေ ၅၇၄ ဦးကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ချိုသန်းညွန့်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၉-၁၁-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၂၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၀၈၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၅၀၀/၆၇၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၇၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၁၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၈၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၁၉၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၅၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြို့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲ ဆက်လက်ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၉**

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲ စတုတ္ထနေ့ကို ယနေ့ညနေပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

ပဒေသာကပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တပ်မတော်မှ အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဝန်ထမ်းမိသားစုများနှင့် ပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပဒေသာကပွဲတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ အနုပညာရှင်များက အောင်ယိမ်း၊ ပြန်လည်ထူထောင်ရေး၊ ဗိုလ်ရှုသဘင်၊ စိန်ရတုလွတ်လပ်ရေးနေ့ယိမ်း၊ ပင်ချင်းယှက်၍ နွယ်ချင်းခက်သော် တေးသီချင်း အဆိုအကများဖြင့်လည်းကောင်း၊ မှန်လိုက်တာဆရာရယ် ပြဇာတ်ဖြင့်လည်းကောင်း၊ ဥမကွဲသိုက်မပျက်၊ ပန်းပန်ရင်နန်းဆန်မယ်ကျေးလက်ယိမ်း၊ သူရဲကောင်းအဓိပ္ပာယ်များ၊ ငြိမ်းချမ်းရေးပန်းခင်း၊ မနောကြည်ချိုမြ ဖျော်စည်တို့အက၊ We are Soldier တေးသီချင်း အဆိုအကများဖြင့်လည်းကောင်း၊ မျက်လှည့်အဖွဲ့ကလည်းကောင်း၊ ထာဝရလွတ်လပ်ရေး၊ အောင်မြင်ပါစေမြန်မာပြည်၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းပါစေ တိုင်းရင်းသားယိမ်း၊ ထာဝရသစ္စာ၊ မြန်မာ့ကြေးကြော်သံ၊ သာတူညီမျှတေးသီချင်း အဆိုအကများဖြင့်လည်းကောင်း၊ မြဝတီအငြိမ့်အဖွဲ့၏ ဖျော်ဖြေမှုဖြင့်လည်းကောင်း ပျော်ရွှင်စွာသီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေတင်ဆက်မှုအပြီးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းက ပဒေသာကပွဲတွင် ပါဝင်သီဆိုကပြဖျော်ဖြေခဲ့ကြသည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါပဒေသာကပွဲကို ပြည်သူများ စိတ်ကြည်နူးချမ်းမြေ့စေရန်နှင့် လွတ်လပ်ရေး၏အငွေ့အသက်များ ခံစားနားလည်နိုင်စေရန်ရည်ရွယ်၍ စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲ ကျင်းပရေး ဦးစီးကော်မတီတို့ကကြီးမှူးပြီး နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ နိုဝင်ဘာ ၃၀ ရက်ထိ ညနေ ၆ နာရီခွဲမှ ည ၁၁ နာရီအတွင်း ကပြဖျော်ဖြေ တင်ဆက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို ပြင်ဦးလွင်မြို့ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအတွက် စက်ဘီးများပေးအပ်လှူဒါန်းခြင်းနှင့် ဂဲလောင်ချောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး



**မန္တလေး နိုဝင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်မိသားစုက တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ အခြေခံကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအတွက် စက်ဘီးအစီး ၂၈၀၀ ပေးအပ်လှူဒါန်းရာ ယနေ့တွင် ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအတွက် စက်ဘီးအစီး ၁၅၀ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ရောဝတီခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးမျိုးအောင်၊ ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူများက အခမ်းအနားကို ဂုဏ်ပြုသီချင်းသီဆို၍ ဖွင့်လှစ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြင်ဦးလွင်မြို့ရှိ အခြေခံပညာကျောင်း ၁၅ ကျောင်းမှ ကျောင်းသား၊ ကျောင်းသူဦးရေ ၁၅၀ အတွက် စက်ဘီးအစီး ၁၅၀ ပေးအပ်လှူဒါန်းပြီး သီဆိုဖျော်ဖြေကြသည့် ဆရာနှင့် ကျောင်းသား၊ ကျောင်းသူများကို ချီးမြှင့်ငွေကျပ် ၁၄၅၀၀၀၀ ပေးအပ်ကာ ကျောင်းသား၊ ကျောင်းသူများ၏ သီဆိုတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး ကျောင်းသား၊ ကျောင်းသူများ စက်ဘီးစီးထွက်ခွာမှုများကို အားပေးနှုတ်ဆက်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တာဝန်ရှိသူများလိုက်ပါပြီး ပြင်ဦးလွင်မြို့နယ်တွင် မိုးရာသီကာလ သဘာဝဘေးအန္တရာယ်များ ကာကွယ်နိုင်ရန်နှင့် စီးဝင်ရေအားလုံးကို ဂဲလောင်ချောင်းတစ်လျှောက် စီးဆင်းနိုင်ရေး စီမံဆောင်ရွက်ထားမှုလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးရာ ဆည်းမြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ရေဆင်းဧရိယာများ ခွဲခြားထားရှိမှု၊ စီးဝင်ရေအားလုံး ဂဲလောင်ချောင်းတစ်လျှောက် စီးဆင်းနိုင်ရေး စီမံဆောင်ရွက်ထားရှိမှု၊ ဂဲလောင်ချောင်း ရေသောက်စနစ်များ ဆောင်ရွက်ထားရှိမှု၊ ကန်တော်လေးရေလှောင်ကန် ရေပိုလွှဲအရှည် ထပ်မံတိုးချဲ့ဆောင်ရွက်နေမှု၊ ရေပိုလွှဲအထွက်မှ ထီးလှိုင်တံတားထိ အလျား ၆၅၇ ပေခန့်အရှည်ရှိသည့် ရေပိုလွှဲအထွက်မြောင်းအတွင်း ရေစီးရေလာကောင်းမွန်စွာ စီးဆင်းနိုင်ရေး၊ ထီးလှိုင်တံတားမှ မြို့ပြင်ပိုင်းစမှတ်ထိ သတ်မှတ်ရေပြေးဧရိယာ အကျယ်ရရှိစေရေး၊ မြို့ဧရိယာအတွင်း ဂဲလောင်ချောင်းပေါ်ရှိ တံတားများအားလုံးကို အပိုင်းလိုက်သတ်မှတ်ထားသော ဒီဇိုင်းပုံစံနှင့် ရေပြေးဧရိယာအကျယ်များရရှိရေး ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂဲလောင်းချောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ဆောင်ရွက်သည့်လုပ်ငန်းများသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်ရေးလုပ်ငန်းတစ်ခုဖြစ်ပြီး ပြည်သူလူထုအကျိုးစီးပွားနှင့် အသက်၊ အိုးအိမ်၊ စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် လုပ်ငန်းများ အမြန်ဆုံးပြီးစီးရန်၊ အရည်အသွေးစံချိန်စံညွှန်း ကောင်းမွန်ရန်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားပြီး လိုက်လံကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**



# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



အနော်ရထာ‌တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် ရောဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဝက်ထိုးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ကျောင်းသား၊ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၉**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေး ထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၌ ဒေသခံပြည်သူဦးရေ ၁၁၀၊ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၀၉၉ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၁၉၉၉ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ဒေသခံပြည်သူ ၈၉ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၄၆၄ ဦးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ကျောင်းသား၊ ကျောင်းသူ ၃၁၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်နှင့် ရခိုင်ပြည်နယ် အမ်းမြို့တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြသည်။

အလားတူ ရောဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဝက်ထိုးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ကျောင်းသား၊ ကျောင်းသူများ အပါအဝင် ဒေသခံပြည်သူ ၃၁၁ ဦးတို့ကို ယနေ့တွင် အနော်ရထာ‌တောင် တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဝက်ထိုးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ အရိုး၊ အကြောရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန် ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ

**နေပြည်တော် နိုဝင်ဘာ ၂၉**

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေသည့် ကာလအတွင်း ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ဌာနဆိုင်ရာဝန်ထမ်းများနှင့်ဒေသခံပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့်ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ မြို့နယ် လေးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နှင့် ဘုတ်ပြင်းမြို့၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေး လုပ်ငန်းများမှ ထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့်တပ်မတော်စက်ရုံများမှထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွပ်ဘူးများစသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ဒေသခံပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးစဉ်။

# နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ်များ(Commercial Flights)ဖြင့် မြန်မာနိုင်ငံသို့ဝင်ရောက်မည့် ခရီးသွားများအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များကို ဖြေလျှော့ပေးခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၂၉**

၁။ ကမ္ဘာ့နိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အခြေအနေနှင့် မိမိတို့နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုအခြေအနေများအပေါ် မူတည်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ သတ်မှတ်ချက်များကို ထုတ်ပြန်ခြင်းနှင့် ဖြေလျှော့ပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် လက်ရှိပြည်တွင်းကူးစက်ဖြစ်ပွားမှုကျဆင်းလျက်ရှိပြီး ၁၄ ရက်ဆက်တိုက် ပိုးတွေ့နှုန်း ၁ ရာခိုင်နှုန်းအောက်ရောက်ရှိနေခြင်း၊ နိုင်ငံတကာပုံမှန်လေကြောင်း ခရီးစဉ်များဖြင့် မြန်မာနိုင်ငံသို့ဝင်ရောက်လာသည့် ခရီးသွားများတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့နှုန်း ၁ ရာခိုင်နှုန်းအောက်တွင်သာရှိနေခြင်းနှင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလွှမ်းခြုံမှုမြင့်မားလာခြင်းတို့ကြောင့် နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ်များ(Commercial Flights)ဖြင့် မြန်မာနိုင်ငံသို့ဝင်ရောက်မည့် ခရီးသွားများကို ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးကြောင်း သက်သေခံလက်မှတ်ပြသနိုင်သူ သို့မဟုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးအကြိမ်ပြည့် မထိုးနှံထားသူများအနေဖြင့် မြန်မာနိုင်ငံသို့ဆိုက်ရောက်သည့်အချိန်မတိုင်မီ အများဆုံး ၄၈ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကင်းရှင်းကြောင်း RT-PCR နည်းဖြင့် စစ်ဆေးထုတ်ပေးထားသည့် ဓာတ်ခွဲအဖြေအထောက်အထားပြသနိုင်သူများကို လေယာဉ်ဆိုက်ရောက်ချိန်တွင် ကိုဗစ်-၁၉ ရောဂါ RDT ဖြင့် ဓာတ်ခွဲစစ်ဆေးမှုခံယူရန်သတ်မှတ်ချက်ကို ဒီဇင်ဘာ ၁ ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီမှစတင်၍ ဖြေလျှော့ပေးသွားမည်ဖြစ်ပါသည်။ အဆိုပါပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်အသေးစိတ်ကို နိုဝင်ဘာ ၃၀ ရက်တွင်ထုတ်ပြန်မည့် **“နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ်များဖြင့် မြန်မာနိုင်ငံသို့ဝင်ရောက်မည့် ခရီးသွားများအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များ(၁-၁၂-၂၀၂၂)”**တွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၃။ သို့ရာတွင် ကယ်ဆယ်ရေးလေယာဉ် ခရီးစဉ်များဖြင့် ဝင်ရောက်လာကြသည့်ခရီးသွားများနှင့် နယ်စပ်ဝင်ထွက်ဂိတ်များမှတစ်ဆင့်ဝင်ရောက်လာကြသည့် ခရီးသွားများအတွက်မူ အောက်တိုဘာ ၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာသတ်မှတ်ချက်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

# ရောဝတီတိုင်းဒေသကြီးအတွင်း ရိုဘတ်စတာကော်ဖီ ဧက ၂၀၀၀၀ တိုးချဲ့စိုက်ပျိုးမည်

**နေပြည်တော် နိုဝင်ဘာ ၂၉**

ကော်ဖီစိုက်တောင်သူများဝင်ငွေတိုးတက်မြင့်မားရေး၊ အရည်အသွေးမြင့်မားသော ကော်ဖီနှင့် တန်ဖိုးမြင့်ထုတ်ကုန်အမျိုးမျိုးထုတ်လုပ်နိုင်ရေးအတွက် ယှဉ်ပြိုင်စွမ်းအားမြင့်မားပြီး ရေရှည်တည်တံ့ခိုင်မြဲရေး ခေတ်မီနည်းစနစ်များနှင့် လိုက်လျောညီထွေရှိမှုကို ဖော်ရှုသည့် မြန်မာ့ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရန်အတွက် ၂၀၂၃-၂၀၂၄ ခုနှစ်မှ ၂၀၂၇-၂၀၂၈ ခုနှစ်ထိ ငါးနှစ်တာကာလအတွင်း ရောဝတီတိုင်းဒေသကြီး၌ ရိုဘတ်စတာကော်ဖီဧက ၂၀၀၀၀ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်သည်။

ကော်ဖီတိုးချဲ့စိုက်ပျိုးရေးစီမံကိန်းအရ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ဧက ၄၀၀၀ ကို မြို့နယ် ၁၈ မြို့နယ်၌ဆောင်ရွက်စိုက်ပျိုးသွားမည်ဖြစ်ပြီး မျိုးဝယ်ယူစုဆောင်းခြင်း၊ ပျိုးပင်ဝယ်ယူစုဆောင်းခြင်းလုပ်ငန်းများကို ယခုနှစ် ဒီဇင်ဘာလအတွင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်၍ ရောဝတီတိုင်းဒေသကြီးအတွင်း ကော်ဖီစိုက်ပျိုးရေးကို စိတ်ပါဝင်စားသူများ၊ မြေလွတ်မြေရိုင်းလုပ်ကိုင်ခွင့်ရရှိသူများ၊ သစ်တောဧရိယာအတွင်းလုပ်ကိုင်ခွင့်ရရှိသူများနှင့်အိမ်ခြံဝင်းအတွင်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးလိုသူများအနေဖြင့် တိုင်းဒေသကြီးဦးစီးမှူးရုံး စိုက်ပျိုးရေးဦးစီးဌာန ပုသိမ်မြို့သို့လည်းကောင်း၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးသန်းအောင်ဆန်း(ဖုန်းနံပါတ် ၀၉-၅၂၁၄၃၆၂ )သို့ လည်းကောင်း လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနှင့်ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နိုင်ငံသားအခွင့်အရေးနှင့်တာဝန်

ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်အခြေခံမူများ ပုဒ်မ ၇ တွင် နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်ဟုပြဋ္ဌာန်းထားသည်ဖြစ်ရာ ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်နှင့် ဥပဒေပြုလွှတ်တော်များအတွက် ပါတီစုံ ရွေးကောက်ပွဲများကို ကျင်းပရလေ့ရှိသည်။ ရွေးကောက်ပွဲများမှတစ်ဆင့် ပြည်သူကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်၍ ကိုယ်စားပြုမှုကို ကျင့်သုံးရခြင်းဖြစ်သည်။ ဒီမိုကရေစီ၏ အခြေခံအကျဆုံးအနှစ်သာရကလည်း လွတ်လပ်ခြင်း၊ တရားမျှတခြင်းနှင့် ကိုယ်စားပြုခြင်းတို့ပင် ဖြစ်သည်။

**နိုင်ငံသားအခွင့်အရေး**

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈ ပုဒ်မခွဲ(က)တွင် နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက် ခံပိုင်ခွင့်ရှိသည်ဟုလည်းကောင်း၊ ပုဒ်မခွဲ(ခ)တွင် ရွေးကောက်တင်မြှောက် ထားသော ပြည်သူကိုယ်စားလှယ်ကို သက်ဆိုင်ရာမဲဆန္ဒရှင်များက ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်ဟုလည်းကောင်း ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၃၆၉ ပုဒ်မခွဲ(က)တွင်လည်း နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်ဖြစ်စေ၊ သက်ဆိုင်ရာဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက် ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်ဟုလည်းကောင်း၊ ပုဒ်မခွဲ(ခ)တွင် သက်ဆိုင်ရာမဲဆန္ဒရှင်များသည် လွှတ်တော်တစ်ရပ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်ကို ဥပဒေနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်း ခွင့်ရှိသည်ဟုလည်းကောင်း ပြဋ္ဌာန်းထားသည်ဖြစ်ရာ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက် ယှဉ်ပြိုင်ခွင့်နှင့် လွှတ်တော်ကိုယ်စားလှယ်ကို တာဝန်မှပြန်လည်ရုပ်သိမ်း ခွင့်ရှိခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်ပါ နိုင်ငံသား အခွင့်အရေးနှင့် ဒီမိုကရေစီလူ့အခွင့်အရေးပင်ဖြစ်သည်။ သို့သော် နိုင်ငံသားအဖြစ်ရွေးကောက်ပွဲတွင် မဲပေးခွင့်နှင့် ရွေးကောက်ပွဲဝင်ရောက် ယှဉ်ပြိုင်ခွင့်အတွက် သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့် ညီညွတ်ရန် လိုအပ်ပါသည်။

**နိုင်ငံသားဖြစ်ခြင်း၊ နေထိုင်ခြင်းနှင့် နေရပ်လိပ်စာပြောင်းလဲခြင်း**

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၅ တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူနှင့် ဤဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသား ဖြစ်ပြီးသူတို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားများ ဖြစ်ကြသည်ဟု ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ ၃၄၆ တွင် နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှရုပ်စဲခြင်းတို့သည် ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အတိုင်းဖြစ်စေရမည်ဟု သတ်မှတ်ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၃၅၅ တွင်လည်း နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင် ခွင့်ရှိသည်ဟုလည်း ပြဋ္ဌာန်းထားသည်။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာနက စီမံခန့်ခွဲသော ၁၉၄၉ ခုနှစ် ပြည်ထောင်စုမြန်မာ နိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေ၊ ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေ များတွင် နိုင်ငံတော်တွင်ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခြင်း၊ မွေးဖွား ခြင်း၊ ကွယ်လွန်ခြင်း၊ နေရပ်လိပ်စာ ပြောင်းလဲခြင်းတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေတွင် နိုင်ငံသား ဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်း၊ နိုင်ငံသားအဖြစ်မှရုပ်စဲခြင်းတို့နှင့်စပ်လျဉ်း၍ လည်းကောင်း အတိအလင်းပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

**ဆန္ဒမဲပေးပိုင်ခွင့်နှင့် နိုင်ငံသားတာဝန်**

သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ(က) တွင် ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သောနိုင်ငံသား၊ ဧည့်နိုင်ငံသား နှင့် နိုင်ငံသားပြုခွင့်ရသူ၊ ပုဒ်မခွဲ (ခ)တွင် သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင်ပါဝင်သူတို့သည် အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်ဖြစ်ရာ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရေးအတွက် ဥပဒေနှင့်အညီ နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ တစ်ဦးဦးဖြစ်ရန် လိုသည်။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားမဖြစ်ခြင်းကို နေထိုင်မှု၊ ကိုးကွယ်ရာ ဘာသာ၊ ပြောဆိုသည့်ဘာသာစကားတို့ကိုကြည့်၍ နိုင်ငံသားဖြစ်သည်ဟုမှတ်ယူ၍မရနိုင်။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီသာ သတ်မှတ်နိုင်မည်ဖြစ်သည်။ နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဖြစ်ကြောင်းစိစစ်ရန် ဥပဒေအရ တစ်ခုတည်းသောအထောက်အထားမှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနက ဥပဒေနှင့်အညီ တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ်တစ်မျိုးမျိုး လက်ဝယ်ကိုင်ဆောင်ထားရန်လိုအပ်ပါသည်။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၉ တွင် နိုင်ငံတော်အတွင်း မွေးဖွားသော နိုင်ငံသားတစ်ဦးအတွက် အသက် ၁၀ နှစ်ပြည့်သည့်နေ့မှ စ၍ တစ်နှစ်အတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ၏ သတ်မှတ်ထားသောအဖွဲ့အစည်းများ၌ သတ်မှတ်သည့်နည်းလမ်းနှင့် အညီ မိဘ သို့မဟုတ် အုပ်ထိန်းသူက မှတ်ပုံတင်ရမည်ဟုလည်းကောင်း၊ ပုဒ်မ ၁၀ တွင် နိုင်ငံတော်ပြင်ပတွင် မွေးဖွားသောနိုင်ငံသားတစ်ဦး အတွက် ထိုသို့မွေးဖွားကြောင်းကို မွေးဖွားသည့်နေ့မှစ၍ တစ်နှစ်အတွင်း မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး သို့မဟုတ် လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ သတ်မှတ်သောအဖွဲ့အစည်းများ၌ သတ်မှတ်သည့်နည်းလမ်းနှင့်အညီ မိဘ သို့မဟုတ် အုပ်ထိန်းသူက မှတ်ပုံ တင်ရမည်ဟုလည်းကောင်း နိုင်ငံသားတာဝန်တစ်ရပ်အနေဖြင့် သတ်မှတ် ပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိရသည်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကဆောင်ရွက်သော နိုင်ငံသားလုပ်ငန်းစဉ် အတွက် အခြေခံအချက်မှာ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) ဖြစ်ပြီး လူဦးရေစာရင်းများမှန်ကန်ရေးအတွက် အရေးကြီးဆုံးအချက်မှာ လည်း အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆)များ မှန်ကန်ရေးပင်ဖြစ် ကြောင်း မှတ်သားမိပါသည်။

**မဲဆန္ဒရှင်စာရင်းတွင်ပါဝင်ရေး**

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆ အရ ရွေးကောက် ပွဲတွင် ဆန္ဒမဲပေးခွင့်ရရန်အတွက် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ တစ်ဦးဦးဖြစ်ရမည့်အပြင် သက်ဆိုင်ရာမဲဆန္ဒနယ်၏

> မြေပြင်ကွင်းဆင်းစိစစ်ရေးအဖွဲ့များ လာရောက်ဆောင်ရွက်ချိန်တွင် ကာယကံရှင်နိုင်ငံသားများနှင့် သက်ဆိုင်ရာ အိမ်ထောင်စုများက မိမိတို့နှင့်သက်ဆိုင်သည့် အချက်အလက်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းပါ အချက်အလက်များ မှန်ကန်စွာစိစစ်မှတ်တမ်းတင်နိုင်ရေး အတွက် နိုင်ငံသားအခွင့်အရေး၊ နိုင်ငံသားတာဝန်တို့နှင့် လျော်ညီစွာ ပူးပေါင်းဆောင်ရွက်ပေးနိုင်ရန် နိုင်ငံသား မဲဆန္ဒရှင်တစ်ဦးအနေဖြင့် ဆန္ဒပြုတိုက်တွန်း ...

မဲစာရင်းတွင် ပါဝင်သူလည်းဖြစ်ရမည်ဟု ပြဋ္ဌာန်းထားသည်ဖြစ်ရာ အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားဖြစ်သည့်တိုင်အောင် မဲစာရင်းတွင်မပါဝင်ပါက မဲဆန္ဒပေးခွင့်ရမည်မဟုတ်ပါ။ ဥပဒေနှင့်အညီ မဲစာရင်းတွင် ပါဝင်ရန် လိုအပ်မည်ဖြစ်ပါသည်။ ထို့ပြင် ယခင်ရွေးကောက်ပွဲများတွင် မိမိနေထိုင်သော မဲဆန္ဒနယ်မဟုတ်ဘဲ အခြားသောဒေသမှလာရောက်၍ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းများရှိခဲ့ သည်ဖြစ်ရာ သက်ဆိုင်ရာမဲဆန္ဒနယ်တွင် အမှန်တကယ်နေထိုင်သူ မဲဆန္ဒရှင်များအတွက် မှန်ကန်သောကိုယ်စားပြုမှုကို ဖော်ဆောင်ပေးနိုင်ရန် အတွက် ရွေးကောက်ပွဲဥပဒေတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးသည် မိမိဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်၏မဲစာရင်းတွင် အမည်စာရင်းပါဝင်သူဖြစ်ရန် လိုအပ်သည့်သတ်မှတ်ချက်မျိုး ပြင်ဆင် ပြဋ္ဌာန်းရန် လိုအပ်မည်ဟုယူဆမိပါသည်။

**မဲဆန္ဒရှင်စာရင်းတွင်ပါဝင်ရေးအတွက် အခြေခံလိုအပ်ချက်**

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများအရ မဲဆန္ဒရှင် စာရင်းပြုစုရာတွင် ကော်မရှင်ကသတ်မှတ်သော လူဦးရေစာရင်းပုံစံ ဇယားနှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ပြုစု ထားသည့် လူဦးရေစာရင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ မြို့နယ်ဦးစီးမှူးရုံးက ပြုစုထားသည့်လူဦးရေစာရင်း တို့ကိုအခြေခံ၍ပြုစုရမည်ဟု ပြဋ္ဌာန်းထားသည်ဖြစ်ရာ မဲစာရင်းတွင်ပါဝင် ရန်အတွက် နိုင်ငံသားဖြစ်ကြောင်း နိုင်ငံသားကတ်တစ်မျိုးမျိုး ကိုင်ဆောင် ထားရန်လိုအပ်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ မြို့နယ်ဦးစီးမှူးရုံးက သက်ဆိုင်ရာမြို့နယ်၏ ရပ်ကွက်၊ ကျေးရွာအုပ်စုတွင် နေထိုင်ကြောင်း တရားဝင်ထုတ်ပေးထားသည့် အိမ်ထောင်စု လူဦးရေစာရင်း (၆၆/၆) ရှိထားရန်လည်းလိုအပ်ပါသည်။ ပုံစံ (၆၆/၆) ရှိသော နေရပ်လိပ်စာပါဝင်သည့်ရပ်ကွက်၊ ကျေးရွာအုပ်စု၏ မဲစာရင်း တွင်သာ မိမိအမည်ပါဝင်မည်ဖြစ်သည်။ မိမိ၏မဲစာရင်းပါရှိရာ ရပ်ကွက်၊ ကျေးရွာအုပ်စု၏ မဲရုံတွင်သာ ဆန္ဒမဲပေးရမည်ဖြစ်ပါသည်။

အကယ်၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးသည် ဒေသတစ်ခုမှ အခြား ဒေသတစ်ခုသို့ ပြောင်းရွှေ့သည့်အခါတွင် မဲဆန္ဒနယ်တစ်နယ်၏ မဲစာရင်း မှ အခြားမဲဆန္ဒနယ်တစ်နယ်၏ မဲစာရင်းသို့ အမည်ပြောင်းရွှေ့လိုလျှင် ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင် ရေးနည်းဥပဒေ ၂၆(၂)နှင့် နည်းဥပဒေ ၂၇(၁)တို့အရ ထုတ်ပေးသော ပုံစံ (၁၀) သို့မဟုတ် ပုံစံ (၉၀/၁/နငသ)နှင့်အတူ လက်ရှိမဲဆန္ဒနယ် မဲစာရင်း၌ မိမိအမည်ကိုပယ်ဖျက်၍ အခြားမဲဆန္ဒနယ်သို့ ပြောင်းရွှေ့ ပေးရန် တောင်းဆိုလွှာပုံစံ (၄-က)ဖြင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းရမည်။ ယင်း တင်ပြချက်အတိုင်း မှန်ကန်ကြောင်းတွေ့ရှိလျှင် သက်ဆိုင်ရာကော်မရှင် အဖွဲ့ခွဲက ခွင့်ပြု၍ ယင်းအမည်ကို မဲစာရင်းမှပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ(၄-ခ)ကို ထိုသူအားပေးရမည်။ ထိုသူ သည် မိမိပြောင်းရွှေ့နေထိုင်သည့် မဲဆန္ဒနယ်၏မဲစာရင်းတွင် မိမိအမည် ကို ထည့်သွင်းပေးပါရန် ပြောင်းရွှေ့ရောက်ရှိသည့်နေရာ၏ အိမ်ထောင်စု လူဦးရေစာရင်းပုံစံ(၆၆/၆)နှင့် ပုံစံ(၄-ခ) ပူးတွဲ၍ တောင်းဆိုလွှာ ပုံစံ (၃)ကို တင်သွင်းလျှင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက မဲစာရင်း၌ထည့်သွင်းပေးရမည်။ ယင်းသို့ရွှေ့ပြောင်း လာသော မဲဆန္ဒနယ်၌ ထိုသူသည် ဆန္ဒမဲပေးခွင့်ရှိသည်ဟု လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည်။

သို့ဖြစ်ရာ မဲစာရင်းတွင်ပါဝင်ရေးအတွက် အခြေခံအကျဆုံးလိုအပ် ချက်မှာ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားဖြစ်မှုအထောက်အထားနှင့် နေထိုင်မှု၊ ပြောင်းဝင်မှုနှင့် ပြောင်း ထွက်မှု အထောက်အထားတို့ပင်ဖြစ်သည်။ ရွေးကောက်ပွဲတွင် မဲပေးခွင့် အတွက် မဲစာရင်းတွင် ပါဝင်ရန်ဖြစ်စေ၊ မဲစာရင်းပါအမည်ကို တစ်နေရာ မှ တစ်နေရာသို့ ရွှေ့ပြောင်းရာတွင်ဖြစ်စေ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ မြို့နယ်ဦးစီးမှူးရုံးက ဥပဒေနှင့်အညီ ထုတ်ပေးသော နိုင်ငံသားကတ်တစ်မျိုးမျိုးရှိရမည့်အပြင် ပြောင်းဝင် ခြင်း၊ ပြောင်းထွက်ခြင်းနှင့် နေထိုင်ကြောင်းအထောက်အထားအဖြစ် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)လည်း လိုအပ်မည်ဖြစ်ပါကြောင်း အထူးသတိပြုကြရမည်ဖြစ်ပါသည်။

**ရွေးကောက်ပွဲအတွက် မှန်ကန်ရှင်သန်နေသော မဲဆန္ဒရှင်စာရင်း**

ရွေးကောက်ပွဲအတွက် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံးဖြစ်သည့် အပြင် စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်မှာ မဲဆန္ဒရှင်စာရင်း ပြုစုခြင်းပင်ဖြစ်သည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားအားလုံး ဥပဒေ နှင့်အညီ သက်ဆိုင်ရာမဲစာရင်းတွင် ပါဝင်ရန်လိုအပ်သကဲ့သို့ ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများ မဲစာရင်းတွင် မပါဝင်စေရန်လည်း အထူး သတိပြုရန်လိုအပ်ပါသည်။ သို့မှသာ နိုင်ငံသားမဲဆန္ဒရှင်အနေဖြင့် ရွေးကောက်ပွဲတွင် မိမိ၏ဥပဒေပါ နိုင်ငံသားအခွင့်အရေးနှင့် ဒီမိုကရေစီ လူ့အခွင့်အရေးကို မှန်ကန်စွာ ကျင့်သုံးနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ရွေးကောက်ပွဲများအတွက် မဲစာရင်းပြုစုရာတွင် မှန်ကန်ပြည့်စုံသော မဲစာရင်းဖြစ်ရန်လိုသည်။ ရွေးကောက်ပွဲအတွက် မှန်ကန်ရှင်သန်နေသော မဲစာရင်းဆိုသည်မှာ မဲဆန္ဒရှင်နှင့် သက်ဆိုင်သောအချက်အလက်များဖြစ် သည့် အမည်၊ ကျား၊ မ၊ မွေးသက္ကရာဇ်၊ နိုင်ငံသားကတ်အမှတ်၊ အဘ အမည်၊ အမိအမည်၊ နေရပ်လိပ်စာတို့တွင် ကွက်လပ်ကျန်မနေစေဘဲ မှန်ကန်ပြည့်စုံစွာ ပါဝင်ရမည်ဖြစ်သည်။ ၎င်းအချက်အလက်များ မှန်ကန် ပြည့်စုံရန်အတွက် နိုင်ငံသားကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆)နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ပြုစု ထားသည့် လူဦးရေစာရင်းတို့ကို အထောက်အထားပြု၍ မှန်ကန်စွာ စိစစ်ပြုစုရန် လိုအပ်မည်ဖြစ်သည်။ နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေရန် ဥပဒေနှင့်အညီ မဲပေးခွင့်ရှိသူများ မဲစာရင်းတွင်ပါဝင်ရန်လိုအပ်သကဲ့သို့ ဥပဒေနှင့်မညီသော မဲပေးပိုင်ခွင့်မရှိသူများ မဲစာရင်းတွင် မပါစေရန်လည်း အရေးကြီးပါသည်။ မဲမသမာမှုဖြစ်စေနိုင်သော မဲစာရင်းဖောင်းပွမှုနှင့် အချက်အလက်မှားယွင်းမှုများမဖြစ်စေရန် အထူးသတိပြုရမည်။ ထို့ပြင် နောင်ရွေးကောက်ပွဲများအတွက် စဉ်ဆက်မပြတ်အသုံးပြုနိုင်သည့် မှန်ကန်ရှင်သန်နေသော မဲစာရင်းဖြစ်နေစေရန်လည်းလိုအပ်သည်။ မဲဆန္ဒ ရှင်စာရင်းသည် အမြဲတမ်းပြောင်းလဲနေသော လူဦးရေစာရင်းကိုအခြေခံ ရသည်ဖြစ်ရာ လူဦးရေစာရင်းနှင့် မဲဆန္ဒရှင်စာရင်းများ မှန်ကန်ရှင်သန် နေစေရေးအတွက် စာရင်းပြုစုခြင်း၊ စာရင်းများစိစစ်ခြင်း၊ စာရင်းများ ထိန်းသိမ်းခြင်းနှင့် စာရင်းအချက်အလက်များ စီမံခန့်ခွဲခြင်းတို့ကို နည်းပညာ အထောက်အကူဖြင့် ပေါင်းစပ်ကျင့်သုံးရန် လိုအပ်မည် ဖြစ်ပါသည်။

**မဲဆန္ဒရှင်စာရင်းအတွက် အခြေခံရမည့်လူဦးရေစာရင်းများ မှန်ကန်ရန်လိုအပ်**

လွှတ်တော်ရွေးကောက်ပွဲဥပဒေပြဋ္ဌာန်းချက်များအရ ပြည်ထဲရေး ဝန်ကြီးဌာန၏ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ မြို့နယ်ဦးစီးမှူးရုံးတို့က ပြုစုထား သည့် လူဦးရေစာရင်းများကို ရယူအခြေခံပြီး ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းသို့ ကူးပြောင်းပြုစုရခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ အခြေခံ ရမည့် လူဦးရေစာရင်းများမှန်ကန်နေမှသာ မဲစာရင်းများ ပြည့်စုံ မှန်ကန်ရေးအတွက်

စာမျက်နှာ ၂၁ သို့

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ဖြင့် အကောင်အထည်ဖော်ခဲ့သည့် သိုလှောင်ရုံနှင့် အသိပညာပေးစင်တာဖွင့်ပွဲ အခမ်းအနားကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၉**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၁)ဖြင့် အကောင်အထည်ဖော်ခဲ့သည့် ပင်းတယမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန သိုလှောင်ရုံနှင့် အသိပညာပေးစင်တာ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ပင်းတယမြို့၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ ပြည်နယ်ဝန်ကြီးများ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ)ဒုတိယဥက္ကဋ္ဌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇေယျာထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ သံမှူးကြီး ဒေါက်တာဇမ်ဇီဟုမ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားကို စတင်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ သံမှူးကြီး၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့ကသိုလှောင်ရုံနှင့် အသိပညာပေးစင်တာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ သံမှူးကြီးနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ) ဒုတိယဥက္ကဋ္ဌတို့က မြို့နယ်သိုလှောင်ရုံနှင့်အသိပညာပေးစင်တာ ရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြပြီး အခမ်းအနားသို့တက်ရောက်လာသူများက ကမ္ပည်းမှတ်တမ်းကို အမွှေးနံ့သာရည်ဖြင့်ပက်ဖျန်းကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ သံမှူးကြီး၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ) ဒုတိယဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ သံမှူးကြီး ဒေါက်တာဇမ်ဇီဟုမ်တို့က အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် အဖွဲ့ဝင်များသည် လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထားသော ပင်းတယမြို့ မူလတန်းကြိုကျောင်းသို့ ရောက်ရှိကြရာ ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးနှင့် တာဝန်ခံကျောင်းအုပ်တို့က ကလေးဦးရေ ၁၀၀ လက်ခံသင်ကြားပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကွမ်းလုံမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေများ သတ္တမအကြိမ် ထုတ်ချေးပေး

**ကွမ်းလုံ နိုဝင်ဘာ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများ သတ္တမအကြိမ်ထုတ်ချေးခြင်းကို ကောင်းဟုန်ကျေးရွာ၌ ယနေ့ နံနက်ပိုင်းတွင်ပြုလုပ်ခဲ့ကြောင်း ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ရှေးဦးစွာ ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင် ကျေးရွာစီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ ဒေါ်သိန်းသိန်းမော်နှင့်ဝန်ထမ်းများက ချေးငွေအတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ရရှိစေမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကွမ်းလုံမြို့နယ် ကောင်းဟုန်၊ ပန်လွေးရွာသစ်ကျေးရွာတို့မှ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးအတွက် ချေးငွေကျပ် ၄၃၉ ဒသမ ၅ သိန်းကို မြစိမ်းရောင်ကော်မတီဝင်များက ထုတ်ချေးပေးခဲ့ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သိန်းသိန်းမော်နှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ပေးသည်။

ကွမ်းလုံမြို့နယ်တွင် မြစိမ်းရောင် ကျေးရွာစီမံကိန်းကိုသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ကျေးရွာများတွင် ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်းများရရှိစေခြင်း၊ မိသားစုဝင်ငွေတိုးပွားလာစေပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ မြစိမ်းရောင် ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းများကို ဦးစားပေးအစီအစဉ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများကိုရရှိစေကြောင်း ဦးစီးအရာရှိ ဒေါ်သိန်းသိန်းမော်က ပြောပြ၍ သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**



**စာမျက်နှာ ၂၀ မှအဆက်**

အထောက်အကူ ရရှိနိုင်မည်ဖြစ်သဖြင့် အိမ်ထောင်စု လူဦးရေစာရင်းများ မှန်ကန်နေစေရန် သက်ဆိုင်ရာဌာနများက ဆောင်ရွက်ထားရန်လည်း လိုအပ်မည်ဖြစ်ပါသည်။

**နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ လမ်းညွှန်ချက်အရ လာမည့်အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံသားတိုင်း မဲပေးခွင့်ရရှိရေးအတွက် အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်သော အိမ်ထောင်စုတိုင်းတွင် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)များရရှိစေရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားအားလုံး နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုယ်စီရရှိရေး၊ အိမ်ထောင်စုလူဦးရေစာရင်းများ မှန်ကန်ရေးနှင့် လူဦးရေစာရင်းများ မှန်ကန်ရေးတို့အတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပန်ခင်းစီမံချက်အဆင့်ဆင့်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ "လူမှုဘဝပြည့်စုံဖို့နိုင်ငံသားကတ်ကိုင်ကြစို့" ဦးတည်ချက်ဖြင့်ဆောင်ရွက်သော နိုင်ငံလုံးဆိုင်ရာပန်းခင်းစီမံချက်ဖြစ်သဖြင့် နိုင်ငံသားများကလည်း မိမိတို့၏ နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံသားတာဝန်အလို့ငှာ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုအပ်သည်။ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)များတွင် ကွယ်လွန်ပြီးသူများအမည်ကို ပယ်ဖျက်ရန်နှင့်နိုင်ငံသားကတ်ရရှိပြီးသူများ၏ ကတ်အမှတ်များဖြည့်သွင်းပေးရန် လိုအပ်လျက်ရှိပါသည်။ မွေးဖွားလူဦးရေစာရင်းတိုးခြင်း၊ ကွယ်လွန်စာရင်းလျှော့ခြင်း၊ ပြောင်းဝင်ခြင်းနှင့် ပြောင်းထွက်ခြင်း စသည့်လူဦးရေ အတိုး၊အလျှော့စာရင်းများကိုလည်း စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်နေရမည်ဖြစ်သည်။ သို့မှသာ မှန်ကန်ရှင်သန်နေသော မဲဆန္ဒရှင်စာရင်းရရှိရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

**ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်လျက်ရှိ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း မည်သည့်အချိန်ကာလအတွက်မဆို ရွေးကောက်ပွဲများကျင်းပပေးနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ ရွေးကောက်ပွဲအတွက် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)စာရင်းများကို အခြေခံထားသည့် အခြေခံမဲဆန္ဒရှင်စာရင်းများ ပြုစုခြင်းနှင့် မြေပြင်လူဦးရေစာရင်းဖြင့် တိုက်ဆိုင်စိစစ်ခြင်းကို ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့နှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ကော်မရှင်ရုံးတွင် ပင်မဆာဗာတစ်ခုတည်ဆောက်ပြီး နည်းပညာအသုံးပြုဆောင်ရွက်နေပြီဖြစ်သည်။ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများကလည်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**နိုင်ငံသားကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများ မှန်ကန်ရေးအတွက် မြေပြင်ကွင်းဆင်းဆောင်ရွက်**

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၀ ရက်က ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရေးဆိုင်ရာ အစည်းအဝေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမြင့်ကြိုင်နှင့် ဒေါက်တာမျိုးသိန်းကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်၊ ဦးအောင်ထွန်းခိုင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များလည်း ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။ အစည်းအဝေးတွင် မဲစာရင်းများမှန်ကန်စေရန်အတွက် ပထမအဆင့် နိုင်-၄ နှင့်ပတ်သက်သည့် စာရင်းဇယားများ အတိအကျဖြစ်အောင် ဆောင်ရွက်ခဲ့ကြောင်း၊ ဒုတိယအဆင့်အနေဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ကွန်ပျူတာစနစ်ဖြင့် စိစစ်ပြီးနောက် ပုံစံ(၆၆/၆)ကို Software နည်းပညာဖြင့် စစ်ဆေးခဲ့ကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းပါ အမှားအယွင်းများကို တတိယအဆင့်အဖြစ်မြေပြင်တွင် စိစစ်ပြီးစာရင်းသွင်းခြင်းနှင့် စစ်ဆေးပြင်ဆင်ခြင်းတို့ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များဦးစီး၍ ရွေးကောက်ပွဲကော်မရှင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကွန်ပျူတာပညာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များအပြင် လုံခြုံရေးအဖွဲ့ဝင်များနှင့်ပူးပေါင်း၍ အမြန်ဆုံးမြေပြင်စာရင်းကောက်ယူနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊လူဦးရေစာရင်းများ တိကျမှန်ကန်စွာ စာရင်းကောက်ယူနိုင်မှသာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်မည့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲစာရင်းများအမှန်တကယ်ပြုစုနိုင်မည်ဖြစ်ကြောင်း လုပ်ငန်းလမ်းညွှန်ချက်ချမှတ်ပေးခဲ့သည်ဖြစ်ရာ မြေပြင်ကွင်းဆင်းစိစစ်ရေးအဖွဲ့များ လာရောက်ဆောင်ရွက်ချိန်တွင် ကာယကံရှင်နိုင်ငံသားများနှင့် သက်ဆိုင်ရာ အိမ်ထောင်စုများကလည်း မိမိတို့နှင့်သက်ဆိုင်သည့် အချက်အလက်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းပါအချက်အလက်များ မှန်ကန်စွာ စိစစ်မှတ်တမ်းတင်နိုင်ရေးအတွက် နိုင်ငံသားအခွင့်အရေး၊ နိုင်ငံသားတာဝန်တို့နှင့်လျော်ညီစွာ ပူးပေါင်းဆောင်ရွက်ပေးနိုင်ရန် နိုင်ငံသားမဲဆန္ဒရှင်တစ်ဦးအနေဖြင့် ဆန္ဒပြုတိုက်တွန်းဖော်ပြအပ်ပါသည်။

**မဲဆန္ဒရှင်တစ်ဦး**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မန္တလေးတိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်




**နေပြည်တော် နိုဝင်ဘာ ၂၉**

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စပါးနှင့် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအတွင်း ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံးသို့ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ မန္တလေးတိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် စပါးနှင့် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာများ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ဒေသခံလုပ်ငန်းရှင်များ၊ တောင်သူများနှင့်တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ပဲတီစိမ်းနှင့် နွေစပါးစီမံကိန်းများ၊ လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးဆွေးနွေးသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှု၊ စိုက်ပျိုးရေးအနေဖြင့် ဆောင်းပဲတီစိမ်းဧက ၂၀၀၀၀ ခန့်၊ နွေစပါးစိုက်ဧက ၈၀၀၀၀ ကျော် လျာထားဆောင်ရွက်နေမှု၊ အမှန်တကယ် ဆောင်ရွက်နိုင်သည့် စီမံကိန်းဧရိယာရွေးချယ်နိုင်ရေး၊ ချေးငွေများဆုံးရှုံးမှုမရှိစေရေး၊ လယ်ယာဖွံ့ဖြိုးရေးဘဏ်ချေးငွေများ ပြန်လည်ရရှိရေးဆောင်ရွက်မည့်အစီအစဉ်များနှင့် အစိုးရအဖွဲ့က စီမံကိန်းအောင်မြင်ရေးအတွက် တာဝန်ယူကြီးကြပ်ဆောင်ရွက်မည့် ကိစ္စရပ်များကို ပြန်လည်ဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသော ဒေသခံလုပ်ငန်းရှင်များ၊ တောင်သူများနှင့် သမဝါယမအသင်းများ၏ မေးမြန်းချက်များကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ စိုက်ပျိုးရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှု၊ ဆက်လက်ဆောက်ရွက်မည့် အစီအစဉ်များကို ပြန်လည်ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အာဆီယံအပေါင်းသုံး အရေးပေါ်အရန်ဆန်ရိက္ခာအစီအစဉ်-၃ အရ APTERR ကောင်စီ၏အစီအစဉ်ဖြင့် အလှူရှင်နိုင်ငံများဖြစ်သော ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့က ပေးပို့လှူဒါန်းသည့် ဆန်များအနက် မန္တလေးတိုင်းဒေသကြီးပြည်သူများအတွက် ဆန်တန်ချိန် ၅၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဂရိတ်ဝေါလ်ကုမ္ပဏီ၏တစ်သျှူးကာချာလ်မျိုးပွားအလုပ်ရုံသို့ရောက်ရှိကာ လယ်ယာသစ်တောနှင့် မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်မှု၊ လယ်ယာသီးနှံ သစ်တောရောနှောစိုက်ခင်း၊ အဲဗားဂရင်းမြက်နှင့် ကြီးမြန်ပြည်လုံးချမ်းသာ ရောနှောစိုက်ခင်း၊ အစေ့လွတ်အရသာကောင်း မျိုးသန့်ပျားလိမ္မော်ပင်များ စမ်းသပ်စိုက်ပျိုးထားမှု၊ အဲဗားဂရင်းမြက်ကို မွေးမြူရေးအစာအဖြစ်အသုံးပြု၍ နွားမွေးမြူထားရှိမှုကို ကြည့်ရှုလေ့လာ၍ ကုမ္ပဏီမှ တောင်သူများကို ဈေးကွက်ဝင်ပြီး အထွက်တိုးမျိုးစေ့များ၊ ပျိုးပင်များ ပံ့ပိုးနိုင်ရေးနှင့် နည်းပညာများ ပေါင်းစပ်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ်ရှိ သမဝါယမကောလိပ်(မန္တလေး)သို့ရောက်ရှိ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ အောင်ချမ်းသာရပ်ကွက် ဒက္ခိဏာရုံကျောင်းတိုက်၏ ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တနန္ဒာစရိယ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် နိုဝင်ဘာ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ အောင်ချမ်းသာရပ်ကွက် ဒက္ခိဏာရုံကျောင်းတိုက်၏ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တနန္ဒာစရိယ(အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) မဟာထေရ်မြတ်ကြီးသည် သက်တော် ၉၃နှစ် သိက္ခာတော် ၇၃ ဝါအရ ၁၃၈၄ ခုနှစ် နတ်တော်လဆန်း ၆ ရက် နိုဝင်ဘာ ၂၈ ရက် တနင်္လာနေ့ ည ၉ နာရီ ၂၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးမှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်သည့် ဗုဒ္ဓဥယျာဉ်သို့ တိုက်ရိုက်ဝင်ထွက်နိုင်သည့် လမ်းပိုင်းကို လေးလမ်းသွား ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၂၉**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ဒုတိယဝန်ကြီး ဦးဝင်းဇေ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၀၄ မိုင် ၁ ဖာလုံမှ နေပြည်တော် ဒက္ခိဏာသီရိမြို့နယ်၌ ကမ္ဘာ့အကြီးဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်သည့် ဗုဒ္ဓဥယျာဉ်သို့ တိုက်ရိုက် အဝင်၊အထွက်ပြုလုပ်နိုင်သည့် လမ်းပိုင်း ၃၀၈၄ ပေကို လေးလမ်းသွား ကတ္တရာကွန်ကရစ်ခင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော် ဒက္ခိဏာသီရိခရိုင် လမ်းဦးစီးဌာနကဆောင်ရွက်နေသော ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးမှ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မုခ်ဦးအဝင်နှင့် ဆက်စပ်မည့်လမ်းပိုင်းအား ကတ္တရာကွန်ကရစ်ခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက စံချိန်စံညွှန်း ပြည့်မီရေးနှင့် သတ်မှတ်ချိန်အတွင်း ပြီးစီးရေး အလေးထားဆောင်ရွက်ရန်၊ ကတ္တရာကွန်ကရစ်ခင်းပြီးပါက ထိန်းသိမ်းရေးအပိုင်းကိုလည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန်နှင့် လမ်းလယ်ကျွန်း၊ ရေမြောင်းများ စနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူက ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၀၄ မိုင် ၁ ဖာလုံမှ ယခုဖောက်လုပ်ထားသည့် လမ်းပိုင်းနှင့် ဆက်စပ်ရန်အတွက် အမြန်လမ်းကို နှစ်လမ်းသွားမှ လေးလမ်းသွားသို့ တိုးချဲ့ဆောင်ရွက်မည့်အစီအစဉ်များကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အမြန်လမ်းမကြီးနှင့် ချိတ်ဆက်မည့် အဝင်၊ အထွက်လမ်းပိုင်းတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လမ်းညွှန်အမှတ်အသားများ၊ အသိပေးဆိုင်းဘုတ်များ ဆောင်ရွက်ထားရန်၊ လုပ်ငန်းဆောင်ရွက်နေစဉ် ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းရေး အထူးဂရုပြုဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်း ခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ပေသောင်ရွာလူသတ်မှု"**ခေါင်းစဉ်ဖြင့် ၃၀-၁၁-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပုလောမြို့နယ် ပလမြို့တွင် PDF အမည်ခံအကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူများကို သေနတ်ပြခြိမ်းခြောက်ပြီး ရွှေထည်ပစ္စည်းများအား လုယက်ယူဆောင်ကာ နေအိမ်ကိုမီးရှို့ဖျက်ဆီးမှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# အမေရိကန်နိုင်ငံ ဟာဝိုင်ယီပြည်နယ်ရှိ မာနာလိုအာမီးတောင်ပေါက်ကွဲမှုဖြစ်ပွား



**ဝါရှင်တန် နိုဝင်ဘာ ၂၉**

အမေရိကန်နိုင်ငံ ဟာဝိုင်ယီပြည်နယ်တွင်တည်ရှိသည့် ကမ္ဘာ့အကြီးဆုံးမီးတောင်ဖြစ်သည့် မာနာလိုအာမီးတောင်သည် နိုဝင်ဘာ ၂၈ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ဟာဝိုင်ယီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု US News သတင်းဌာန ယနေ့တွင် ရေးသားဖော်ပြသွားခဲ့သည်။

၁၉၈၄ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ပေါက်ကွဲမှုဖြစ်စဉ်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ချော်ရည်များသည် မီးတောင်အနီးပတ်ဝန်းကျင်ပျံ့နှံ့နေပြီဖြစ်ကြောင်း၊ မာနာလိုအာမီးတောင်သည် နှစ်ပေါင်း ၄၀ ခန့်ထိ တည်ငြိမ်နေသည့် မီးတောင်ဖြစ်ပြီး နှစ်ပေါင်း ၄၀ ခန့်အတွင်း ပထမဆုံးအကြိမ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သလို ပေါက်ကွဲအားပြင်းထန်ကြောင်း၊ မီးတောင်ပေါက်ကွဲမှုကြောင့် ချော်ရည်ငွေ့များသည် မီးတောင်အနီးပတ်ဝန်းကျင် ငါးမိုင်အကွာထိ ပျံ့နှံ့ရောက်ရှိနေပြီး အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အစည်းကလည်း ကယ်ဆယ်ရေးစခန်းနှစ်ခုဖွင့်လှစ်ကာ လိုအပ်လာပါက ဒေသခံများ ဘေးလွတ်ရာ ရွှေ့ပြောင်းနိုင်ရန် ပြင်ဆင်ထားကြောင်း ဟာဝိုင်ယီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မာနာလိုအာမီးတောင် ပေါက်ကွဲမှုဟာ အစပျိုးတဲ့အဆင့်မှာပဲရှိပါသေးတယ်။ ချော်ရည်ငွေ့ပျံ့နှံ့မှုဟာ မီးတောင်ပေါက်ကွဲမှု အခြေအနေပေါ် မူတည်ပြီး ပြောင်းလဲနိုင်တဲ့အတွက် ဒေသခံတွေ အန္တရာယ်ရှိပါတယ်"ဟု အမေရိကန် မြေစမ်းသပ်ရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

မီးတောင်အနီးပတ်ဝန်းကျင်တွင် နေထိုင်သူလူဦးရေ ၂၀၀၀၀၀ ကျော်ထိရှိနေပြီး အာဏာပိုင်အဖွဲ့အစည်းက လိုအပ်လာပါက ဘေးလွတ်ရာ ရွှေ့ပြောင်းနိုင်ရေးကြိုတင်ပြင်ဆင်ထားရန် ကယ်ဆယ်ရေးအဖွဲ့အစည်းကို ညွှန်ကြားထားကြောင်း သိရသည်။

**ခိုင်းဆက်**

# အမေရိကန်နိုင်ငံ ပြည်နယ်အမြောက်အမြားတွင် လာမည့်ရက်ပိုင်းအတွင်း မုန်တိုင်းနှင့် လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်ဖွယ်ရှိ

**ဝါရှင်တန် နိုဝင်ဘာ ၂၉**

အမေရိကန်နိုင်ငံ ပြည်နယ်အမြောက်အမြားတွင် လာမည့်ရက်ပိုင်းအတွင်း မုန်တိုင်းနှင့် လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေကြောင်း Accu Weather အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု IBT သတင်းဌာနက နိုဝင်ဘာ ၂၈ ရက်က ဖော်ပြခဲ့သည်။

မုန်တိုင်းနှင့်လေဆင်နှာမောင်းအားကောင်းနိုင်ပြီး လာမည့် ၄၈ နာရီအတွင်း တိုက်ခတ်ဖွယ်ရှိနေသည့်အတွက် အမျိုးသားမိုးလေဝသစင်တာက မုန်တိုင်းနှင့်လေဆင်နှာမောင်း ဝင်ရောက်ဖွယ်ရှိနေသောပြည်နယ်များသို့လည်း ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် ကြိုတင်သတိပေးချက် ထုတ်ပြန်ထားကြောင်း၊ မုန်တိုင်းနှင့် လေဆင်နှာမောင်းဝင်ရောက်ဖွယ်ရှိနေသည့် ပြည်နယ်များမှာ တက္ကဆက်ပြည်နယ်၊ တန်နက်စီပြည်နယ်၊ လူဝီစီယားနားပြည်နယ်၊ မစ်ဆူရီပြည်နယ်၊ အာကန်ဆက်ပြည်နယ်၊ မစ္စစ္စပီပြည်နယ်တို့ဖြစ်ကြောင်း Accu Weather အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"လာမဲ့ ရက်ပိုင်းအတွင်း ပြည်နယ် တော်တော်များများမှာ မုန်တိုင်းနဲ့ လေဆင်နှာမောင်းဝင်ရောက်လာဖွယ်ရှိနေပါတယ်။ မစ္စစ္စပီပြည်နယ်နဲ့ မစ္စစ္စပီမြစ်အောက်ပိုင်း ချိုင့်ဝှမ်းဒေသတွေမှာတော့ လေဆင်နှာမောင်းအန္တရာယ်နဲ့ ရင်ဆိုင်ရဖွယ် ရှိနေပြီးတော့ တက္ကဆက်ပြည်နယ်၊ တန်နက်စီပြည်နယ်၊ လူဝီစီယားနားပြည်နယ်၊ မစ်ဆူရီပြည်နယ်၊ အာကန်ဆက်ပြည်နယ်တွေမှာတော့ မုန်တိုင်းဝင်ရောက်ဖွယ်ရှိနေပါတယ်။ မုန်တိုင်းနဲ့ လေဆင်နှာမောင်းဝင်ရောက်ဖွယ်ရှိနေတဲ့ ပြည်နယ်တွေမှာ အန္တရာယ်ရှိနိုင်တဲ့မြို့တွေကတော့ ဟောက်စတန်မြို့၊ နက်ရှ်ဗီးမြို့၊ နယူးအော်လိန်းမြို့၊ စိန့်လူးဝစ်မြို့၊ ဘာတန်ရုမြို့၊ လစ်တယ်ရော့ခ်မြို့နဲ့ မမ်ဖစ်မြို့တွေပဲ ဖြစ်ပါတယ်။ မုန်တိုင်းနဲ့လေဆင်နှာမောင်းဟာ နောက်အကျဆုံး လာမဲ့ ၄၈ နာရီအတွင်း ဝင်ရောက်ဖွယ်ရှိနေပါတယ်"ဟု Accu-Weather အဖွဲ့အစည်းမှ အကြီးတန်းမိုးလေဝသခန့်မှန်းပညာရှင် ပိုင်ဒီနောင်းစကီက ပြောကြားခဲ့ကြောင်း သိရသည်။

မုန်တိုင်းနှင့်လေဆင်နှာမောင်းအန္တရာယ်များဖြင့် အဓိကရင်ဆိုင်ရဖွယ်ရှိနေသည့် မြို့များမှာ ဟောက်စတန်မြို့၊ နက်ရှ်ဗီးမြို့၊ နယူးအော်လိန်းမြို့၊ စိန့်လူးဝစ်မြို့၊ ဘာတန်ရုမြို့၊ လစ်တယ်ရော့ခ်မြို့၊ မမ်ဖစ်မြို့တို့ဖြစ်ကြောင်း Accu Weather အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**

# ကင်မရွန်းနိုင်ငံတွင် မြေပြိုကျမှုကြောင့် လူ ၁၅ ဦးသေဆုံး

**ရဆွန်ဒီ နိုဝင်ဘာ ၂၉**

ကင်မရွန်းနိုင်ငံ ရဆွန်ဒီမြို့တွင် နိုဝင်ဘာ ၂၈ ရက်က မြေပြိုကျမှုဖြစ်ပေါ်ခဲ့ပြီး မြေပြိုကျမှုကြောင့် လူ ၁၅ ဦး သေဆုံးခဲ့ကြောင်း ရဆွန်ဒီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Stuff သတင်းဌာနက ယနေ့ရေးသားဖော်ပြခဲ့သည်။

မြေပြိုကျမှု ဖြစ်ပွားခဲ့သော ဧရိယာအနီးရှိ ဒေသခံများကို အောက်မေ့ဖွယ် အခမ်းအနားတစ်ခုပြုလုပ်နေပြီး ၎င်းအခမ်းအနားပြုလုပ်နေသည့် ဧရိယာတွင် မြေပြိုကျမှု ဖြစ်ပေါ်ခဲ့ခြင်းကြောင့် မလိုလားအပ်သည့် ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ကယ်ဆယ်ရေး ဝန်ထမ်းများက မြေပြိုကျသည့် ဧရိယာတွင် ကယ်ဆယ်ရေး လုပ်ငန်းများကို အရေးပေါ်ဆောင်ရွက်ပေးခဲ့သော်လည်း မြေပြိုကျသည့်အောက်တွင် ပိတ်မိနေသော ဒေသခံများကို ကယ်တင်ပေးနိုင်ခဲ့ခြင်း မရှိခဲ့ပေ။ မြေပြိုကျမှုကြောင့် သေဆုံးခဲ့ရသော ဒေသခံများနှင့်အတူ အောက်မေ့ဖွယ်အခမ်းအနားကို တက်ရောက်ခဲ့သော်လည်း အသက်ဆုံးရှုံးရမည့်အရေးမှ လွတ်မြောက်ခဲ့သည့် မာကိုလိုက မြေပြိုကျမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။



"ကျွန်တော်တို့ မိသားစုဝင်တွေနဲ့ အိမ်နီးချင်းတွေ စုဝေးပြီးတော့ အောက်မေ့ဖွယ်အခမ်းအနားပြုလုပ်ခဲ့ကြတယ်။ အခမ်းအနားမှာ ဆေးလိပ်သောက်ချင်တဲ့အတွက် တခြားလူတွေ အနှောင့်အယှက်ဖြစ်မှာစိုးလို့ အပြင်ထွက်ပြီး ဆေးလိပ် သွားသောက်ခဲ့တယ်။ ကျွန်တော် ထွက်လာတဲ့အချိန်မှာပဲ အခမ်းအနားပြုလုပ်တဲ့ နေရာက မြေပြိုကျခဲ့တယ်။ အထဲကျန်ခဲ့တဲ့သူတွေအားလုံး အသက်ဆုံးရှုံးခဲ့ရတယ်။ ကျွန်တော့်အမေလဲ အသက်ဆုံးရှုံးခဲ့တယ်။ ဒီဖြစ်စဉ်က စက္ကန့်ပိုင်းအတွင်း ဖြစ်ပွားခဲ့ပြီးတော့ စက္ကန့်ပိုင်းအတွင်းမှာ လူတွေဘဝပြောင်းလဲသွားခဲ့တယ်။ ကျွန်တော်ဆိုရင် တော်တော်လေးကိုကံကောင်းခဲ့လို့ အသက်ဘေးကနေ လွတ်မြောက်ခဲ့တာပါ။ အခမ်းအနားလုပ်နေတဲ့ နေရာကိုလှမ်းကြည့်လိုက်တော့ အားလုံးမြေကြီးအောက်ရောက်နေပြီ။ ကယ်ဆယ်ရေးဝန်ထမ်းတွေ ရောက်လာပြီး ကယ်ဆယ်ရေးလုပ်ငန်းတွေဆောင်ရွက်ပေးခဲ့ပေမဲ့လဲ အသက်ရှင်လျက် ကယ်တင်ပေးနိုင်တာမရှိခဲ့ပါဘူး" ဟု မာကိုလိုက ပြောကြားခဲ့ကြောင်း သိရသည်။

**ခိုင်းဆက်**

# အင်ဒိုနီးရှားနိုင်ငံ ဘီကာစီမြို့အနီး ကျေးလက်ဒေသငါးခုတွင် ရေကြီးရေလျှံမှုဖြစ်ပွား

**ဂျကာတာ နိုဝင်ဘာ ၂၉**

အင်ဒိုနီးရှားနိုင်ငံ ဘီကာစီမြို့အနီးရှိ ကျေးလက်ဒေသ ငါးခုတွင် ရေကြီးရေလျှံမှု ဖြစ်ပွားသဖြင့် ဒေသခံတချို့ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း ဘီကာစီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Tempo သတင်းဌာနက နိုဝင်ဘာ ၂၈ ရက်က ရေးသားဖော်ပြခဲ့သည်။

ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသောဒေသခံများကို ကူညီပေးရန်အတွက် ဘီကာစီနယ်မြေသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးအေဂျင်စီက ကယ်ဆယ်ရေးဝန်ထမ်းများစေလွှတ်ပေးထားကြောင်း၊ ကယ်ဆယ်ရေးဝန်ထမ်းများက ဒေသခံများအတွက် အခြေခံလိုအပ်သောပစ္စည်းများ၊ ရေဘူးနှင့် Maskများ ပံ့ပိုးပေးခဲ့ပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ဒေသခံများကို ယာယီကယ်ဆယ်ရေးစခန်းများတွင် နေရာချပေးထားကြောင်း၊ ဒီရေမြင့်တက်လာသည့်အတွက် ရေဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူနှင့် သေဆုံးသူမရှိကြောင်း ဘီကာစီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ကျေးလက်ဒေသငါးခုမှာ ဆိုးရွားတဲ့ ရေဘေးအန္တရာယ်ဖြစ်ပေါ်နေပါတယ်။ ရေဘေးအန္တရာယ်သတင်းကြားတာနဲ့ ကယ်ဆယ်ရေးဝန်ထမ်းတွေကို ချက်ချင်းစေလွှတ်ပေးခဲ့ပါတယ်။ ဒီရေအတက်မြန်နေတဲ့အတွက် အချိန်တိုအတွင်း ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့တာပါ။ ကယ်ဆယ်ရေးအဖွဲ့အစည်းအနေနဲ့ ဒေသခံတွေအတွက် အခြေခံလိုအပ်တဲ့ပစ္စည်းတွေပါတဲ့ သေတ္တာအလုံး ၂၀၊ သောက်ရေသန့်တွေနဲ့ Mask အခုရေ ၄၀၀၀ ပံ့ပိုးပေးခဲ့တယ်။ လက်ရှိရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ ကျေးလက်ဒေသငါးခုရဲ့ လူနေအိမ်တွေမှာ ရေပမာဏဟာ ၂၀ စင်တီမီတာကနေ ၅၀ စင်တီမီတာထိ မြင့်တက်နေတယ်။ ကယ်ဆယ်ရေးဝန်ထမ်းတွေအနေနဲ့လဲ ဘေးလွတ်ရာရွှေ့ပြောင်းဖို့ လိုအပ်နေတဲ့ဒေသခံတွေကို ကူညီပြီး ယာယီကယ်ဆယ်ရေးစခန်းတွေမှာ နေရာချပေးထားပါတယ်"ဟု ဘီကာစီအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ မက်လစ်က ပြောကြားခဲ့သည်။

**ခိုင်းဆက်**

# ရာသီဥတုဖောက်ပြန်မှုကြောင့် ယခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၇ သန်းကျော်အိုးမဲ့အိမ်မဲ့ဖြစ်

**ဂျီနီဗာ နိုဝင်ဘာ ၂၉**

ရာသီဥတုဖောက်ပြန်မှုကြောင့် ယခုနှစ်တွင် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရသဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၇ ဒသမ ၁ သန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း WHO က နိုဝင်ဘာ ၂၈ ရက်တွင် ပြောကြားခဲ့သည်ဟု The Daily Star သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် ယခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၇ ဒသမ ၁ သန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး ၂၀၅၀ ပြည့်နှစ်တွင် ၁၃ ဒသမ ၃ သန်းထိရှိလာနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဒါကာမြို့၌ ကျင်းပလျက်ရှိသည့် တတိယအကြိမ် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများဆိုင်ရာ WHO Global School ၏ နှစ်ပတ်လည်တွေ့ဆုံပွဲအခမ်းအနားတွင် ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများ၏ ကျန်းမာရေးဆိုင်ရာပြဿနာများကို လုံလောက်စွာ ဖြေရှင်းနိုင်ရန်နှင့် နိုင်ငံများနှင့်နယ်မြေများကို ပံ့ပိုးပေးနိုင်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက နှစ်စဉ်ကျင်းပပြုလုပ်သည့် တတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၂ ရက်ထိ ငါးရက်တာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးသို့ ကုလသမဂ္ဂမိတ်ဖက်အေဂျင်စီများ၊ မူဝါဒချမှတ်သူများ၊ ပညာရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဒုက္ခသည်များနှင့် ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန် စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် အသိပညာနှင့်အတွေ့အကြုံများကို ဖလှယ်ကြမည်ဖြစ်ကြောင်း သိရသည်။

**AZH**

# စွန့်ပစ်ပစ္စည်းများအကြောင်းနှင့် စီမံခန့်ခွဲမှု

မေဇင်ထွန်း

အစိုင်အခဲစွန့်ပစ်ပစ္စည်းများကို စီမံခန့်ခွဲခြင်း၊ စုဆောင်းခြင်း၊ ပြုပြင်ခြင်း၊ စွန့်ပစ်ခြင်း သို့မဟုတ် အသုံးမဝင်တော့သောကြောင့် စည်ပင်က စွန့်ပစ်အမှိုက်များကိုစွန့်ပစ်ခြင်းသည် သန့်ရှင်းမှုမရှိသော အခြေအနေများကိုဖြစ်စေနိုင်ပြီး ၎င်းအခြေအနေများသည် ပတ်ဝန်းကျင်ကိုညစ်ညမ်းစေကာ ကြွက်နှင့် အင်းဆက်ပိုးမွှားများမှ ကူးစက်သောရောဂါများ ဖြစ်ပွားစေပြီး သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေနိုင်သည်။ အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းများသည် ရှုပ်ထွေးသောနည်းပညာဆိုင်ရာ စိန်ခေါ်မှုများရှိနေသည်။ ၎င်းတို့သည် စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် လူမှုရေးပြဿနာများကို ဖြစ်ပေါ်စေသည်။

ရှေးခေတ်မြို့ကြီးများတွင် အမှိုက်ကျင်းများမပြုလုပ်ထားသောကြောင့် စွန့်ပစ်အမှိုက်များကို လမ်းများပေါ်သို့ စွန့်ပစ်ခြင်းဖြင့် အမှိုက်များစုပုံလာကြသည်။ ဘီစီ ၃၂၀ မတိုင်မီတွင် အမှိုက်များစုပုံခြင်းကိုတားမြစ်သည့် ပထမဆုံးလူသိများသော ဥပဒေတစ်ရပ်ကိုရေးဆွဲခဲ့သည်။ ထိုအချိန်က ဂရိနိုင်ငံနှင့် မြေထဲပင်လယ်အရှေ့ပိုင်းရှိ ဂရိလွှမ်းမိုးသောမြို့များတွင် အမှိုက်ဖယ်ရှားရေးစနစ် စတင်ဖြစ်ထွန်းလာခဲ့သည်။ ရှေးရောမခေတ်က အိမ်ခြံမြေပိုင်ရှင်များသည် ၎င်းတို့၏ အိမ်ခြံမြေမျက်နှာစာလမ်းများကို သန့်ရှင်းရေးလုပ်ရန်တာဝန်ရှိသည်။ သို့သော် အများပိုင်နေရာများတွင် အမှိုက်များစုပုံနေခြင်းသည် နိုင်ငံ၏ တာဝန်ရှိသူများနှင့်သာဆိုင်သည်။ ဥပမာ-ချီတက်ပွဲများကဲ့သို့သော နိုင်ငံတော်ကမကထပြုသော အခမ်းအနားများဖြစ်သည်။ မြို့ရိုးအပြင်ဘက်တွင်ရှိသောကျင်းကြီးများတွင် အမှိုက်စွန့်ပစ်ခဲ့သည်။ ထို့ကြောင့် လူဦးရေတိုးပွားလာသည်နှင့်အမျှ မြို့ကြီးများသည် အမှိုက်များကို မြို့၏အဝေးသို့ သယ်ပို့ရန်ကြိုးပမ်းခဲ့သည်။

အမှိုက်စွန့်ပစ်ခြင်း နည်းပညာဆိုင်ရာများသည် ၁၉ ရာစုနှောင်းပိုင်းတွင် စတင်ပေါ်ပေါက်လာခဲ့သည်။ ရေလုံသည့်အမှိုက်ပုံးများကို အမေရိကန်နိုင်ငံတွင် ပထမဆုံးမိတ်ဆက်ခဲ့ပြီး အမှိုက်များကို စုဆောင်းသယ်ယူရာတွင် ပိုမိုခိုင်ခံ့သောကားများကို အသုံးပြုခဲ့ကြသည်။ ၁၈၇၄ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၌ ပထမဆုံးစွန့်ပစ်အမှိုက်မီးရှို့စက် ဆောက်လုပ်ခြင်းဖြင့် အမှိုက်စီမံခန့်ခွဲမှု သိသိသာသာဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ၂၀ ရာစုအစပိုင်းတွင် အမေရိကန်နိုင်ငံရှိ မြို့ကြီးများ၏ ၁၅ ရာခိုင်နှုန်းသော အမှိုက်များကို မီးရှို့ဖျက်ဆီးခဲ့ကြသည်။ သို့သော်လည်း များစွာသော မြို့ကြီးအများစုသည် ကုန်းပေါ်တွင်သာမက ရေထဲတွင်စွန့်ပစ်ခြင်းကဲ့သို့သော ရှေးဦးစွန့်ပစ်နည်းလမ်းများကို အသုံးပြုနေကြဆဲဖြစ်သည်။

၂၀ရာစု၏အစပိုင်းတွင် အမှိုက်ကိုစုပေါင်းကြိတ်သည့်ကြိတ်စက်များ၊ အမှိုက်စုဆောင်းသယ်ယူရေးထရပ်ကားများနှင့် အမှိုက်စုဆောင်းမှုစနစ်များ အပါအဝင် နည်းပညာတိုးတက်မှုများဖြစ်လာသည်။ ထိုသို့နည်းပညာများတိုးတက်လာခြင်းကြောင့် ရာစုနှစ်လယ်ပိုင်း၌ အမှိုက်များကို စွန့်ပစ်ခြင်းနှင့်မလျော်ကန်သောအမှိုက်များကို မီးရှို့ခြင်းသည် ညစ်ညမ်းမှုနှင့် လူသားတို့၏ကျန်းမာရေးကို ထိခိုက်စေကြောင်း တွေ့ရှိလာသည်။ ထို့ကြောင့် အမှိုက်မီးရှို့ခြင်းအပေါ် မှီခိုအားထားမှုကိုလျှော့ချရန်အတွက် အမှိုက်စနစ်တကျစွန့်ပစ်ခြင်းအလေ့အကျင့်ကို အစားထိုးကာ သန့်ရှင်းရေးအမှိုက်ပုံးများကို တီထွင်ခဲ့သည်။ နိုင်ငံအများအပြားတွင် စွန့်ပစ်ပစ္စည်းများကို အန္တရာယ်ဖြစ်စေသောနှင့် အန္တရာယ်မရှိသောအမျိုးအစားဟူ၍ နှစ်မျိုးခွဲခြားထားပြီး ၎င်းတို့ကို စွန့်ပစ်ရန်အတွက် သီးခြားစည်းမျဉ်းများ ရေးဆွဲထားသည်။ ထိုအမှိုက်ပုံများကြောင့် အများပြည်သူကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအန္တရာယ်နည်းပါးစေသည့် နည်းလမ်းဖြင့် ဒီဇိုင်းရေးဆွဲပြီး လုပ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။ အမှိုက်မှ အပူစွမ်းအင်ကို ပြန်လည်ရယူရန်အတွက် စွန့်ပစ်အမှိုက်များမှစွမ်းအင်ထုတ်သော မီးဖိုအသစ်များကို ဒီဇိုင်းထုတ်ထားပြီး လေထုအရည်အသွေးကို ထိခိုက်မှုနည်းစေရန် တင်းကျပ်သောစံနှုန်းများဖြင့်ပြုလုပ်ထားကာ လေထုညစ်ညမ်းမှုထိန်းချုပ်ရေးကိရိယာများလည်း တပ်ဆင်ထားသည်။ ဖွံ့ဖြိုးပြီးနိုင်ငံအများစုရှိ ခေတ်မီအမှိုက်စီမံခန့်ခွဲမှုစက်ရုံများသည် မီးရှို့ဖျက်ဆီးခြင်းနှင့် ကုန်းမြေများတွင် စွန့်ပစ်ခြင်းထက် အမှိုက်များကို ပြန်လည်အသုံးပြုခြင်းနှင့် အမှိုက်လျှော့ချခြင်းဆိုင်ရာ အလေ့အကျင့်များကို အလေးပေးလာကြသည်။

စွန့်ပစ်အမှိုက်များထဲတွင် လူနေအိမ်များ၊ စီးပွားရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများမှထွက်ရှိသည့်



အမှိုက်များပါဝင်သည်။ လူတစ်ဦးချင်း သို့မဟုတ် ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေသော စွန့်ပစ်ပစ္စည်းတချို့ကို အန္တရာယ်ရှိသည့်အမှိုက်များအဖြစ် အမျိုးအစားခွဲခြားထားကာ ပိုမို၍စနစ်ကျသောစုဆောင်းသိမ်းဆည်းမှုမျိုးလုပ်ဆောင်ရသည်။ ရပ်ရွာမှ အန္တရာယ်မရှိသော အစိုင်အခဲစွန့်ပစ်ပစ္စည်းအားလုံးကို စွန့်ပစ်ရာတွင် စုဆောင်းခြင်းနှင့် သယ်ယူရန်လိုအပ်ပြီး ထိုသို့ပြုလုပ်ရန် လုပ်ငန်းစဉ်များလိုအပ်သည့်အတွက်၎င်းအမှိုက်ကို မြူနီစီပယ်အမှိုက်(MSW) ဟုခေါ်သည်။ အမှိုက်များထဲတွင် အများအားဖြင့် အစားအစာများသည် ဆွေးမြည့်ပျက်စီးနိုင်သော အမှိုက်များဖြစ်သည်။ စက္ကူ၊ အထည်များသည် အများအားဖြင့် အမှိုက်ခြောက်များဖြစ်သည်။ ၎င်းအမှိုက်များသည် ပုပ်သိုးကာ ဆွေးမြည့်ပျက်စီးနိုင်သော်လည်း အစားအစာအမှိုက်များလောက် မလွယ်ကူချေ။ အမှိုက်များထဲတွင် ရေခဲသေတ္တာဟောင်းများ၊ အိပ်ရာခင်းများ၊ သစ်ပင်ငုတ်တိုကြီးများကဲ့သို့သော ကြီးမားသည့်အရာများလည်းပါဝင်သည်။ ထိုသို့အမှိုက်အမျိုးအစားပေါင်းများစွာရှိသည့်အတွက် အမှိုက်များကို စုဆောင်းပြီး စနစ်တကျကိုင်တွယ်ရန်လိုအပ်သည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်နှင့် အဆောက်အအုံဟောင်းများဖြိုချခြင်းမှ ထွက်လာသော (C&D) အမှိုက်များသည် လူသားတို့အတွက် အန္တရာယ်မရှိသောကြောင့် ၎င်းကို စည်ပင်သာယာသန့်ရှင်းရေးအမှိုက်ပုံများတွင်သာ စွန့်ပစ်လေ့ရှိသည်။

ဖွံ့ဖြိုးပြီးနိုင်ငံအများအပြားတွင် အလျင်မြန်ဆုံးကြီးထွားလာသောအမှိုက်အမျိုးအစားမှာ IT စွန့်ပစ်ပစ္စည်းများဖြစ်သည့် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းကိရိယာများ၊ တီဗီများ၊ တယ်လီဖုန်းများနှင့် အခြားအီလက်ထရွန်နစ်ကိရိယာများဖြစ်ကြသည်။ ၎င်းအီလက်ထရွန်နစ်စွန့်ပစ်ပစ္စည်းများကို အီး-အမှိုက်များဟုလည်းခေါ်သည်။ ထိုအမှိုက်အမျိုးအစားများသည် လူသားတို့အတွက် ဆိုးကျိုးများဖြစ်စေသည့်အတွက် စိုးရိမ်မှုများတိုးလာကြသည်။ ခဲ၊ ပြဒါးနှင့် ကက်မီယမ်တို့သည် အီလက်ထရွန်နစ်စက်ပစ္စည်းများထဲတွင်ပါဝင်ပြီး ၎င်းတို့ကို ပြန်လည်အသုံးပြုခြင်းနှင့် စနစ်တကျစွန့်ပစ်ခြင်းဖြင့် စိုးရိမ်မှုကိုလျှော့ချထိန်းညှိရန် အစိုးရ၏မူဝါဒများလိုအပ်သည်။

ယနေ့ခေတ် လူမှုအသိုက်အဝန်းနှင့် နိုင်ငံများတွင် အမှိုက်သရိုက်များ သိသိသာသာပေါ်များလာသည့် အပြင်အမျိုးအစားများလည်း ကွဲပြားလာသည်။ အမေရိကန်နိုင်ငံတွင် စက္ကူနှင့် စက္ကူဘုတ်ထုတ်ကုန်များသည် (Minimum Square Weight-MSW) စုစုပေါင်း အနည်းဆုံးသောအလေးချိန်၏ ၄၀ ရာခိုင်နှုန်းခန့်ရှိသည်။ အစားအသောက်စွန့်ပစ်ပစ္စည်းသည် ၁၀ ရာခိုင်နှုန်းအောက်သာရှိသည်။ သစ်သား၊ ဖန်၊ သတ္တု၊ ပလတ်စတစ်၊ သားရေ၊ အထည်တို့သည် အခြားအထွေထွေပစ္စည်းများနှင့် ရောစပ်ထားသဖြင့် ကျစ်လျစ်သိပ်သည်းမှုမရှိသောကြောင့် တွက်ချက်ရန်ခက်ခဲသည်။ ယခုဖော်ပြထားသော ကိန်းဂဏန်းများသည် ပထဝီတည်နေရာ၊ စီးပွားရေးအခြေအနေ၊ တစ်နှစ်၏ ရာသီနှင့် အခြားအချက်များစွာအပေါ် မူတည်ပြီး ကွဲပြားသည်။ ထို့ကြောင့် စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်းနှင့် ပြန်လည်အသုံးပြုခြင်းများနှင့်ပတ်သက်၍ ဒီဇိုင်းရေးဆွဲတည်ဆောက်ခြင်းမပြုမီ သက်ဆိုင်ရာနေရာဒေသ၏ အမှိုက်သွင်ပြင်လက္ခဏာများကို သေချာစွာလေ့လာရမည်။

နေရာဒေသတွင်နေထိုင်သော လူဦးရေကိုလိုက်ပြီး အမှိုက်ထွက်နှုန်းများကွဲပြားကြသည်။ ဥပမာအားဖြင့် အမေရိကန်နိုင်ငံတွင် စည်ပင်သာယာ၏တွက်ချက်မှုအရ လူတစ်ဦးလျှင် ပျမ်းမျှအားဖြင့် တစ်ရက်လျှင် နှစ်ကီလိုဂရမ် (၄ ဒသမ ၅ ပေါင်)ခန့် အမှိုက်စွန့်ပစ်ကြသည်။ ဂျပန်သည် အမေရိကန်၏ပမာဏအောက် ထက်ဝက်လျော့သည်။ ကနေဒါတွင် လူတစ်ဦးလျှင် ပျမ်းမျှ တစ်ရက်လျှင် ၂ ဒသမ ၇ ကီလိုဂရမ် အမှိုက်စွန့်ပစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံတချို့တွင် လူတစ်ဦးလျှင် ပျမ်းမျှတစ်ရက်လျှင် သုည ဒသမ ၅ ကီလိုဂရမ်အောက်လျော့သည်။ ဖော်ပြပါအချက်အလက်များတွင် စီးပွားရေးလုပ်ငန်း၊ အဖွဲ့အစည်းဆိုင်ရာနှင့် စက်မှုလုပ်ငန်းများ မပါဝင်ပေ။ အမှိုက်စီမံခန့်ခွဲမှု ပရောဂျက်တစ်ခုကို စီစဉ်သောအခါ စွန့်ပစ်ပစ္စည်းထုတ်လုပ်ခြင်း၏ အမှန်တကယ်နှုန်းထားများကို ဂရုတစိုက်ဆုံးဖြတ်ရမည်။

ထို့ပြင် ကြွက် သို့မဟုတ် အင်းဆက်ပိုးမွှားကျရောက်မှုနှင့် အနံ့အသက်ဆိုးများလျော့နည်းစေရန်အတွက်လည်း ထည့်သွင်းစဉ်းစားရမည်။ ထို့ပြင် ရပ်ရွာအများစုအတွက် တာရှည်ခံ၍ အလွယ်တကူသန့်ရှင်းရေးလုပ်နိုင်သောအမှိုက်ပုံးများ ပြုလုပ်ပေးရန်လိုအပ်သည်။ သို့မှသာ အမှိုက်များကို အလွယ်တကူသိမ်းဆည်းနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဂါလန် ၃၀ ဆံ့သည် သွပ်ရည်စိမ်သတ္တုအမှိုက်ပုံးများ သို့မဟုတ် ပလတ်စတစ်ကွန်တိန်နာများကို အများအားဖြင့် အသုံးပြုကြသည်။ အချို့သောနေရာများသည် စက်ပိုင်းဆိုင်ရာဖြင့် အမှိုက်များကို သိမ်းနိုင်ပြီး စုဆောင်းထရပ်ကားများအတွင်းသို့စွန့်ထုတ်နိုင်သည့် ပိုကြီးသောကွန်တိန်နာများကို အသုံးပြုကြသည်။ ပလတ်စတစ်အိတ်များကို ပုံးများတွင်စွပ်ပြီး တစ်ခါသုံးကွန်တိန်နာများအဖြစ် မကြာခဏအသုံးပြုကာ အလွယ်တကူစွန့်ပစ်နိုင်ရန်လုပ်ဆောင်ကြသည်။ ဈေးဝယ်စင်တာများ၊ ဟိုတယ်များ၊ တိုက်ခန်းအဆောက်အအုံများတွင် အမှိုက်ပုံးများ၌ပလတ်စတစ်အိတ်များသုံးကာ အမှိုက်ကိုစုဆောင်းပြီး ယာယီသိမ်းဆည်းရန် အမှိုက်ပုံးများအဖြစ် အသုံးပြုကြသည်။ အချို့သော ရုံးခန်းများနှင့် စီးပွားရေးအဆောက်အအုံများသည် အမှိုက်ပမာဏကိုလျှော့ချရန်အတွက် အမှိုက်ကြိတ်စက်များကို အသုံးပြုကြသည်။

စွန့်ပစ်အမှိုက်များ စုဆောင်းခြင်းနှင့် သယ်ယူခြင်းသည် မှန်ကန်သော အမှိုက်စုဆောင်းခြင်းဖြစ်ပါက ပြည်သူ့ကျန်းမာရေးအတွက် များစွာအထောက်အကူဖြစ်စေပြီး ပြည်သူ့ကျန်းမာရေးဘေးကင်းရေးနှင့် ပတ်ဝန်းကျင်လေထု၊ မြေထု၊ ရေထုအရည်အသွေးကို ကာကွယ်ရန်အတွက်လည်း အလွန်အရေးကြီးသည်။ ထို့ကြောင့် အမှိုက်စွန့်ပစ်ခြင်းစီမံခန့်ခွဲမှုကုန်ကျစရိတ်ကို များစွာကျခံပြီး အလေးပေးလုပ်ဆောင်နေခြင်းဖြစ်သည်။ အများပြည်သူအတွက် စည်ပင်ဝန်ထမ်းများကိုတာဝန်ပေးကာ အမှိုက်သိမ်းဆည်းခြင်းများပြုလုပ်သည့်အပြင် တစ်ခါတစ်ရံတွင် လူမှုဝန်ထမ်းအဖွဲ့များက စည်ပင်သာယာရေးအဖွဲ့များနှင့်ပေါင်းစည်းကာ ပရဟိတအနေဖြင့် လုပ်ဆောင်ကြသည်။

ပလတ်စတစ်များသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို အဓိကဖြစ်စေသော စိန်ခေါ်မှုတစ်ခုဖြစ်ပြီး အကြောင်းမှာ ပလတ်စတစ်များကို ပုံစံအမျိုးမျိုးထုတ်လုပ်အသုံးပြုသည့်အပြင် ၎င်းတွင် အမျိုးမျိုးသော ပစ္စည်းများ ပါသည့်အတွက်ဖြစ်သည်။ ရောစပ်ထားသော သာမိုပလတ်စတစ်များကို ပလတ်စတစ်သစ်ခွဲသားကဲ့သို့သော အရည်အသွေးနိမ့်ထုတ်ကုန်များပြုလုပ်ရန်အတွက်သာ အသုံးပြုနိုင်သည်။

ယေဘုယျအားဖြင့်ဆိုရလျှင် မည်သည့်အမှိုက်ကိုမဆို ပြန်လည်အသုံးပြုခြင်းနှင့်ဆက်စပ်သော အခက်ခဲဆုံးပြဿနာမှာ အသုံးချပရိုဂရမ်များနှင့် သင့်လျော်သောဈေးကွက်များကို ရှာဖွေခြင်းပင်ဖြစ်သည်။ စွန့်ပစ်အမှိုက်များကို မိမိကိုယ်တိုင် ပြန်လည်အသုံးပြုခြင်းသည် ကြီးထွားလာသောအမှိုက်များကို စီမံခန့်ခွဲခြင်းနှင့် စွန့်ပစ်ခြင်းဆိုင်ရာပြဿနာကို ဖြေရှင်းနိုင်မည်မဟုတ်သော်လည်း အနည်းငယ်သက်သာရာရစေသည်။ ထို့ကြောင့်ပစ္စည်းများကို မလိုအပ်ဘဲဝယ်ယူခြင်းမပြုရန်နှင့် အလွယ်တကူစွန့်ပစ်ခြင်းမပြုပါက စွန့်ပစ်ပစ္စည်းများကို လျော့နည်းလာစေမည်ဖြစ်ပြီး ပတ်ဝန်းကျင်အတွက် ပိုမိုကောင်းမွန်စေမည်ဖြစ်ကြောင်း ရေးသားအပ်ပါသည်။

**Solid-waste management ကို ဘာသာပြန်ဆိုသည်။**

0w Kv d @

# ပီတိမျက်ရည်

မယ်လေးခင်(မနော်မြ)




(၁)

နံနက်ကတည်းက ချောင်းတဟွပ်ဟွပ်ဆိုးနေသည့် အမေ့ကိုကြည့်ရင်း ထွန်းမောင်စိတ်မချမ်းသာ။ စားဖို့လောက်သည်ဆိုရုံလေးဝင်ငွေက ဆေးခန်းကိုမလှည့်နိုင်။ အမေ့ရောဂါအတွက် လမ်းထိပ်ဆေးဆိုင်က ဆေးတို့သည်လည်း ရောဂါမတိုးတော့။ ချောင်းဆိုးလိုက်တိုင်း ချွဲတို့က ပိုမိုထလာသည်။ အမေ့ခန္ဓာကိုယ်သည် အတော်ပိန်ချုံးလျက်။ ဆံပင်တို့သည် ဆီမကပ်သည်မှာအတော်ကြာပြီမို့ ပွရောင်းရှုပ်ထွေးကာ ခြောက်သွေ့နေပြန်သည်။ အသက်လေးဆယ်ကျော်ရှိပါသေးသည်ပြောလျှင် မယုံနိုင်လောက်အောင် အမေသည် အိုမင်းရင့်ရော်လာပြီဖြစ်သည်။ အမေ့ကိုကြည့်ရင်း နာကျင်မိသည်မို့ ထွန်းမောင်ငိုခဲ့ရသည့်ရက်တို့က မရေတွက်နိုင်။ ဒီနေ့တော့ ဘကြီးမိုးတို့အိမ်က အလှူအတွက် ထင်းခွဲရန် ထွန်းမောင် အလုပ်ရထားသည်။ အမေ့ဆေးဖိုးရရန် ထွန်းမောင်အားစိုက်ရမည်ပင်။ အလုပ်လိုချင်သည့်ထွန်းမောင်အတွက် အလုပ်ရအောင် လိုက်ရှာဖွေရင်း အလုပ်ရပြန်တော့လည်း အလုပ်ရှင်ကျေနပ်အောင် လုပ်ရမည်ဖြစ်သည်။

"တော်ခေါ်ထားတဲ့ကလေးက ရှိလှ ဆယ့်ငါးနှစ်တောင် ပြည့်ပါ့မလား ကိုမိုးရယ်။ လူကောင်သေးသေးနဲ့ အလုပ်မတွင်ရင် အခက်"

ဘကြီးမိုးသည် မိန်းမဖြစ်သူစကားကြောင့် ထွန်းမောင်ကို သေသေချာချာကြည့်လိုက်မိသည်။ ထွန်းမောင်သည်လည်း ဘကြီးမိုးကို ကြည့်လျက်။ ဘကြီးမိုးကိုလှမ်းကြည့်နေသည့် ထွန်းမောင်၏ မျက်ဝန်းတွင် အသနားခံခြင်း၊ တောင်းပန်ခြင်းတို့ကို ဘကြီးမိုး တွေ့မြင်နေရသည်။ ထွန်းမောင်မျက်လုံးကို မြင်လိုက်ရသည့်တစ်ခဏ ဖော်မပြတတ်သော ဝေဒနာက ဘကြီးမိုး ရင်ထဲတိုးဝင်လာသည်။ ထွန်းမောင်ကိုကြည့်နေသည့် ဘကြီးမိုးမျက်ဝန်းတွင် မျက်ရည်တို့က ဝေ့သီလျက်။ အတွေးတို့သည်ကား လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော် ငမိုးဆိုသည့်ငယ်ဘဝ ကာလဆီသို့။

(၂)

"အိမ်ပြန်လာရင် ပိုက်ဆံပါအောင်ယူလာခဲ့ ကြားလားငမိုး"

ပြောလဲပြော၊ ရိုက်လဲရိုက်လိုက်သည့် ပထွေးဖြစ်သူ၏ ဘုန်းခနဲရိုက်ချက်သည် ငမိုးကျောပြင်ကို အရှိန်အဟုန်ပြင်းစွာကျရောက်လာသည်။ ကော့တက်သွားသည့်ကျောပြင်ကို လက်နဲ့လှမ်းမစမ်းရဲ။ အိပ်ရာပေါ်ပက်လက်ဖြစ်ကာ လေဖြတ်နေသည့်အမေ့ကို မဝံ့မရဲတစ်ချက်လှမ်းကြည့်လိုက်မိသည်။ ငမိုးအကြည့်တို့ ချက်ချင်းလွှဲလိုက်မိသည်။ အမေမှားပါတယ်ဆိုသည့်စကားတို့ တောင်းပန်တိုးလျှိုးနေသည့် အမေ့အမူအရာတို့ကို ငမိုးမကြည့်ချင်။ မမြင်ရက်သည်ဆိုက ပိုမှန်မည်။ အမေ့ကိုကျောခိုင်းရင်း အလုပ်ရနိုင်မည့် ဘယ်နေရာဖြစ်ဖြစ် ငမိုးလိုက်ရှာရမည်။

"ဦးလေး သားအုတ်သယ်ချင်လို့"

အုတ်ခဲစီနေသည့်လူကြီးသည် ငမိုးကိုလှည့်ပင်မကြည့်။ ငမိုးအားမလျှော့သေး ဒုတိယအကြိမ် ထပ်တောင်းဆိုလိုက်မိသည်။

"သွားလာမရှုပ်နဲ့ မင်းအရွယ်ဘာလုပ်တတ်မှာလဲ။ အလုပ်ကမလုပ်တတ် ပိုက်ဆံကလိုချင်သေး"

ဦးလေးကြီးစကားကြောင့် ငမိုးအားလျော့သွားမိသည်။ တွေ့သမျှအလုပ်တို့ကို ဝင်မေးကြည့်တော့လည်း လူမလိုဘူးဆိုသည့်စကားနှင့်တင် လှည့်ထွက်ခဲ့ရသည်။ နံနက်ကတည်းက ငမိုးဘာမျှမစားရသေး။ ဝမ်းဗိုက်ထဲမှ ဆာလောင်လာသည်ကို သည်းမခံနိုင်တော့သည့်နှယ် တကြုတ်ကြုတ်မြည်ကာ ဆူညံလျက်။ ဗိုက်ကိုအသာနှိပ်ရင်း ငမိုးကို အလုပ်ပေးတဲ့သူနဲ့ တွေ့ပါရစေဟုသော ဆုတောင်းသံတို့သည် အကြိမ်ပေါင်းမရေမတွက်နိုင်။

"ဦးကြီး ငမိုးကို အလုပ်လေးခိုင်းပါ။ လုပ်အားတန်ဖိုးငွေလေးပေးရင်ရပါပြီ"

ဦးကြီးသည်လည်း ငမိုးကို လှည့်ပင်မကြည့်။

"အန်တီ ငမိုးကို အလုပ်လေးခိုင်းစရာရှိရင်ခိုင်းပါခင်ဗျာ"

တိုက်အိမ်လှလှလေးဆောက်ထားသည့် အိမ်တွင်းမှ အမျိုးသမီးကြီးထွက်လာသည်မို့ ငမိုးအရဲစွန့်ကာ အလုပ်တောင်းလိုက်မိသည်။

"ဟဲ့ ဘယ်က ကလေးလဲ သွား သွား။ အလုပ်လာတောင်းပြီးရင် အိမ်ရှင်အလစ်ခိုးဖွက်ပြီး ပြေးရော။ သနားတတ်တဲ့ငါ့မှာ ဒုက္ခရောက်ရတယ်"

မကြားတကြားပြောသွားသည့် အန်တီကြီးကြောင့် ငမိုးအားလျော့လာမိသည်။ တစ်နေ့သာကုန်တော့မည် ပထွေးအရက်ဖိုးပင် မရသေးသည်မို့ ငမိုးငိုချင်လာမိသည်။ အမေစားချင်တာလေး ဝယ်ကျွေးဖို့ဆိုတာ စိတ်ကူးပင်မယဉ်နိုင်။ ငမိုးပင် ဆာနေပြီဆိုလျှင် အမေလည်း အတော်ဆာနေမည်မှာ အသေအချာ။ ဘာမှမပါဘဲ အိမ်ပြန်လျှင်မဖြစ်၊ နံနက်ကရိုက်ခံလိုက်ရသည့် လက်ဝါးရိုက်ချက်က ယခုထိနာနေတုန်းမို့ အိမ်ပြန်ရန်စိတ်မကူးရဲ။

ဆာလောင်လာသည့်ဒဏ်ကြောင့် ငမိုးမျက်လုံးတို့ မြာလာသည်။ ခြေလှမ်းတို့ကို ဆက်မသယ်ချင်တော့။ အမှောင်ထုသည်ကား တိုးဝင်လာပြီဖြစ်သည်။ ရှေ့ဆက်လှမ်းဖို့ပင် အားမရှိတော့သည်မို့ ငမိုး မီးရောင်အောက်မှာ ထိုင်ချလိုက်မိသည်။ ဘဝများကခါးကြသည်ဆိုသော်လည်း ငမိုးလောက်မည်သူမျှ ဘဝမခါးနိုင်။ ဝမ်းနည်းစိတ်ကြောင့် မျက်ရည်တို့ကဝဲလာသည်။ အားငယ်သည့်စိတ်ကကပ်ပါလာတော့ မျက်ရည်ကျရုံလေးငိုနေမိရာမှ ရှိုက်သံက ပိုမိုကျယ်လာသည်။ ငမိုးကိုယ်လေးသည်ကား တုန်ယင်နေလျက်။

(၃)

"ငိုမနေနဲ့ အလကားမိန်းမ သေကိုမသေနိုင်ဘူး။ မင်းရဲ့သား ငမိုးဆိုတဲ့အကောင်လဲ ဖြစ်ဖြစ်မြောက်မြောက်ငွေရအောင် မရှာနိုင်ဘူး"

ယောကျ်ားဖြစ်သူစကားကို ဒေါ်လှခင်ဂရုတစိုက်နားမထောင်နိုင်။ ဒေါ်လှခင်အကြည့်တို့က နာရီဆီသို့သာ။ သားငမိုးပြန်မလာသေး။ ပူပန်စိတ်တို့သာရှိနေပေမဲ့ ဒေါ်လှခင်ဘဝက သားငမိုးအနားမှာရှိနေမှ ထထိုင်နိုင်သည့်ဘဝ။ ထထိုင်လို့ပင်မရသည့်အခြေအနေမှာ ငိုကြွေးနေမိရုံသာ။ နံနက်ကတည်းက ထွက်သွားသည့်သားကို စိတ်ပူနေမိသည်။ သားလေးဘေးကင်းပါစေ။ မိသားစုတစ်ခုလုံးကို ရရာအလုပ်လုပ်ရင်း ရှာဖွေကျွေးသည့်သား။ ယောကျ်ားဖြစ်သူကလည်း လုပ်ရသည့်အလုပ်ကကူလီထမ်းသမား။ ပင်ပန်းသည်ဆိုကာ ရသည့်ငွေမှန်သမျှ အရက်သာထိုင်သောက်နေတတ်ပြီး ငွေပိုမှသာ မီးဖိုချောင်အတွက်ဝယ်လာတတ်သည်။ ထမင်းနပ်မမှန်သည့်ရက်များအတွက် သားငမိုးရှာကျွေးသည်ကိုသာ စားခဲ့ရသည်။

"လှခင် နင့်သားလိုက်ရှာအုံးမယ်။ လမ်းဘေးသေနေမှ အမှုပတ်နေမယ်"

ပြောဆိုကြိမ်းမောင်းရင်းထွက်သွားသည်မို့ သားငမိုးကိုစိတ်ပူဖော်ရသေးသည်ကိုပင်ကျေးဇူးတင်ရမည်။ ပုဆိုးကွင်းသိုင်းရင်းထွက်သွားသည့် ယောကျ်ားဖြစ်သူကိုကြည့်ရင်း ဒေါ်လှခင် သက်ပြင်းချလိုက်မိသည်။ အတွေးတို့က ဟိုတစ်စ သည်တစ်စ လွင့်ပါးသွားပြန်သည်။ မျှော်ရသည်ဆိုကာမှ အချိန်များက ကုန်ခဲနေသည်။ ဘယ်နှကြိမ်မြောက်မှန်းမသိသော သက်ပြင်းချသံက တိတ်ဆိတ်နေသည့်ညမို့ အတိုင်းသားပြန်ကြားနေရသည်။ လှခင်အိပ်ရာနံဘေးရှိ စားပွဲပေါ်က နာရီဆီ အကြည့်ရောက်မိသွားသည်။ နာရီလက်တံသည် ဆယ်နာရီပင်ညွှန်ပြနေပြီဖြစ်သည်။

"အမေရေ"

အိမ်ရှေ့မှ ဝမ်းသာအားရအော်ခေါ်လာသည့် သားငမိုးအသံ။ ဒေါ်လှခင် သားကိုမမြင်ရသေး။

"အိမ်ထဲဝင်ပါခင်ဗျာ့"

"သားအမေပါ ခင်ဗျာ့"

ငမိုးသည် ဒေါ်လှခင်ကိုပါ မိတ်ဆက်ပေးနေပြန်သည်။ အနားနားရောက်လာသည့် လူသည် ဒေါ်လှခင်ကို ပြုံးပြလေသည်။

"ငမိုးကို လိုက်ပို့တာပါအန်တီ"

"အမေ ဦးဦးက သားကို ထမင်းလဲကျွေးတယ်။ အမေ့ကိုလဲ ထမင်းကျွေးနိုင်ဖို့အလုပ်ပေးမယ်တဲ့"

ဒေါ်လှခင် သားပြောသမျှနားထောင်ရင်း ဦးရဲလင်းဆိုသည့်လူကြီးကို ကျေးဇူးအခါခါတင်မိသည်။

"ကျေးဇူးပါသားရယ်"

အမေငိုနေသည်ကိုကြည့်ရင်း ငမိုးဝမ်းနည်းမိသည်။ ငမိုးဘဝအတွက်တော့ အားကိုးရာကောက်ရိုးတစ်မျှင်ဖြစ်ခဲ့သည့် ဦးရဲလင်းဆိုသည့် ကျေးဇူးရှင်လူကြီးကိုလည်း ကျေးဇူးတင်မိသည်။ ငမိုးဘဝသည် ဦးရဲလင်းကြောင့် အရောင်ပြောင်းခဲ့ရသည်။ အမေမသေခင်ထိ ဝမ်းဝအောင် ငမိုးကျွေးနိုင်ခဲ့သည်။ ငမိုးအမေကိုပါ ဆေးကုပေးသည့် ဦးရဲလင်းသည် ငမိုးအတွက် လူစွမ်းကောင်းကြီးဖြစ်ခဲ့သည်။ ဦးရဲလင်းနှင့် ငမိုးတွေ့ခဲ့ရသည့်အဖြစ်ကလည်း မထူးဆန်းခဲ့ပေမဲ့ ဆန်းပြားနေခဲ့သည်။

ထိုနေ့ညက. . . ။

(၄)

"သားရေ ဦးကိုကူပါအုံး"

ငမိုးပခုံးကိုကိုင်လှုပ်ရင်း ပြောလာသည့်ဦးလေး။ ထိုနေ့က ငမိုးထိုင်နေသည့်နေရာက ဦးရဲလင်းတို့အိမ်ရှေ့မှာပင်ဖြစ်သည်။

"ဟော့ သားလေး ဦး အမေက အတက်ရောဂါရှိတယ်ကွ။ အခု ရုတ်တရက်ကြီး သတိမေ့သွားလို့ ဆေးရုံပို့ရမှာ သားအကူအညီလိုနေလို့ပါ။ ဝိုင်းကူပြီး ကားပေါ်တင်ပေးပါအုံး"

ဝဖိုင့်ဖိုင့်မိန်းမကြီးကို အမေဟု တတွတ်တွတ်ခေါ်ရင်း ကားပေါ်တင်ရန် ကြိုးစားနေသည့်ဦးရဲလင်းကို ကူညီပေးခဲ့ရသည်။ ဆေးရုံရောက်သည်ထိ ငမိုးလုပ်ပေးတတ်သည့်အရာအားလုံးလိုက်လုပ်ပေးသည်။ စိတ်ချရပြီဆိုမှ ငမိုးအနားရသည်။ ငမိုးကို အိမ်ပြန်လိုက်ပို့ပေးမယ်ဟုပြောရင်း ဆာနေသည့်အဖြစ်ကို ဦးရဲလင်းရိပ်မိသွားသည်။ ဦးရဲလင်းကျွေးသည့် ညစာထမင်းတို့ကို

စာမျက်နှာ ၂၇သို့ ➤

# ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၁၁၆၁၃ ဧက စိုက်ပျိုးပြီးစီး



**ရွှေဘို နိုဝင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၁၁၆၁၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၈၂၆၀၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲမျိုးစုံ ၁၁၁၆၁၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ဆောင်းကာလ ရွှေဘိုခရိုင်အတွင်းမှာ ပဲမျိုးစုံဧက ၁၈၀၀၀၀ ကျော်စိုက်ဖို့ လျာထားပါတယ်။ ကနေ့ထိ ၁၀၀၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ရွှေဘိုခရိုင်မှာက ပဲမျိုးစုံစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်တဲ့အနေအထားမှာရှိပါတယ်။ ဒီနှစ်လဲ ပဲမျိုးစုံကလျာထားချက်ပြည့်မီအောင် ဆောင်ရွက်နေပါတယ်။ ဒီနှစ်ဆိုရင် ရာသီဥတုကောင်းမွန်တဲ့အတွက် လျာထားချက်ထက်ကျော်လွန်စိုက်ပျိုးနိုင်မဲ့ အနေအထားရှိပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် ပဲမျိုးစုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲတီစိမ်း ၁၀၀၂၁ ဧက၊ ပဲလွမ်း ၁၅၄၇ ဧက၊ စွန်တာပြာ ၁၈၁၈၃ ဧက၊ ထောပတ်ပဲဧက ၂၈၀၀၊ မတ်ပဲ ၁၀၃၀၁ ဧက၊ ကုလားပဲ ၁၇၉၉၄ ဧက၊ စားတော်ပဲ ၅၅ ဧက၊ စွန်တာနီ ၁၄၃၃ ဧက၊ ပဲကြီး ၁၄၉၂ ဧက၊ ပဲကျား ၄၀၁၅ ဧက၊ ပဲဖြူလေးဧက ၂၂၀၊ အခြားပဲ ၄၃၅၂ ဧကတို့ဖြစ်ကြောင်း၊ မြို့နယ်အနေဖြင့် ရွှေဘိုမြို့နယ်တွင် ၈၈၃၁ ဧက၊ ဝက်လက်မြို့နယ်တွင် ၆၁၃၉၇ ဧက၊ ခင်ဦးမြို့နယ်တွင် ၄၁၃၈၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်အတွင်း ယခုနှစ် ပဲမျိုးစုံစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# တောင်တွင်းကြီးမြို့နယ် ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**တောင်တွင်းကြီး နိုဝင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်တွင်းကြီးမြို့နယ် ပန်းတောကြီးကျေးရွာနှင့်သပြေပင်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီး၊ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခုတ်မွန်းလျန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ပန်းတောကြီးကျေးရွာနှင့် သပြေပင်ကျေးရွာတို့၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲရေး ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။



ပန်းတောကြီးကျေးရွာ၌ ကျေးရွာတွင်းလမ်းအရှည် ၅၄၂ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ သပြေပင်ကျေးရွာ၌ ကျေးရွာတွင်းလမ်းအရှည် ၅၄၂ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ်သိန်း ၁၁၀စီဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာပထမပတ်က ဆောင်ရွက်ခဲ့ရာ ယခုအခါရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သူသူ**

➤ **စာမျက်နှာ ၂၆မှအဆက်**

စားရင်း ငမိုးအတွက်လိုရာသုံးဖို့ဆိုကာ ပိုက်ဆံထည့်ပေးသည်။ ငမိုးအရဲစွန့်ကာ အလုပ်တောင်းတော့ ဦးရဲလင်းမျက်နှာသည် တအံ့တသြ။ အိမ်အကြောင်းများပြောပြတော့ အိမ်အရင်ပြန်ပို့မည်ဆိုကာ လိုက်ပို့ခဲ့သည်။

ငမိုးဘဝသည် ဦးရဲလင်းနှင့်တွေ့ပြီးသည့်နောက်တွင်တော့ အများကြီးပြောင်းလဲခဲ့သည်။ ကျေးဇူးရှင်ဦးရဲလင်းက သူလုပ်ကိုင်သည့်ဆန်စက်တွင် ငမိုးကို အလုပ်ပေးခဲ့သည်။ ဦးရဲလင်းကျေးဇူးကြောင့် ငမိုးတို့မိသားစုဘဝ အဆင်ပြေခဲ့သည်။ အတိတ်တို့သည် ခါးခဲ့ပေမဲ့ ငမိုးဘဝမှသည် ဘကြီးမိုးဖြစ်လာသည့်အခါ ဘဝတူကလေးငယ်များတွေ့တိုင်း အလုပ်ပေးခဲ့သည်။

ယခုတွေ့ရသောထွန်းမောင်သည် ဘကြီးမိုးငယ်စဉ်ကလို ဘဝတူကလေးပင်ဖြစ်သည်။ ငွေအနည်းငယ်ပေးသည်ကိုလက်မခံ အလုပ်ပေးပါဟုဆိုကာ ထိုက်သင့်သည့်ငွေကိုသာပေးရန်တောင်းဆိုသည်။ မိခင်ကို အလုပ်လုပ်ကျွေးလိုသော ထွန်းမောင်စိတ်ဓာတ်ကို သဘောကျမိသည်။

"ဘကြီးမိုး ဘကြီးမိုး"

အနားကပ်ကာခေါ်လိုက်သည့်အသံကြောင့် အတိတ်မှ ဘကြီးမိုး ရုန်းထွက်လိုက်မိသည်။ ထွန်းမောင်သည်ကား တစ်ကိုယ်လုံးချွေးတို့ ရွှဲစိုလျက်။

"သား အလုပ်ပြီးပြီ ဘကြီးမိုး"

ဘကြီးမိုး ထွန်းမောင်ကို ထမင်းကျွေးပြီး ထွန်းမောင်တို့အိမ်လိုက်သွားကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

(၅)

ထွန်းမောင်တို့အိမ် ဘကြီးမိုးရောက်တော့ ထွန်းမောင်အမေသည် ချောင်းတဟွတ်ဟွတ်နှင့်။ ဘကြီးမိုး ထွန်းမောင်အမေကို ဆေးရုံပို့ပေးခဲ့သည်။ လိုအပ်သည့်ဆေးကုသစရိတ်တို့ကို စိုက်ထုတ်ရှင်းပေးတော့ ထွန်းမောင် ဘကြီးမိုးကို ရှိခိုးကန်တော့လေသည်။

"သားအမေကို ဆေးကုသပေးလို့ သား အပျော်ကြီးပျော်ရပါပြီ ဘကြီးမိုး"

ဆေးကုသစရိတ်ကိုတော့ ထွန်းမောင် အလုပ်လုပ်ပြီး အဆင်ပြေချိန်မှဆပ်ပါဟုသာဆိုသည်။ ထို့ပြင် ထွန်းမောင်ကို ဘကြီးမိုးလုပ်ငန်းမှာ အလုပ်ပေးထားလိုက်သည်။ ဝမ်းတစ်ထွာအတွက် ပြည့်အောင်မဖြည့်တင်းနိုင်သည့် ထွန်းမောင်တို့လို ကလေးများအတွက် ဘကြီးမိုး ကြိုးစားရဦးမည်ပင်။

"အမေ ဘကြီးမိုးက သားတို့ကို စက်ရုံတန်းလျားမှာ နေစရာပေးပြီ အမေရဲ့။ သားလဲ အလုပ်ရပြီ။ အမေ့အတွက် ဆေးဖိုးတွေလဲ မပူရတော့ဘူးအမေ"

ဘကြီးမိုးသည် ထွန်းမောင်တို့သားအမိကိုကြည့်ရင်း နှလုံးသားမေတ္တာစိမ့်စမ်းမှ ပီတိမျက်ရည်တို့သည် မျက်ဝန်းတွင် တွဲလဲခိုကျလျက်။

## လောကဓံတိုက်ပွဲ ရင်ဆိုင်နွှဲ

\- ကျောက်တောင်လို မာကျောမှုနဲ့
ခုခံပြု လောကဓံ
ပြင်းထန်စေပြန်၊
ထန်ကာထန်
အာခံကာ ရင်ဆိုင်ရင်း၊
မုန်တိုင်းတွေ ဘယ်လိုများစေတော့
ကျောက်သားလိုမင်း။

\- မတုန်ကာ မလှုပ်ခြင်းနဲ့
ဇွဲစိတ်တင်း မာန်ကိုချီ
တောင့်ခံရမည်၊
တည်လာတည်
တွန်းလှဲပြီ ဘယ်လိုတိုက်၊
မပြိုကာ အခြေခိုင်သွားဖို့
ကြိုးစားနေလိုက်။

\- ရည်ရွယ်ရာ တစိုက်စိုက်
ခက်ခဲခိုက် ဦးတည်ရာ
မပျောက်ပျက်စွာ၊
ရှာကာရှာ
ရည်မှန်းတာ ဖြစ်ဖို့တွက်၊
တောင်ကြီးရင် ဖဝါးအောက်လေ
အရောက်သာဆက်။

\- ဝင်လာပြီ အဘက်ဘက်က
အခက်ခဲ အစုံလေ
စိတ်မနွမ်းစေ၊
နေကာနေ
ဗေဒါရွှေ မူကိုထား၊
လေထန်ထန် လှိုင်းတွေကြီးလည်း
ခရီးနှင်သွား။ ။

**မြင့်မိုရ်လင်း(ချောင်းဆုံ)**

# ဆွမ်ပရာဘွမ်မြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံလက်သမားသင်တန်းဆင်း

**ဆွမ်ပရာဘွမ် နိုဝင်ဘာ ၂၉**

ကချင်ပြည်နယ် ပူတာအိုခရိုင် ဆွမ်ပရာဘွမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံလက်သမားသင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီက အဆိုပါဦးစီးဌာနခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆွမ်ပရာဘွမ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် ဆွမ်ပရာဘွမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်ဦးနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ အခြေခံလက်သမားသင်တန်းသို့ ဆွမ်ပရာဘွမ်မြို့နယ်အတွင်းရှိ ကျေးရွာလေးရွာမှ သင်တန်းသား ၁၅ ဦးတက်ရောက်ခဲ့ကြောင်း၊ သင်တန်းတွင် သင်တန်းဆရာများက လက်သမားအတတ်ပညာများကို နိုဝင်ဘာ ၁၄ ရက်မှ နိုဝင်ဘာ ၂၈ ရက်ထိ ၁၅ ရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့ဖွင့်လှစ်သင်ကြားပို့ချခဲ့ကြောင်း ဆွမ်ပရာဘွမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်ဦးကပြောပြချက်အရ သိရသည်။ **ရှစ်ဦးကို**

# ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် အကျိုးတူလယ်ယာမြေစနစ်ဖြင့် နွေစပါး ၃၃၇၉၄ ဧက စိုက်ပျိုးသွားမည်



**ရန်ကုန် နိုဝင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် တောင်သူများနှင့် စိုက်ပျိုးရေးကုမ္ပဏီများ အကျိုးတူပူးပေါင်းကာ အကျိုးတူ လယ်ယာမြေစနစ်ဖြင့် နွေစပါး ၃၃၇၉၄ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးသိန်းက ပြောပြ၍ သိရသည်။

ထိုသို့ အကျိုးတူလယ်ယာမြေစနစ် အကောင်အထည်ဖော်ရာတွင် အကျိုးတူ လယ်ယာမြေစနစ်အရ စိုက်ပျိုးရေးကုမ္ပဏီက တောင်သူများလိုအပ်သည့် သွင်းအားစုများအတွက် တစ်ဧကလျှင် ငွေကျပ် နှစ်သိန်း ပံ့ပိုးပေးသွားမည်ဖြစ်ပြီး နွေစပါးရိတ်သိမ်းချိန်တွင် ကာလပေါက်ဈေးအတိုင်း ဝယ်ယူပေးမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိ စိုက်ပျိုးရေးကုမ္ပဏီကိုးခုက တိုက်ကြီးမြို့နယ်အတွင်း ကျေးရွာပေါင်း ၃၈ ရွာက တောင်သူ ၅၀၀၀ ကျော်နဲ့ အကျိုးတူ လယ်ယာမြေစနစ် ဖော်ဆောင်မှာဖြစ်ပါတယ်။ နွေစပါး ၃၃၇၉၄ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ပြီးခဲ့တဲ့ မိုးစပါးရာသီတုန်းကလဲ အကျိုးတူ လယ်ယာမြေစနစ်နဲ့ Yangon Agri Food Co.,Ltd အပါအဝင် ကုမ္ပဏီသုံးခုက ဧက ၄၀၀၀ ကျော် အကောင်အထည် ဖော်နိုင်ခဲ့ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးသိန်းက ပြောပြသည်။

အကျိုးတူလယ်ယာမြေစနစ်တွင် လုပ်ငန်းစဉ်အရ အကျိုးတူလယ်မြေယာစနစ်ဆောင်ရွက်မည့် တောင်သူအစုအဖွဲ့၊ သွင်းအားစုထည့်သွင်းမည့် စိုက်ပျိုးရေးကုမ္ပဏီများ၊ ဆန်စပါးပြည်ပတင်ပို့သည့်ကုမ္ပဏီများ သုံးဦးသုံးဖလှယ် စာချုပ်ချုပ်ဆိုကာ အကောင်အထည်ဖော် ဆောင်ရွက်ကြခြင်းဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာနတို့ကလည်း အသိသက်သေအဖြစ် ပါဝင်လက်မှတ်ရေးထိုး ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ASH

# မင်းပြားမြို့နယ် ခွဆုံကျေးရွာ၌ မြေသားရေကန် ခြံစည်းရိုးကာရံခြင်း စစ်ဆေး

**မြောက်ဦး နိုဝင်ဘာ ၂၉**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ခွဆုံကျေးရွာ၌ မြေသားရေကန်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်၊ မင်းပြားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းနှင့် ခရိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ခွဆုံကျေးရွာ၌ မြေသားရေကန်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်နေသော Winner Star ကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ ရှင်းလင်းတင်ပြမှုအပေါ် ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်က သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

မင်းပြားမြို့နယ် ခွဆုံကျေးရွာ၌ မြေသားရေကန် ခြံစည်းရိုးကာရံခြင်း အရှည်ပေ ၆၀၀ ကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၄ ဒသမ ၂ သန်းဖြင့် Winner Star ကုမ္ပဏီက စက်တင်ဘာစတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၄၇ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်က ပြောပြ၍ သိရသည်။

**ကိုသန်း**

# နောင်ချိုမြို့နယ် မျက်ချင်းနုကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**နောင်ချို နိုဝင်ဘာ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နောင်ချိုမြို့နယ် မျက်ချင်းနုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်းနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်း ကော်မတီဝင်များနှင့်အတူ နောင်ချိုမြို့နယ် မျက်ချင်းနုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။



မျက်ချင်းနုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် Box Culvert နှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၅၅ ဒသမ ၈၆သန်းဖြင့် တင်ဒါအောင်မြင်သည့် ကဘော်ရွှေမြေ ကုမ္ပဏီက ဇူလိုင်လ စတုတ္ထပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်မှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၁၆၅ အိမ်၊ လူ ၆၁၈ ဦးတို့၏ စိုက်ပျိုးမြေဧက ၂၅၀ အကျိုးပြုနိုင်မည်ဖြစ်ပြီး အဆိုပါစိုက်ပျိုးမြေဧကများမှထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည် ဖြစ်ကြောင်း ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်းထံမှ သိရသည်။

**နီလာ**

# မိုင်းဖြတ်မြို့နယ် ဆားလို့မိုင်-ဟာကြားမုတိ ကုန်ထုတ်လမ်းဖောက်လုပ်မှု ကွင်းဆင်းစစ်ဆေး

**မိုင်းဖြတ် နိုဝင်ဘာ ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆားလို့မိုင်-ဟာကြားမုတိကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုများကို နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ကျေးရွာ လမ်းကော်မတီဝင်များနှင့်အတူ ဆားလို့မိုင်-ဟာကြားမုတိကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုများကို ကွင်းဆင်းစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်သော Hero Family ကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းတင်ပြမှုအပေါ် မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က သတ်မှတ်စံချိန် စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မိုင်းဖြတ်မြို့နယ်အတွင်း ဆားလို့မိုင်-ဟာကြားမုတိကျေးရွာ၌ အရှည်နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့်တစ်ပေ ကိုးလက်မရှိ ကျောက်ရောမြေခင်းခြင်း၊ ကုန်ထုတ်တံတားတစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၉၆ ဒသမ ၉၂ သန်းဖြင့် Hero Family ကုမ္ပဏီက စက်တင်ဘာ တတိယပတ်မှ စတင်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၈ ရက်ထိ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်ထံမှ သိရသည်။

**ခင်မာ**



# ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ဧက ၂၀၀ စိုက်ပျိုးလျက်ရှိ

**ငပုတော နိုဝင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ငရုတ် ဧက ၂၀၀ စိုက်ပျိုးလျက်ရှိကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းငရုတ်ဧက ၂၀၀ ကို နိုဝင်ဘာလ တတိယပတ်က စတင်စိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါ စိုက်ပျိုးလျက်ရှိသည့် ငရုတ်သည် မိုးမျှော်ငရုတ် အမျိုးအစားများဖြစ်ပြီး စတင်စိုက်ပျိုးသည့်ရက်မှ သုံးလအတွင်း ပြန်လည် ခူးဆွတ်ရောင်းချနိုင်မည်ဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဟိုင်းကြီးကျွန်းမြို့အနေနဲ့ ငရုတ် ဧက ၂၀၀ စိုက်ပျိုးလျက်ရှိပါတယ်။ အခုနှစ် တောင်သူအများစုက ကာလတိုအတွင်း ပြန်လည်ခူးဆွတ် ရောင်းချနိုင်မဲ့ ငရုတ်အမျိုးအစားတွေကို အများဆုံးစိုက်ပျိုးတာပါ။ ငရုတ်အပါအဝင် ဆောင်းသီးနှံတွေ စနစ်တကျ စိုက်ပျိုးနိုင်ဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ အထွက်နှုန်းကောင်းဖို့အတွက် ဒေသခံတောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်တဲ့ တောင်သူပညာပေးလုပ်ငန်းတွေကို ကူညီပံ့ပိုးပေးနေပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကျေးရွာ ၁၇ ရွာမှ ဒေသခံတောင်သူ ၁၅၂ ဦးက ဆောင်းငရုတ်များကို အများဆုံး စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၂ ခုနှစ် နိုဝင်ဘာလ (၁၈)ရက်နေ့တွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ **မန္တလေးမြို့တော်ဝန်ဦးကျော်ဆန်း** အား **"သီရိပျံချီ"** ဂုဏ်ထူးဆောင်ဘွဲ့ဖြင့် ချီးမြှင့်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၂ ခုနှစ်တွင် **"အလင်္ကာကျော်စွာ"**ဘွဲ့နှင့်၂၀၂၁ ခုနှစ်အတွက် **"အမျိုးသားစာပေတစ်သက်တာဆု"** များအား **စည်သူတက္ကသိုလ်မြတ်သူ** အား ချီးမြှင့်ခဲ့သည်။

ထိုဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ခံရသည့်အတွက် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ကျန်းမာချမ်းသာစွာဖြင့် တိုင်းကျိုးပြည်ကျိုးများ ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးကျော်ရင်**
**(မြင်းခြံကျော်အောင်)**
**သက်ကြီးစာပေပညာရှင်**



## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ တမာကုန်းရပ်နေ ဒေါ်ခင်မမ တယ်လီဖုန်းအမှတ် ၀၂-၄၀၇၀၁၁၀၊ ၀၂-၄၀၅၉၈၂၃၊ ၀၂-၄၀၅၉၈၂၄ တို့၏ စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် မြန်မာ့ဆက်သွယ်ရေးရုံးတွင် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်မမ(၉/အမရ(နိုင်)၀၆၁၃၀၈)**
**တမာကုန်းရပ်၊ အိုးတော်ရပ်ကွက်၊ အမရပူရမြို့။**



**ပျောက်ဆုံးကြောင်း**
လေးမျက်နှာမြို့နယ်နေ ဒေါ်နုနုခိုင် (ဘ) ဦးနေဝင်း (၁၄/လမန(နိုင်)၁၈၉၅၁၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၀၅၇၁၅၂၅



**ပျောက်ဆုံးကြောင်း**
ကျုံပျော်မြို့နေ မွေ့မိုး (ဘ) ဦးမောင်နိုး (၁၄/ကပန(နိုင်)၂၅၉၁၆၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၄၇၂၃၅၇



**ပျောက်ဆုံးကြောင်း**
ပျော်ဘွယ်မြို့နေ မတင်တင်ထွေး (ဘ) ဦးကျော်ထွေး (၉/ပဘန(နိုင်)၁၈၃၂၀၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၆၉၆၁၉၈၂၈



**ပျောက်ဆုံးကြောင်း**
ဝါးခယ်မမြို့နေ ကျော်ပိုင်လင်း (ဘ) ဦးတင်ဟန် (၁၄/ဝခမ(နိုင်)၂၁၄၉၈၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၂၄၈၀၇၃၅



**ပျောက်ဆုံးကြောင်း**
လေးမျက်နှာမြို့နေ ဇော်ဝင်းထွေး (ဘ) ဦးနေဝင်း (၁၄/လမန(နိုင်)၁၂၈၉၀၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၀၅၇၁၅၂၅



## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ မဟာမြိုင်(၂)ရပ်ကွက်၊ လမ်း၆၀(B)၊ ၄၂/၄၃လမ်းနေ ကျွန်မ ဒေါ်တင်ကြည်၏သမီးဖြစ်သူ **မနိုင်ဝေမွန်(ခ)ဂျူးဂျူး (၉/မရမ(နိုင်)၀၈၂၉၆၄)**သည် မိဘနှင့် အစ်ကို၊အစ်မများ တားမြစ်ဆိုဆုံးမမှုများကို မနာခံဘဲ လူမှုရေးဖောက်ပြန်မှု၊ ငွေကြေးလိမ်လည်ချေးငှားပေါင်နှံမှုများကို ကြိမ်ဖန်များစွာ မိသားစုမသိအောင် ပြုလုပ်ထားပါသဖြင့် သူမအား သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*
**ဒေါ်တင်ကြည်(၉/မရမ(နိုင်)၀၂၀၆၆၂)**



## ဝန်ထမ်းအလိုရှိသည်

- **ယာဉ်မောင်း (ကျား) (၂)ဦး**
- အသက် (၂၅)နှစ် မှ (၃၀)နှစ်အတွင်း
- လိုင်စင်ရှိရမည်။
- **လုံခြုံရေး (ကျား) (၂)ဦး**
- အသက် (၄၀)နှစ်မှ (၄၅)နှစ်အတွင်း
- အဆောင်နေနိုင်သူဖြစ်ရမည်။
- ဆက်သွယ်ရန်ဖုန်း/ 09-401303014



## စားသောက်ဆိုင်အတွက် ဝန်ထမ်း(မ)အလိုရှိသည်

**-အသက် (၁၆)နှစ် မှ (၂၅)နှစ်အတွင်း**
**-အိမ်ထောင်မရှိသူ/ ရေရှည်လုပ်ကိုင်နိုင်သူ**
**-မီးဖိုချောင်နှင့် ရင်းနှီးသူ/ နေစားစရိတ်ငြိမ်း**
**-ဖုန်း** 09-979041072 , 09-789320089



**စာပေမြင့်မှ လူမျိုးတင့်မည်**



ကြက်သွန်မြိတ်နှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

**ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်**


# ရန်ကုန်တိုင်းဒေသကြီးရှိ YBS ယာဉ်များတွင် CCTV ကင်မရာများ တပ်ဆင်ပြီး ရထားနှင့်ယာဉ်အားလုံးတွင် ကြော်ငြာ၊ Sticker နှင့် ဆေးရောင်ခြယ်ခြင်းများ ဖျက်သိမ်းမည်



**ရန်ကုန် နိုဝင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသည့်ခရီးသည်တင် YBS ယာဉ်လိုင်းများမှ ယာဉ်အားလုံးတွင် CCTV ကင်မရာများတပ်ဆင်သွားမည်ဖြစ်ပြီး ရထားနှင့် ယာဉ်အားလုံးတွင် ကြော်ငြာအပါအဝင် Sticker များနှင့် ဆေးရောင်ခြယ်ခြင်းများကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ဖျက်သိမ်းသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးကျော်သူက ပြောပြ၍ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မတော်တဆမှုများ၊ စည်းကမ်းပျက် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များကို စစ်ဆေးဖမ်းဆီး၍ အရေးယူမှုများရှိသော်လည်း မကြာခဏ စည်းကမ်းဖောက်ဖျက်မှုများ တွေ့ရှိရကြောင်း၊ YBS ယာဉ်များပေါ်တွင်လည်း ခါးပိုက်နှိုက်မှုအပါအဝင် မှုခင်းဖြစ်ရပ်များ ဖြစ်ပွားနေမှုများကြောင့် YBS ယာဉ်များပေါ်တွင် CCTV ကင်မရာများ တပ်ဆင်သွားရန်၊ ရထားနှင့် ယာဉ်အားလုံးတွင် ကြော်ငြာအပါအဝင် Sticker များနှင့် ဆေးရောင်ခြယ်ခြင်းများကို ဖျက်သိမ်းသွားရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

"စည်းကမ်းမဲ့ယာဉ်အများစုက Sticker တွေ ကပ်ထားတာတွေ၊ ဆေးရောင်စုံ ခြယ်ထားတာတွေ တွေ့ရတယ်။ ကြော်ငြာတွေကပ်ထားတဲ့ ယာဉ်အများစုကလဲ ကြော်ငြာရှင်တွေက ကြော်ငြာမထည့်တော့ပေမဲ့ ကြော်ငြာတွေဆက်ပြီး ကပ်ထားတာတွေလဲ ဖြုတ်သိမ်းဖို့ စီစဉ်နေပါတယ်။ အဲဒါရထားလဲပါမယ်။ BUS တွေလဲပါမယ်။ YBS ယာဉ်တွေကတော့ CCTV မဖြစ်မနေ တပ်ဆင်ရမယ်။ အခုက ခါးပိုက်နှိုက်မှုတွေ အဖြစ်များနေသလို ကားပေါ်မှာ ခရီးသည်အချင်းချင်း ခိုက်ရန်ဖြစ်ပွားတာတွေလဲရှိတယ်။ ထူးခြားဖြစ်စဉ်အဖြစ်များတဲ့ နေရာတွေမှာ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့တွေနဲ့လဲ ရှောင်တခင်စစ်ဆေးသွားမှာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးကျော်သူက ပြောပြသည်။

လတ်တလောတွင် YBS ယာဉ်များပေါ်၌ ခါးပိုက်နှိုက်မှုများဖြစ်ပွားလျက်ရှိပြီး အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်၍ ထိထိရောက်ရောက် အရေးယူဆောင်ရွက်မှုများလုပ်ဆောင်ရန် စီစဉ်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးကျော်သူက ဆက်လက်ပြောပြ၍ သိရသည်။

ASH

# သာယာဝတီမြို့နယ် ချမ်းသာကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**သာယာဝတီ နိုဝင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ချမ်းသာကုန်းကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လေးလေးလွင်၊ သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ချမ်းသာကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ချမ်းသာကုန်းကျေးရွာ၌ ကျေးလက် ကုန်ထုတ်လမ်းအရှည်ပေ ၄၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ ဂဝံမြေလမ်း ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၀ ဒသမ ၁၂ သန်းဖြင့် တင်ဒါအောင်မြင်သည့် မေသက်နွယ်ကုမ္ပဏီက ဩဂုတ်လပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၈ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ချမ်းသာကုန်းကျေးရွာမှထွက်ရှိလာသော လယ်ယာထုတ်ကုန်၊ ထွက်ကုန်များကို ကုန်ကျစရိတ် သက်သာစွာဖြင့် ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်က ပြောပြ၍ သိရသည်။

**သုတ**








## ကုန်အမှတ်တံဆိပ်အမည်၊ အမှတ်အသားအား တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ နယ်မြေ(၃)၊ ပိုးတန်းရပ်ကွက်၊ မြို့မဈေးအနီးတွင် နေထိုင်သူ ဒေါ်မိမိလှိုင် (ဘ) ဦးကျော်လှိုင် (၅/စကန(နိုင်)၀၂၆၅၅၈)သည် ဖော်ပြပါလုပ်ငန်းအမှတ်တံဆိပ်ကို စစ်ကိုင်းမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး ၌ မိမိတစ်ဦးတည်းပိုင် လုပ်ငန်းအမှတ်တံဆိပ်အဖြစ်သုံးစွဲရန် (၁၈-၁၁-၂၀၂၂)ရက်နေ့တွင် စာချုပ်မှတ်ပုံတင်အမှတ်- ၁၃၂/၂၀၂၂ အရ မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်-

SHWE THINN Co.,Ltd.
အိမ်၊ခြံ၊မြေ အကျိုးဆောင်ကုမ္ပဏီ

(မှတ်ပုံတင်အမှတ်-၁၃၂/၂၀၂၂)

အထက်ဖော်ပြပါလုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် အိမ်၊ ခြံ၊ မြေအကျိုးဆောင်လုပ်ငန်းများအတွက် လက်ကမ်းစာစောင်များ၊ ကြော်ငြာများတွင်လည်းကောင်း၊ စာရွက်စာတမ်း၊ ဆိုင်းဘုတ်၊ ဘလောက်၊ တံဆိပ်တုံး၊ ငွေပြေစာဖြတ်ပိုင်း၊ ရုပ်ရှင်ဆလိုက်ကြော်ငြာများနှင့် ရုပ်မြင်သံကြားကြော်ငြာ၊ အင်တာနက်ဝက်ဆိုက်များ၌ ကြော်ငြာခြင်းဖြင့် လည်းကောင်း၊ F.M အသံလွှင့်များ၊ ရုပ်မြင်သံကြားအစီအစဉ်၊ နံရံကပ်ကြော်ငြာများ၊ ရုပ်ရှင်ရုံများ စသည့် အများပြည်သူ နှင့်သက်ဆိုင်သော နေရာအားလုံးတို့တွင် သုံးစွဲသွားမည်ဖြစ်ပြီး ဖော်ပြပါတံဆိပ်အမည်အမှတ်အသားကို ရိုက်နှိပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝှမ်းလုံးတွင် လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုမ္ပဏီအမှတ်တံဆိပ်အမည်အမှတ်အသားကို ကြေညာသူ၏ ခွင့်ပြုမိန့်တစ်စုံတစ်ရာမရရှိဘဲ တုပ၍သော်လည်းကောင်း၊ ပုံသဏ္ဍာန်တူအောင်ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေ၊ ရှေ့နောက်စာလုံးတို့၍ဖြစ်စေ၊ အတုအပပြုလုပ်သုံးစွဲနေကြောင်းတွေ့ရှိပါက တရားဥပဒေအရ တံဆိပ်များကို ပယ်ဖျက်နိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ မည်သည့်တရားရုံးများတွင်မဆို တရားမကြောင်းဖြင့်ဖြစ်စေ၊ ရာဇဝတ်ကြောင်းဖြင့်ဖြစ်စေ၊ တရားဥပဒေဘောင်အတွင်းမှ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ထက်** LL.B၊ **အထက်တန်းရှေ့နေ(စဉ်-၅၁၀၅၇)**
**နယ်မြေ(၃)၊ ပိုးတန်းရပ်ကွက်၊ စစ်ကိုင်းမြို့။** Ph: 09-778833045 , 09-678566662

**ပျောက်ဆုံးကြောင်း**
မြင်းခြံမြို့နယ်နေ ထက်ထက်လင်း (ဘ) ဦးကျော်ဝင်း (၉/မခန(နိုင်)၂၅၇၉၄၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၅၇၀၁၈၂၅၃

**ပျောက်ဆုံးကြောင်း**
လေးမျက်နှာမြို့နေ အောင်ဝင်းနိုင် (ဘ) ဦးမြင့်ဦး (၁၄/လမန(နိုင်)၀၈၁၂၀၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၈၇၀၀၇၇၆

**ပျောက်ဆုံးကြောင်း**
ဟသာတမြို့နေ ဇော်လင်းထွဋ်(ဘ) ဦးကျော်ကြီး (၁၄/ဟသတ(နိုင်)၂၆၂၈၃၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၀၂၂၃၆၄၇

**ပျောက်ဆုံးကြောင်း**
ပုသိမ်မြို့နေ အောင်ကိုကိုနိုင်(ဘ) ဦးမျိုးဇော်နိုင် (၁၄/ပသန(နိုင်)၃၁၃၀၇၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၇၅၁၅၃၆၆

**ပျောက်ဆုံးကြောင်း**
ဒေးဒရဲမြို့နေ နှင်းအဥ္ဇလီလှိုင် (ဘ) တန်တိတ်ကြည်(ခ)ဦးဌေး(၁၄/လကန(နိုင်)၂၂၂၃၈၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၄၄၂၉၆၃၄

**ပျောက်ဆုံးကြောင်း**
ဟိုင်းကြီးကျွန်းမြို့နေ ရည်မွန်အောင် (ဘ) ဦးအောင်ဝင်း (၁၄/ဟကက(နိုင်)၀၁၂၀၀၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၂၄၃၃၃၇၄

**ပျောက်ဆုံးကြောင်း**
ဟသာတမြို့နေ မဇင်မာဦး (ဘ) ဦးကြည်ဝင်း (၁၄/ဟသတ(နိုင်)၃၀၁၉၃၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၆၆၈၅၈၅၁၁

**ပျောက်ဆုံးကြောင်း**
ညောင်တုန်းမြို့နေ တင်မိုးဝင်း(ဘ) ဦးရန်နိုင်စိုး (၁၄/ညတန(နိုင်)၂၄၆၁၈၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၂၄၃၃၃၇၄

# ဝန်ထမ်းအလိုရှိသည်

**(၁) အရောင်းဝန်ထမ်း အမျိုးသမီး ( ၅ ) ဦး**

**(၂) စာရင်းကိုင် အမျိုးသမီး ( ၂ ) ဦး**

အမှတ်စဉ်(၁) ဘွဲ့ရပြီးဖြစ်ရမည်၊ အသက်(၂၅)နှစ်အောက် အိမ်ထောင်မရှိသူ ဖြစ်ရမည်၊ ပြုံးရွှင်ချိုသာမှုဖြင့် စိတ်သဘောထားပြည့်ဝစွာ ဆက်ဆံနိုင်သူ ဖြစ်ရမည်၊ အရောင်းမြှင့်တင်ရေးတွင် စိတ်ရှည် သွက်လက် ချက်ချာပြီး စိတ်ပါဝင်စားစွာ လုပ်ကိုင်နိုင်သူ ဖြစ်ရမည်၊ အကျင့်စာရိတ္တ အထူး ကောင်းမွန်ရမည်၊ မိမိတာဝန် မိမိကျေပွန်စွာ အပြည့်အဝ တာဝန်ယူနိုင်သူဖြစ်ရမည်၊ မိဘနှင့် စိတ်ချရသော ထောက်ခံမှုရှိသူကို ဦးစားပေးမည်၊ ရုပ်ရည်ချောမောပြေပြစ်ရမည်၊ အဆောင်နေထိုင်သူများ လျှောက်ထားရန်မလိုပါ။

အမှတ်စဉ်(၂) ဘွဲ့ရပြီး အသက်(၂၅)နှစ်အောက် အိမ်ထောင်မရှိသူ ဖြစ်ရမည်၊ LCCI LevelI, II & III အောင်မြင်ပြီးသူဖြစ်ရမည်၊ ပြုံးရွှင်ချိုသာစွာဆက်ဆံ၍ လူမှုဆက်ဆံရေး အထူးကောင်းရမည်၊ ရုပ်ရည် ချောမောပြေပြစ်ရမည်၊ အရောင်းဝယ်နှင့်ပတ်သက်၍ စိတ်ရှည်သွက်လက်ချက်ချာပြီး စိတ်ပါဝင်စားသူဖြစ်ရမည်၊ အကျင့်စာရိတ္တအထူးကောင်းမွန်ရမည်၊ မိဘနှင့်စိတ်ချရသော ထောက်ခံမှုရှိသူကို ဦးစားပေးမည်၊ တွန့်ပျှတော ကျွမ်းကျင်သူကို ဦးစားပေးမည်၊အဆောင်နေထိုင်သူများ လျှောက်ထားရန်မလိုပါ။

မှတ်ချက်။ လျှောက်ထားသူများသည် ကိုယ်တစ်ပိုင်းဓါတ်ပုံ၊ အိမ်ထောင်စုဦးရေစာရင်း၊ မှတ်ပုံတင်မိတ္တူ၊ လုပ်ငန်းအတွေ့အကြုံထောက်ခံစာ၊ ရဲစခန်းနှင့်ရပ်ကွက် ထောက်ခံစာ၊ မိဘနှင့်သက်ဆိုင်ရာ ထောက်ခံစာ၊ လျှောက်ထားလိုသော လုပ်ငန်းအတွက် လျှောက်လွှာတို့နှင့်အတူအလုပ်အားအမှန်တကယ်လုပ်ကိုင်လိုသူများလျှောက်ထားရန်။ (၂၀.၁၂.၂၀၂၂) နေ့ နောက်ဆုံး ရုံးချိန်အတွင်း လာရောက်လျှောက်ထားရန်။

အမှတ် - 249၊ 26-B လမ်း၊ 82nd x 83rd လမ်းကြား၊ တော်ဝင် စိန်တိုက်၊ မန္တလေးမြို့။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

ဖက်ဒရယ်ဆိုတာ မတူကွဲပြားနေတဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေ၊ လူမျိုးတွေ၊ လူမျိုးစုတွေကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့ အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်ပါတယ်။ တိုင်းရင်းသားပါတီများအပါအဝင် နိုင်ငံရေးပါတီများဟာ ၎င်းတို့ကို ထောက်ခံတဲ့ ပြည်သူလူထုကို ကိုယ်စားပြုတဲ့သူတွေဖြစ်ပါတယ်။ ဒါ့ကြောင့် မတူကွဲပြားတဲ့ ကိုယ်စားပြုမှုတွေရှိပြီး ပါတီတွေ၊ တိုင်းရင်းသားလူမျိုးစုတွေကို ကျယ်ကျယ်ပြန့်ပြန့်ကိုယ်စားပြုနိုင်ဖို့အတွက် အချိုးကျကိုယ်စားပြုစနစ်(PR)ကို ကျင့်သုံးနိုင်ရေး ဆောင်ရွက်နေပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၇) နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# ဖလူး၊ ကျောက်ခက်၊ သေဘောဘိုး၊ ဝေါလေဒေသတစ်ဝိုက်နှင့် မြဝတီ-ဝေါလေ ကားလမ်းတစ်လျှောက်ရှိ ကျေးရွာများမှ ပြည်သူများ ၎င်းတို့နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်



**သေဘောဘိုးကျေးရွာနှင့် ဘလက်ဒိုကျေးရွာတို့သို့ ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများကို တာဝန်ရှိသူများက စနစ်တကျလက်ခံစဉ်။**

**နေပြည်တော် နိုဝင်ဘာ ၂၉**

ကရင်ပြည်နယ်အတွင်းရှိ ဖလူး၊ ကျောက်ခက်၊ သေဘောဘိုး၊ ဝေါလေဒေသတစ်ဝိုက်နှင့် မြဝတီ-ဝေါလေကားလမ်းတစ်လျှောက်တို့ကို KNU၊KNLA မှ အကြမ်းဖက်မှုကို လိုလားသောအဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ၂၀၂၂ ခုနှစ် မေလမှ စတင်ထိန်းချုပ်၍ အဆိုပါဒေသတစ်ဝိုက်ရှိ လူနေအိမ်များ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများအတွင်း ဝင်ရောက်နေထိုင်ကာ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသဖြင့် ဒေသခံပြည်သူများအနေဖြင့် ဘေးလွတ်ရာနေရာများသို့ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။

အဆိုပါဒေသတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၈ ရက်မှစ၍ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသတည်ငြိမ်အေးချမ်းမှု ရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်နေသည့် အပြစ်မဲ့ပြည်သူများကို ပြန်လည်နေထိုင်နိုင်ရေးအတွက် တယ်လီဖုန်းများဖြင့်လည်းကောင်း၊ အသံချဲ့စက်များဖြင့် မြန်မာဘာသာ၊ ကရင်ဘာသာစကားများဖြင့်လည်းကောင်း ပြန်လည်ဖိတ်ခေါ်ခြင်းနှင့် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးမှုများကြောင့် ထွက်ပြေးတိမ်းရှောင်သူများအနက်မှ နိုဝင်ဘာ ၂၈ ရက်နှင့်

စာမျက်နှာ ၁၆ ကော်လံ ၅ ☆

## SIM Card များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာ

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့် အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ **National Database** အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန်စွာ ဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်၊ မမှန်စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက ၃၁-၁-၂၀၂၃ ရက် နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်၊ မမှန်စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)အတွက် ***601#**၊ **Atom** အတွက် ***979*3*3#**၊ **Ooredoo** အတွက် ***666#**၊ **Mytel** အတွက် ***966#** သို့ ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ **Application** များနှင့် **Website** တို့တွင် ဆောင်ရွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ်များ (Commercial Flights)ဖြင့် မြန်မာနိုင်ငံသို့ဝင်ရောက်မည့် ခရီးသွားများအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာသတ်မှတ်ချက်များကို ဖြေလျှော့ပေးခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်

စာမျက်နှာ - ၁၉

## ဧရာဝတီတိုင်းဒေသကြီးအတွင်း ရိဘတ်စတာကော်ဖီ ဧက ၂၀၀၀၀ တိုးချဲ့စိုက်ပျိုးမည်

စာမျက်နှာ - ၁၉

ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်
သင်္ဘောကျင်းလုပ်ငန်း

ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)

ငါးမွေးမြူရေးလုပ်ငန်း(မအူပင်)

ငွေပင်လယ်လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း
ISO 9001:2015

နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို စိတ်တိုင်းကျမှာယူရရှိနိုင်ပါသည်။
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com